# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ်(၁၄၄)


# ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့ ဖလမ်းမြို့၌ ကျင်းပသည့် (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဖေဖော်ဝါရီ ၂၀ ရက်တွင်ကျရောက်သည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေးသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာ အောင်သူ၊ ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာ မြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ် တိုးရီတို့နှင့်အတူ (၆၉)နှစ် မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကျင်းပမည့် ဖလမ်းမြို့ရာပြည့်အားကစားကွင်းသို့ နံနက် ၈ နာရီတွင်ရောက်ရှိကြရာ နိုင်ငံတော်သမ္မတနှင့်ဇနီးအား ချင်းတိုင်းရင်းသား တိုင်းရင်းသူလေးများက ချင်းရိုးရာဝတ်စုံကို ဂါရဝပြု ဝတ်ဆင်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

# တိုင်းရင်းသားများ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူခြင်းဖြင့်သာ အနာဂတ်အတွက် အာမခံချက်ပေးနိုင်မည်

စာမျက်နှာ-၄




ငွေစုချင်သူများအတွက်

အထူးအစီအစဉ်

FIXED DEPOSIT FOR THREE MONTHS

10% p.a INTEREST

(၃၁-၃-၂၀၁၇)ရက်အထိ ၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ)နှင့်အထက် (၃)လတိတိအပ်နှံသူများ ခံစားခွင့်ရှိပါသည်။

AGDBANK

Asia Green Development Bank Limited.

Tel: 01-23 99 333

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ဆံတော်ရှင်ဆူးလေစေတီတော် ရွှေသားအစစ် အသစ်ပြုလုပ်ပူဇော်ရေး လက်တွေ့စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့ ဆံတော်ရှင် ဆူးလေစေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ရွှေသားအစစ်ဖြင့် အသစ်ပြုလုပ်ပူဇော်ရေးအတွက် ကိုယ်လုံးတော်ပြင်ဆင်ရေးဆပ်ကော်မတီ အစည်းအဝေးကို ယနေ့နံနက်က စေတီတော်ကျက်သရေဆောင်ခန်းမ၌ကျင်းပပြီး ဆပ်ကော်မတီဝင်များဖြစ်ကြသည့် ဦးစန်းကြူ(အင်ဂျင်နီယာ)တွဲဖက်ပါမောက္ခ၊ ဦးကျော်သူအောင် (အင်ဂျင် နီယာ)၊ ဒေါက်တာတိုးတိုးဝင်း(အင်ဂျင်နီယာ/Structure)၊ ကော်မတီအတွင်းရေးမှူး ဦးစိုးဝင်း(အင်ဂျင်နီယာ) တို့က စေတီတော်ကြီးခိုင်ခံ့ရေးအတွက် ကိုယ်လုံးတော်ပြင်ဆင်ရေးနှင့်ပတ်သက်၍ လက်တွေ့စစ်ဆေးကြသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

## မီးဘေးကာကွယ်ရေးအတွက် လမ်းဘေးသစ်သားအဟောင်းဆိုင်များ ရှင်းလင်းရန်လို



လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းမကြီးနံဘေးရှိ စက်ရုံများမှ ပစ္စည်းဟောင်းများဖြစ်သော ထင်းရှူးသစ်သားခုံ၊ သံထည်၊ ကော်ပစ္စည်းများကို ပြန်လည်ရောင်းချသည့် ကားလမ်းဘေးမှ သစ်သားဆိုင်များ နွေရာသီပူပြင်းလာသည့်အချိန်တွင် မီးဘေးအန္တရာယ်ကို စိုးရိမ်နေရပြီး ဖေဖော်ဝါရီ ၅ ရက်က ကဲ့သို့ မီးလောင်မှုမဖြစ်စေရန် ထိုလမ်းဘေးမှ သစ်သား အဟောင်းဆိုင်များကို ရှင်းလင်းဖယ်ရှားခြင်းဖြင့် ရပ်ကွက်နေပြည်သူတို့၏ မီးဘေးလုံခြုံရေးကို ကြိုတင်ကာကွယ်ရန် လိုအပ်ကြောင်း အမှတ်(၆)ရပ်ကွက်နေ ပြည်သူများထံမှ သိရသည်။

"ဖေဖော်ဝါရီ ၅ ရက်က ဘုရားလမ်းမှတ်တိုင်နဲ့ ဆောက်လုပ်ရေးမှတ်တိုင်ကြားမှာရှိတဲ့ လမ်းဘေးသစ်သားခုံရောင်းတဲ့ဆိုင် မီးလောင်မှုဖြစ်တယ်။ (၆)ရပ်ကွက်နဲ့လည်း ကပ်နေတဲ့အပြင် ရုံးပိတ်ရက်ဖြစ်တော့ ရပ်ကွက်ပြည်သူတွေ အထိတ်တလန့်ဖြစ်ခဲ့တယ်။ ယာဉ်မပြတ်သွားလာနေတဲ့ လမ်းမကြီးမှာ ကျူးကျော်တဲတွေ တိုးလာလို့ မီးဘေး စိုးရိမ်နေရတဲ့အပြင် သစ်သားဆိုင်တွေ ဖွင့်လာတာ ကျူးကျော်ဆိုင်တွေ များလာတာကြောင့် ဒီမြို့ရဲ့ တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်စေမှာကိုလည်း စိုးရိမ်တယ်"ဟု အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာမှ ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

ရန်ကုန်-ပုသိမ် ကားလမ်းမကြီးမှာ ရပ်ကွက်နှင့် စက်မှုဇုန်ကို ပိုင်းခြားထားသော ကားလမ်းမကြီးဖြစ်ပြီး စက်ရုံများမှ စွန့်ပစ်ပစ္စည်းနှင့် သစ်သားအဟောင်းဆိုင်များ ဖွင့်လှစ်ထားသောကြောင့် ကားလမ်းမကြီးဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ခြင်းဖြင့် ရပ်ကွက် မီးဘေးအန္တရာယ်၊ လမ်းဘေးဆိုင်များကြောင့် ကားလမ်းပိတ်ဆို့ခြင်းနှင့် ဒုစရိုက်မှုများလည်း လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။ (၁၆၄)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၀-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၀၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၁၀/၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၃၀/၇၃၅ ကျပ် |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၇ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ · ၈၆ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃၄ |
| တရုတ် | တစ်ယွမ် | ၁၉၈ · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၆၂ |

မြန်မာ့အလင်း

# တစ်လက်မမျှ ထိပါးမခံရအောင်

အပြည်ပြည်ဆိုင်ရာ ဥပဒေပညာအရ နိုင်ငံတစ်နိုင်ငံ၏ ဥပဓိရုပ် (သို့မဟုတ်)နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်လေးမျိုးရှိသည်ဟု ဖော်ပြသည်။ (၁)နယ်နိမိတ်(နိုင်ငံ၏ အချုပ်အခြာပိုင်နက်နယ်မြေ)၊ (၂)လူဦးရေ (နိုင်ငံသားပြည်သူလူထု)၊ (၃)အစိုးရ၊ (၄) အချုပ်အခြာအာဏာပိုင်စိုးမှုဟူ၍ ဖြစ်သည်။ အကယ်၍ နယ်မြေဒေသသာရှိပြီး နေထိုင်သူမရှိလျှင်ဖြစ်စေ၊ နေထိုင်သူရှိသော်လည်း ပိုင်နက်နယ်မြေမရှိလျှင် ဖြစ်စေ၊ နယ်မြေဒေသနှင့် နေထိုင်သူရှိသော်လည်း အုပ်ချုပ်သူကင်းမဲ့လျှင်ဖြစ်စေ၊ နိုင်ငံ၊ လူမျိုး၊ အစိုးရရှိသော်လည်း အချုပ်အခြာအာဏာပိုင်စိုးမှုမရှိလျှင်ဖြစ်စေ၊ နိုင်ငံတစ်ခု၏ဥပဓိရုပ် ပြည့်စုံမည်မဟုတ်ခြင်းကြောင့် နိုင်ငံဟူ၍ ဆိုနိုင်တော့မည် မဟုတ်ချေ။

မိမိတို့နိုင်ငံသည် ပိုင်နက်နယ်နိမိတ်အရ ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နှင့် ၁၅၂ မိုင်၊ အိန္ဒိယနှင့် ၈၅၇ မိုင်၊ တရုတ်နှင့် ၁၃၅၇ မိုင်၊ လာအိုနှင့် ၁၂၈ မိုင်၊ ထိုင်းနှင့် ၁၃၁၄ မိုင်တို့ထိစပ်လျက်ရှိသည်။ အဆိုပါ နိုင်ငံများနှင့် ရေကြောမြေကြောတို့ တစ်ဆက်တစ်စပ်တည်း ထိစပ်လျက်ရှိရာတွင် ပထဝီဝင်ဆိုင်ရာအနေအထားအချက်အလက်များက နိုင်ငံတစ်ခုနှင့် တစ်ခုအကြားဆက်ဆံရေးတွင် အရိပ်ထိုးလေ့ရှိသည့်အလျောက် မိမိတို့နယ်နိမိတ်များ တည်တံ့နေရေးအတွက် အခါမလပ်စောင့်ကြည့်ထိန်းသိမ်းနေရသည်။

နိုင်ငံနယ်နိမိတ်များသတ်မှတ်ရာတွင် မြစ်ချောင်းများကဲ့သို့ သဘာဝအမှတ်အသားများ၊ ကိုသြဒိနိတ်မျဉ်းများ စသည်တို့ဖြင့် သတ်မှတ်ကာ ကျောက်တိုင်အမှတ်အသားများဖြင့် ပိုင်းခြားသတ်မှတ်ရသကဲ့သို့ လိုအပ်ပါက နယ်စပ်စည်းရိုးများကိုလည်း ကာရံကြရသည်။ နယ်စပ်ဒေသများ လုံခြုံရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ တရားမဝင်သယ်ဇာတမှောင်ခို၊ ကုန်ပစ္စည်းမှောင်ခို၊ လက်နက်မှောင်ခို၊ မူးယစ်ဆေးဝါးမှောင်ခို၊ လူမှောင်ခို စသည့်မှောင်ခိုကုန်သွယ်မှုများနှင့် ဒုစရိုက်မှုများကို တားဆီးကာကွယ်ကြရကဲ့သို့ ပြည်ပမှ အကြမ်းဖက်သမားများ၊ အဖျက်အမှောင့်ပြုမည့်သူများ အလွယ်တကူ ဝင်မလာနိုင်စေရန်လည်း တားဆီးကြရသည်။ နှစ်နိုင်ငံနယ်နိမိတ်အဖြစ် သတ်မှတ်ထားသော မြစ်ချောင်းများရှိရာတွင်လည်း မြစ်ချောင်းတို့၏ သဘာဝအရ ကွေ့ကောက်တိုက်စား စီးဆင်းလေ့ရှိခြင်းကြောင့် မိမိတို့ဘက်မှမြေများ တိုက်စားမခံရစေရန် မြစ်ကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းများကို ဂရုတစိုက် ဆောင်ရွက်ကြရသည်။

နှစ်နိုင်ငံနယ်စပ်ဒေသ နယ်နိမိတ်မျဉ်းများနှင့် ကပ်လျက်၌ သူ့ဘက်မှာရော ကိုယ့်ဘက်မှာပါ နေထိုင်သူများရှိနေတတ်ရာ နိုင်ငံပိုင်နက်ကျူးကျော်ဝင်ရောက်နေထိုင်မှု၊ စိုက်ခင်းများ ကျူးကျော်ဝင်ရောက်စိုက်ပျိုးမှုများမှာ မိမိတို့၏အရှေ့အနောက် နယ်စပ်ဒေသအချို့၌ ရှိနေကြောင်း သတင်းများတွင် တွေ့ရှိရသကဲ့သို့ လူမှုကွန်ရက်များတွင်လည်း တွေ့ရှိရသည်။

နိုင်ငံ၏ဥပဓိရုပ်တွင် နိုင်ငံပိုင်နက် နယ်နိမိတ်သည်လည်း အင်္ဂါရပ်တစ်ပါးဖြစ်သည့်အလျောက် မိမိတို့၏ ပိုင်နက်နယ်မြေ တစ်လက်မမျှပင် မလျော့ပါး မထိပါးစေရေးအတွက် အားလုံး(အားလုံး) တွင် တာဝန်ရှိသည်ဟု အလေးအနက်ခံယူ ကာကွယ်သွားကြရပါမည့်အကြောင်း။ ။

**ဝန်းကျင် သာယာလှပစေဖို့ အမှိုက်များကို စနစ်တကျစွန့်ပစ်စို့**

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
GMail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။





နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဖလမ်းမြို့၌ ကျင်းပသည့် (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်

✪ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အတူ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့တို့က (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့ (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံ ချင်းတိုင်းရင်းသား တိုင်းရင်းသူများက လှိုက်လှဲစွာကြိုဆိုကြပြီး နိုင်ငံတော်သမ္မတက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**နိုင်ငံတော်အလံ အလေးပြု**

(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အခမ်းအနားတွင် ဖလမ်းမြို့နယ် မြို့မိမြို့ဖ ဦးဟရမ်းလောမ်ထန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မိန့်ခွန်းပြောကြားရာတွင် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် ချင်းတိုင်းရင်းသားညီအစ်ကို မောင်နှမ ပြည်ထောင်စုသားအားလုံးနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် အထူးဝမ်းသာဂုဏ်ယူပါကြောင်း။

လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က ချင်းပြည်နယ် ဖလမ်းမြို့တွင် လူထုညီလာခံကျင်းပပြီး တိုက်သူကြီး(စော်ဘွား)များ အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ၁၉၅၀ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသည့် သတ္တမအကြိမ် ချင်းရိုးရာကောင်စီ ညီလာခံတွင်လည်း ချင်းအမျိုးသားနေ့သတ်မှတ်ရေးအဆိုများ တင်သွင်းမှုအပေါ် တက်ရောက်လာကြသည့် အမတ်အားလုံးရဲ့ဆန္ဒကိုရယူပြီး ဖလမ်းမြို့၌ လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်ကို "ချင်းအမျိုးသားနေ့"အဖြစ် ရွေးချယ်သတ်မှတ် အတည်ပြုခဲ့ပါကြောင်း၊ ၁၉၄၈ ခုနှစ်ကို အစပြုပြီး သတ်မှတ်ခဲ့သည့် ချင်းအမျိုးသားနေ့သည် ယခုနှစ်ဆိုလျှင် (၆၉) နှစ်မြောက် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီသည့် မျိုးနွယ်စုအားလုံးပါဝင်သည့် ချင်းလူမျိုးတို့၏ နေ့ထူးနေ့မြတ်လည်း ဖြစ်ပါကြောင်း။

**သယံဇာတများတည်ရှိရာ နေရာ**

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှ တောင်သို့ သွယ်တန်းနေသည့် အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်ကို စီးဝင်နေသည့် ကုလားတန်မြစ်၊ ရှားပါးအပင်များ ပေါက်ရောက်သည့် ရှားပါးသတ္တဝါများ ခိုအောင်းရာ ခေါ်နူးစုမ်တောင်၊ ဒုတိယ ကမ္ဘာစစ်အတွင်း ထင်ရှားသည့် စစ်မြေပြင် ကနေဒီတောင်ထိပ်၊ လှပသည့်ရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေသည့် မဏိပူရမြစ်၊ ဘွေနုမြစ်၊ ဘုံတလာရေတံခွန် စသည့်သဘာဝ အရင်းအမြစ်များနှင့် မြေပေါ်မြေအောက် သယံဇာတများတည်ရှိရာ နေရာတစ်ခုဖြစ်ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်**

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုတွင် နိုင်ငံရေးအင်အားစုများ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မိမိတို့အစိုးရက နိုင်ငံ့တာဝန်များကို စနစ်တကျလွှဲပြောင်းရယူခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့နယ်အသီးသီးကြား ဖွံ့ဖြိုးတိုးတက်မှုတို့ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ခြင်း၊ ဆရာ၊ ဆရာမများတိုးချဲ့ခန့်ထားခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်ချက် ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**တတ်စွမ်းသရွေ့ ပူးပေါင်း**

ထို့အပြင် ချင်းပြည်နယ် အနှံ့အပြားတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ပြည်မနှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့် အဝေးပြေးလမ်းများ၊ ပြည်နယ်အတွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးနှင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ဖလမ်းမြို့တွင် ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ဟားခါး၊ ဖလမ်းနှင့် ပလက်ဝမြို့ပြစီမံကိန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိနေပြီဖြစ်ပါကြောင်း၊ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ တိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ချင်းပြည်နယ်တွင် သွားလာရန် ခက်ခဲသည့် သဘာဝမြေမျက်နှာပြင်နှင့် မြင့်မားသည့်တောင်တန်း၊ တောင်စွယ်များ တည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ချင်းပြည်နယ်အတွင်း တိုင်းရင်းသားများကလည်း တတ်စွမ်းသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**ပင်လုံညီလာခံကတစ်ဆင့် လျှောက်လှမ်းနိုင်မည်**

မကြာခင်ရက်ပိုင်းအတွင်း ချင်းပြည်နယ်၌ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပတော့မည်ဆိုသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ ကြားသိရပါကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ နိုင်ငံအနှံ့အပြားတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေသည့်အပြင် ပြည်သူလူထု၏သဘောထားနှင့်ဆန္ဒများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်သည်ကိုလည်း တွေ့ရှိနေရပါကြောင်း၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ရန် တစ်ခုတည်းသော လမ်းကြောင်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် (၂၁)ရာစုပင်လုံညီလာခံကတစ်ဆင့် လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ချင်းအမျိုးသားနေ့အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုလေ့လာစဉ်

မကြာမီအချိန်အတွင်း ချင်းပြည်နယ်၌ကျင်းပတော့မည့် လူမျိုးအလိုက်

*စာမျက်နှာ ၅ သို့*

# တိုင်းရင်းသားများ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူခြင်းဖြင့်သာ အနာဂတ်အတွက် အာမခံချက်ပေးနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပလက်ဝ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့်(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကိုဖတ်ကြားပြီး ချင်းအမျိုးသား ဦးထန်ဒိုးကျင့်က ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ဖတ်ကြားသည်။

## ချင်းလူငယ်များကို ဂုဏ်ပြု

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်သို့ရောက်လာပြီးကတည်းက ချင်းအမျိုးသားနေ့အဆက်ဆက်ကို တက်ရောက်ခဲ့ပြီး နေပြည်တော်တွင်မရှိသည့်အတွက် တစ်ကြိမ်သာ မတက်ရောက်ခဲ့ပါကြောင်း၊ ချင်းအမျိုးသားနေ့များကို တက်ရောက်ရသည့်အတွက် ပျော်ရွှင်ပြီး ဂုဏ်ယူရပါကြောင်း၊ ယနေ့တွင် ချင်းပြည်နယ်၏ လုပမှု၊ ချင်းအမျိုးသားများ၏နွေးထွေးမှု၊ သာယာဖွယ်များကို ပြောကြားကြသည်မှာ အများကြီးဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ချင်းတိုင်းရင်းသားများနှင့်ပတ်သက်သည့် အကြောင်းအရာ နှစ်ခုကို အလေးထားပြောကြားလိုပါကြောင်း၊ ချင်းအမျိုးသားများသည် ပညာရေးကိုအဓိကထားသည့် ကိစ္စဖြစ်ပါကြောင်း၊ ဒုတိယတစ်ခုမှာ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါကြောင်း၊ ချင်းအမျိုးသားနေ့ကို တက်ရောက်သည့်အခါတိုင်း ထူးချွန်သည့် ချင်းလူငယ်များကို ဂုဏ်ပြုဆုချီးမြှင့်ရာတွင် ဂုဏ်ယူစွာ ပါဝင်ခွင့်ရပါကြောင်း။

## ပညာရေးကို အလေးထား

ယခုလိုဆောင်ရွက်ခြင်းသည် ချင်းတိုင်းရင်းသားများအကြား နှစ်စဉ်ပေါ်ပေါက်လာသည့် ပညာတတ်လူငယ်များကို ဂုဏ်ပြုအားပေးရာရောက်ပါကြောင်း၊ ၁၉၁၂ ခုနှစ်ကပင် ချင်းအမျိုးသားပညာတတ်မြောက်ရေးဆိုသည့် စိတ်ဓာတ်ဖြင့် ချင်းအမျိုးသားနေ့ပေါ်ပေါက်ရေးအတွက် စတင်ဦးတည်ခဲ့သည်ကို ကြားသိရပါကြောင်း၊ ၂၀၁၃-၂၀၁၄ မိမိချင်းပြည်နယ်ကို သွားရောက်စဉ်က ဘာအကူအညီလိုလဲမေးသည့်အခါ ပညာရေးနှင့်ပတ်သက်ပြီး အကူအညီတောင်းသည်ကို တွေ့ရပါကြောင်း၊ မိမိတည်ထောင်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ချင်းပြည်နယ်တွင် တတ်နိုင်သမျှကူညီခဲ့ပါကြောင်း၊ ပညာရေးကို အလေးထားသည်မှာ မိမိတို့ပြည်ထောင်စု အနာဂတ်အတွက် အင်မတန်မှ မျှော်လင့်ချက်တွေ ပြည့်စေပါကြောင်း၊ သို့ဖြစ်၍ ချင်းတိုင်းရင်းသားများ ပညာရေးကို အလေးထားသည်မှာ အင်မတန်မှ ဝမ်းသာပါကြောင်းနှင့် ဂုဏ်ယူပါကြောင်း။

မိမိ ၂၀၀၁ ခုနှစ်က ချင်းပြည်နယ်သို့ ပထမဦးဆုံးရောက်ခဲ့သည့်အခါ မိန့်ခွန်းပြောကြားရာတွင် ရှေ့ဆုံးတန်းမှ ချင်းကလေးငယ်များ ထိုင်နေသည်ကို တွေ့ရသည့်အတွက် အင်မတန်မှ သဘောကျပါကြောင်း၊ ကလေးများသည် လူကြီးများနှင့်တန်းတူ သိချင်၊ တတ်ချင်စိတ်ရှိကြပါကြောင်း၊ လူကြီးများအနေဖြင့်လည်း ကလေးများရှေ့ကနေသည်ကို အားလုံးလက်ခံကြသည်ကို တွေ့ရပါကြောင်း။

ဒုတိယအနေဖြင့် ချင်းတိုင်းရင်းသားများ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ပြောကြားလိုပါကြောင်း၊ ဒုတိယဆိုသည့်အတွက် ဒုတိယနေရာမှာထားခြင်းမဟုတ်ပါကြောင်း၊ လေးနက်သောအားဖြင့် ဒုတိယအခါမှသာ ပြောခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ပြည်ထောင်စုတိုးတက်ရန် မိမိတို့အားလုံး သဘောထားကြီးရန်လိုပါကြောင်း၊ သဘောထားကြီးစေသည့် အင်မတန်အခြေခံကျသည့်အရာမှာ ပညာတတ်ခြင်းဖြစ်ပါကြောင်း၊ ပညာဆိုသည်မှာ မိမိအနေဖြင့် ကျဉ်းကျဉ်းမြောင်းမြောင်းဖြင့် ကျောင်းပညာကို ဆိုလိုရင်းမဟုတ်ပါကြောင်း၊ ကိုယ်နေသည့် လောကကြီးအကြောင်းကို သိချင်သည့် စိတ်ဓာတ်ပေါ်တွင် အခြေခံသည့် ဆင်ခြင်တုံတရားရှိသည့်ပညာကို ဆိုလိုပါကြောင်း၊ ဒီလိုပညာတတ်များ မိမိတို့နိုင်ငံ၌များမှ မိမိတို့နိုင်ငံတွင် တကယ့်ကို စစ်မှန်သည့်၊ ခိုင်မြဲသည်ပြည်ထောင်စုကြီး ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ချင်းတိုင်းရင်းသားများအနေဖြင့် ဗမာရယ်၊ ချင်းရယ် မခွဲခြားဘဲ စောစောပိုင်းကတည်းက လွတ်လပ်ရေးအတွက် ရုန်းကန်ခဲ့ပါကြောင်း၊ ၁၉၄၇ ခုနှစ် ပထမပင်လုံညီလာခံတွင် ချင်းတိုင်းရင်းသားများ ပါဝင်ခဲ့ပါကြောင်း၊ ယခုအခါ ဒုတိယပင်လုံ ဦးတည်နေသည့်အချိန်တွင် ချင်းတိုင်းရင်းသားများသည် တက်တက်ကြွကြွဖြင့် ငြိမ်းချမ်းရေးရရန်အတွက် ဝိုင်းဝန်းကူညီခဲ့သလို ကူညီဆဲလည်းဖြစ်ပါကြောင်း၊ မကြာခင်မှာလည်း ချင်းပြည်နယ်တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ပြုလုပ်တော့မည်ဖြစ်သည့်အတွက် အင်မတန်မှ ဝမ်းသာပါကြောင်း၊ မိမိတို့ တိုင်းရင်းသားများ တကယ့်ကို ပြည်ထောင်စုစိတ်ဓာတ်မွေးမြူခြင်းဖြင့်သာ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် အာမခံချက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေများပြဋ္ဌာန်းခြင်းဖြင့်လည်း အာမခံချက်ပေးနိုင်မည်မဟုတ်သလို ဘယ်နိုင်ငံရေးစနစ်နှင့်မှလည်း အာမခံချက်ပေးနိုင်မည်မဟုတ်ပါကြောင်း၊ အခြေခံအားဖြင့် မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှိခြင်းဖြင့်သာ မိမိတို့ပြည်ထောင်စုအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ချင်းအမျိုးသားနေ့တွင် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ပြုရင်း ကျေးဇူးတင်စကားပြောကြားလိုပါကြောင်း၊ မိမိတို့ပြည်ထောင်စု ဖြစ်ပေါ်လာရန်အတွက်၊ ဒုတိယပင်လုံညီလာခံ အောင်မြင်ရေးအတွက် ခေတ်အဆက်ဆက် ယခု အခြေအနေရောက်ရှိလာအောင် ပံ့ပိုးကူညီခဲ့သည့် ချင်းတိုင်းရင်းသားညီအစ်ကို မောင်နှမများကို ကျေးဇူးတင်ရှိပါကြောင်း၊ ဒုတိယပင်လုံဆိုသည်မှာ ပထမပင်လုံကို မြစ်ဖျားခံခြင်းဖြစ်ပါကြောင်း၊ ယခုလို ဆက်လက်ပြီး မိမိတို့နိုင်ငံအနာဂတ်အတွက် အဓိကကျသည့်နေရာမှ ပါဝင်နိုင်ကြပါစေ၊ ပါဝင်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ချင်းတိုင်းရင်းသားများ၏ သင်္ကေတမှာ အားလုံးသိကြသည့် အင်မတန်မှ သစ္စာရှိသည့် အောက်ချင်းငှက်များဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုအပေါ်တွင်လည်း ချင်းတိုင်းရင်းသားများသည် သစ္စာစောင့်သိသွားမည်ကို လုံးဝယုံကြည်ပါကြောင်း ပြောကြားသည်။

## ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အားကစားပြိုင်ပွဲအမျိုးမျိုးတွင် နိုင်ငံတော်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခွင့်ရ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် PhD ပါရဂူဘွဲ့ရ တိုင်းရင်းသား၊ တိုင်းရင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တတ်ရောက်လာကြသူများအား ပြည်ထောင်စုလွှတ်တော် အမျိုးသမီးကိုယ်စားလှယ်များက ဖလမ်းမြို့နယ်ကိုယ်စားပြု ဝါးညှပ်အကဖြင့် ဖျော်ဖြေကြသည်။

## တောင်ပေါ်ခေါင်ရည်ချိုမြမြ သီချင်းသီဆို

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ချင်းတိုင်းရင်းသားများနှင့် မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး တောင်ပေါ်ခေါင်ရည်ချိုမြမြ သီချင်းကို စုပေါင်းသီဆိုကြသည်။

ယနေ့အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာအဲန်နာ ရွှေလွှမ်း၊ ပြည်ထောင်စုလွှတ်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် PhD ပါရဂူဘွဲ့ရ တိုင်းရင်းသားတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ လိုက်ဖားဆည်ကြံ့ခိုင်မှုနှင့် ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အလွှာပေါင်းစုံ၊ အစုအဖွဲ့ပေါင်းစုံ ပါဝင်နိုင်ကြမည်ဖြစ်သည့်အတွက် ဝမ်းမြောက်စကား ကြိုတင်ပြောကြားလိုပါကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အောင်မြင်ရန် တိုင်းရင်းသားများ လိုလားတောင့်တနေသည့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မည့် ဖက်ဒရယ်စနစ် ထွက်ပေါ်လာရေး၊ ပြည်ထောင်စုမျှော်မှန်းချက် ပြည့်ဝအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် ချင်းပြည်နယ်အတွင်းတွင်ရှိသည့် တိုင်းရင်းသား ပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန် လေးနက်စွာတိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က နှုတ်ခွန်းဆက် စကားပြောကြားပြီး ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှပေးပို့သော (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အခမ်းအနားသဘာပတိအဖြစ် ဆောင်ရွက်သော ဦးဟရမ်းလောမ်ထန်းက အဖွဲ့အစည်းအသီးသီးမှ ပေးပို့သော (၆၉)နှစ်မြောက် ချင်းပြည်နယ်နေ့ သဝဏ်လွှာများကို မှတ်တမ်းတင်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုလေ့လာ**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်ပြခန်းများနှင့် ချင်းရိုးရာအိမ်တို့ကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဖလမ်းမြို့ ဖလမ်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဖလမ်းလေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ မြေသားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများအကောင်အထည်ဖော်နေမှု၊ အရည်အသွေး ကောင်းမွန်စေရန် လုပ်ငန်းအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့များဖြင့် ကြီးကြပ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်သင့်သည့် အချက်များကို ဖြည့်စွက်တင်ပြကြရာ နိုင်ငံတော်သမ္မတက စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေလိုအပ်ချက်အား အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတသည် စီမံကိန်းရှုရပ်မှနေ၍ ဖလမ်းလေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လိုက်ဖားဆည်သို့ ရောက်ရှိကြပြီး ဆည်ကြံ့ခိုင်မှုနှင့် ရေဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**တက်ရောက်ဆင်နွှဲ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဟားခါးမြို့သို့ရောက်ရှိကြပြီး ဟားခါးမြို့ စုပေါင်းရုံးခန်းမ၌ ကျင်းပသည့် မီးပုံပွဲသို့ တက်ရောက်ဆင်နွှဲသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာသည့် ဦးရဲရင့်ဦး ဦးဆောင်သော ဒဂုံတက္ကသိုလ်မှ ကျောင်းသားကျောင်းသူ ၃၀၀ နှင့် ခွန်းဘားနဒ်ဘုတ် ဦးဆောင်သော ကယားပြည်နယ်မှ မဲဆန္ဒရှင် ၃၄ ဦးတို့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



**ရှင်းလင်းပြောကြား**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံ၊ မဲဆန္ဒနယ် သတ်မှတ်ကြေညာခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းနှင့် စိစစ်ခြင်း၊ ရွေးကောက်ပွဲ ရလဒ်ကြေညာခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား စစ်ဆေးခြင်းနှင့် အယူခံမှုများအား စုံညီခုံရုံးဖြင့် စစ်ဆေးခြင်းတို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုင်ရာများ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အချက်အလက်များနှင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးကြားနာခဲ့မှုတို့ကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ယင်းနောက် ကျောင်းသားကျောင်းသူများနှင့် မဲဆန္ဒရှင်များ၏ မေးမြန်းချက်များကို ကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်နှင့် အကြိုပြင်ဆင်ရေးဖိုရမ်တို့ ကျင်းပမည်

ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းရေးနှင့် အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဖိတ်ကြားထားသော အရပ်ဘက်အဖွဲ့အစည်းများနှင့် ကွန်ရက်များစုပေါင်း၍ တက်ရောက် ဆွေးနွေးသူ ၆၀၀ ခန့်ဖြင့် "ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်အတွက် အကြိုပြင်ဆင်ရေးဖိုရမ်"ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ တောင်ကြီးမြို့တွင် လည်းကောင်း၊ တက်ရောက်ဆွေးနွေးသူ ၅၀၀ ခန့်ဖြင့် "ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်"ကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၅ ရက်အထိအပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းစင်တာ-၂ (MICC-II) နေပြည်တော်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်၍ ဖိုရမ်၏ရည်ရွယ်ချက်များထိရောက်အောင်မြင်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။ သတင်းမီဒီယာအသီးသီးမှလည်း တက်ရောက်သတင်းယူနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် ဖြစ်မြောက်ရေးကော်မတီ**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

❍ *ကျောဖုံးမှ*

(Taxi) တွေကလည်းပါနေတော့ ပြန်ပြီးသေချာ စိစစ်ရမှာပါ။ လျှော့တော့ လျှော့ချမှာပါ။ ဘယ်လောက်အရေအတွက်အထိ လျှော့ချရင်ကောင်းမလဲ၊ ဘယ်လို လျှော့ချရင် ကောင်းမလဲဆိုတာတော့ တိုင်းဒေသကြီးအစိုးရအနေနဲ့ အဆင့်ဆင့်တော့ ဆက်ပြီး လုပ်သွားမှာပါ။ အခုဆိုရင် ကျွန်တော်တို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ အငှားယာဉ် (Taxi) စာရင်း အထောက်အထားတွေကို ရန်ကုန်တိုင်းဒေသကြီး အစိုးရဆီ တင်ပေးထားပြီ။ ဘယ်တော့လောက်စပြီး အကောင်အထည်ဖော်မလဲဆိုတာတော့ တိုင်းဒေသကြီးအစိုးရပေါ်မှာ မူတည်ပါတယ်။ ဒီအငှားယာဉ် (Taxi) တွေနဲ့ ပတ်သက်ပြီး စိစစ်တာကတော့ ပြန်ပြီးစိစစ်သွားမှာပါ"ဟု တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ဦးသိန်းဦး(ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး)က ပြောသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော အငှားယာဉ်များမှာ အရေအတွက်အားဖြင့် ၆၆၀၀၀ ကျော်ရှိကြောင်း အမျိုးအစားအားဖြင့် နှစ်မျိုး ခွဲခြားထားကြောင်း သိရသည်။ AA၊ BB၊ CC တို့လို အမြဲတမ်းအငှားယာဉ်များနှင့် အိမ်စီးကားအနက်များမှ ပြောင်းလာသော အငှားယာဉ်ဟူ၍ ခွဲခြားထားသည်။ AA၊ BB၊ CC စသည့်ကဲ့သို့ အငှားယာဉ်များမှာ ရန်ကုန်မြို့တွင်း၌ စုစုပေါင်း သုံးသောင်းကျော်၊ လေးသောင်းနီးပါးရှိပြီး ကိုယ်ပိုင်ကားအနက်များမှ အငှားယာဉ် (Taxi) အနီပြောင်းလာသော ယာဉ်အရေအတွက်မှာ ၂၇၀၀၀ ကျော်ရှိကြောင်း တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ အဆိုပါ အငှားယာဉ် (Taxi) များကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့သည့်အနေဖြင့် ယခုအခါ အငှားယာဉ် (Taxi) ထက်ဝက်နီးပါးခန့်ကို ဖြေလျှော့ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ဒီရန်ကုန်မြို့မှာ အငှားယာဉ် (Taxi) တွေကို လျှော့ချလိုက်မယ်ဆိုရင် ကားလမ်းတွေရှင်းပြီး ပိုကောင်းလာမယ်လို့တော့ ထင်ပါတယ်။ အငှားယာဉ် (Taxi) က များနေတယ်။ ခုဆိုရင်ကားတွေကဘယ်နေရာသွားသွား ယာဉ်ကြောတွေကျပ်နေတော့ အငှားလိုက်ရတာ အဆင်မပြေဘူး။ ကားတွေများပြီး ယာဉ်ကြောတွေကျပ်နေတော့ မောင်းရတာ အရင်လို အဆင်မပြေတော့ဘူး။ ဒီကားကို အနက်ကနေ အနီပြောင်းတာ နှစ်နှစ်ခွဲလောက် ရှိပြီ။ အနီပြောင်းတုန်းကဆို ငွေကျပ်တစ်သိန်းခွဲဝန်းကျင်လောက်ကုန်တယ်။ အဲဒီလိုပြောင်းလဲပြီး ကားတွေကို လျှော့လိုက်ရင်တော့ ကောင်းသွားမှာပါ။ အငှားယာဉ် နည်းသွားမယ်ဆိုရင် ငွေကျပ် ၂၀၀၀ ခရီးဆို ငွေကျပ် ၁၅၀၀ လောက်နဲ့ လျှော့လိုက်လို့ရတာပေါ့။ ခုတော့ ကားတွေကလည်းများ၊ လမ်းတွေကလည်းကျပ်တော့ ဆီဖိုးရော၊ အချိန်ပါချိန်ပြီးတော့ လမ်းကြောင်းရွေးလိုက်နေရတယ်"ဟု အငှားယာဉ်မောင်း ကိုအောင်မင်းက ပြောသည်။ ယခုအခါ ရန်ကုန်မြို့တွင်း တရားဝင် အငှားယာဉ် (Taxi) ၆၆၀၀၀ ကျော်ရှိသည်မှာ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စာရင်းများအရ မှန်ကန်သော်လည်း မြို့တွင်း အမှန်တကယ်ပြေးဆွဲနေသော ယာဉ်များမှာ နယ်ကားများလည်းရှိသဖြင့် ယာဉ်ကြောကျပ်တည်းမှုမှာ ပိုမိုခံစားနေရပြီး မြို့တွင်းလမ်းများပေါ်၌ ယာဉ် ၁၀ စီးတွင် အငှားယာဉ် ခုနစ်စီးဝန်းကျင်အထိ များပြားကြောင်း သိရသည်။ အထူးသဖြင့် ရန်ကုန်မြို့တွင် နယ်အငှားယာဉ် (Taxi) အများဆုံးမှာ ပဲခူးယာဉ်များနှင့် ဧရာဝတီတိုင်းဒေသကြီးယာဉ် အများဆုံးတွေ့မြင်နေရကြောင်း အငှားယာဉ်မောင်း တစ်ဦးထံမှ သိရသည်။

# ချင်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ
ကြေညာချက်အမှတ်၊ ၃/၂၀၁၇
၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

## ချင်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း

၁။ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ လူမျိုးကိုအခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ချင်းပြည်နယ်တွင် ကျင်းပနိုင်ရေးအတွက် **"ချင်းပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ"** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | ဒေါက်တာလှအောင် | (အစိုးရ) |
| (ခ) | ဗိုလ်မှူးကြီးသန်းနိုင် | (တပ်မတော်) |
| (ဂ) | ဒေါ်နီရှွေလျန်း | (လွှတ်တော်) |
| (ဃ) | ဆလိုင်းထလာဟေး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (င) | ဆလိုင်းထက်နီ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (စ) | ပူးရာနင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (ဆ) | ဦးဇိုဘွဲ | (နိုင်ငံရေးပါတီ) |
| (ဇ) | ဒေါက်တာမှုထန် | (နိုင်ငံရေးပါတီ) |
| (ဈ) | ဦးခန့်ဘွန်း | (နိုင်ငံရေးပါတီ) |

၂။ ယင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီသည် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပါ ဤပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သော ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာလုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်စေရေးတို့အတွက် ကြီးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၁/၂၀၁၇)အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၁/၂၀၁၇)အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်အတုလကာရီ ဆင်မင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥတ္တမဉာဏ ဘိဝံသ အမှူးပြုသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(ရန်ကုန်၊ မန္တလေး)ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသက အဖွင့်သမ္မောဒနီယ သြဝါဒကထာ မြွက်ကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သော တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၆) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူပြီး အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက ဖတ်ကြားတင်ပြသည်။

ထို့နောက် ဗဟိုပညာရေးအဖွဲ့(၁/၂၀၁၇)အစည်းအဝေးမှ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့(ရန်ကုန်/မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အထွေထွေကိစ္စရပ်များ ဆွေးနွေးကြကာ သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒကထာမြွက်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ဘဏ်များအားလုံး ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နိုင်ငံပိုင်ဘဏ်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများနှင့် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အခြားပုဂ္ဂလိကဘဏ်များအားလုံးသည် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘဏ်များတွင် အပ်နှံထားသည့် ငွေ၏ အတိုးရငွေအပေါ်တွင် အခွန်ပေးဆောင်ရန် ဝင်ငွေခွန်ဥပဒေအရ ပြဋ္ဌာန်းထားသော်လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန အနေဖြင့် လက်ရှိအခြေအနေတွင် အတိုးရငွေအပေါ် အခွန်ကောက်ခံရန်အစီအစဉ်မရှိပါကြောင်း၊ ပြည်သူလူထုသိရှိနိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ Internet Website များနှင့် Social Media များမှတစ်ဆင့် သတင်းထုတ်ပြန်ကြေညာပြီးဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ပင်စင်ယူသည့်အခါ နေထိုင်ရန်အိမ်ခန်း၊ တိုက်ခန်းများရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များအားလုံးတွင် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



**(သတင်းစဉ်)**

# ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် မြန်မာဘာသာပြန်ကို ဖြန့်ချိသည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights-ICCPR) ကို ၁၉၆၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုချမှတ်ခဲ့ပြီး ယင်းသဘောတူစာချုပ်သည် ၁၉၇၆ ခုနှစ် မတ် ၂၃ ရက်တွင် အာဏာသက်ဝင်ခဲ့သည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic,Social and Cultural Rights-ICESCR) ကဲ့သို့ပင် အရေးကြီးသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ (International Bill of Human Rights) အဖြစ် သတ်မှတ်ကြသည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံက ၂၀၁၅ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုသင့်ကြောင်းဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က အကြံပြုတိုက်တွန်းခဲ့သည်။

ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပြီး ပုံနှိပ်ဖြန့်ချိခဲ့သည်။ ဘာသာပြန်ဆိုပြီးသော ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် မြန်မာဘာသာကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖြန့်ချိသည့် မိတ်ဆက်အခမ်းအနားကျင်းပခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၏ လှူဒါန်းမှုနှင့် အာစရိယဂုဏပူဇာပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုကျောင်း နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ဓိပတိ ဥက္ကဋ္ဌ မဟာနာယက (စုဒ္ဓသမရွှေကျင်သာသနာပိုင်) အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သက်တော် ၁၀၀ နှင့် သိက္ခာတော်(၈၁)ဝါရှိတော်မူသော ဆရာတော် ဘဒ္ဒန္တအဂ္ဂိယအရှင်သူမြတ်၏ ကုသိုလ်တော်အဖြစ် လှူဒါန်းမှုနှင့် တပည့်များ၏ အာစရိယ ဂုဏပူဇာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကာ ငြိမ့်ပရိသတ်များက မတ္တရာသူဌေးကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ၊ တပည့်ဒါယကာ ဒါယိကာမများက ဆရာတော်၊ သံဃာတော်များကို သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့နှင့် ပင်လည်ဘူးမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေး



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို မှတ်တမ်းတင်ခြင်း၊ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်နှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင်တို့က ပြန်လည်ရှင်းလင်းခြင်း၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လွင် **အစား** ဗိုလ်မှူးကြီး ကျော်ဇေယျ ပြောင်းလဲခန့်အပ်သော သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ **ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နာယက က ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ တင်ပြချက်များ အပေါ်အခြေခံ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြဋ္ဌာန်းခြင်းအား ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီဝင် ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်းက ဖတ်ကြားတင်ပြသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် **၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း** အပေါ် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ နှစ်ရပ် ပေါင်းစပ်ညှိနှိုင်းချက်များကို အခြေခံ၍ ပြည်ထောင်စုဝန်ကြီးဌာန အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းတစ်ခုချင်းစီအလိုက် ယမန်နှစ်အထိ လုပ်ငန်းပြီးစီးမှုအခြေအနေ၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းရပ်များနှင့် လုပ်ငန်းတန်ဖိုး၊ ယခုနှစ်ကုန်အထိ စုစုပေါင်းလုပ်ငန်းပြီးစီးနိုင်မည့် အခြေအနေအပါအဝင် အချက် ၁၂ ချက်ဖြင့် သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း၊ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၇ ဖွဲ့၏ စိစစ်တင်ပြချက်များအပေါ် အခြေပြုဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့၏ အကြံပြုတင်ပြချက်များ၊ နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်အပေါ် ပြင်ဆင်ချက်များကို လွှတ်တော်ကသုံးသပ်ပြီး ဤဥပဒေကြမ်းအား အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ဖော်ပြပါရှိသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဥပဒေကြမ်း၏မူနှင့် အခြေခံသဘော အပါအဝင် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပရန်လျာထားကြောင်း သိရသည်။

**သူရဇော်၊ ထန်းဖုန်(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်နှစ်ရပ်ပေါင်း ငွေကျပ် ၁၂၀ ဘီလီယံကျော် ကောက်ခံရရှိထား


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကောက်ခံရာတွင် ကျောက်မျက်အရိုင်းနှင့် အချောထည်များအပေါ် ဒီဇင်ဘာလကုန်အထိ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အခွန်နှစ်ရပ်ပေါင်း ငွေကျပ် ၁၂၀ ဒသမ ၅၉၄ ဘီလီယံ ကောက်ခံရရှိထားပါကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ ဥပဒေကြမ်းပါ ကျောက်စိမ်းအရိုင်းထည်များ၊ ပတ္တမြား၊ နီလာ၊ စိန်၊ မြနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများအတွက် သတ်မှတ်ထားသည့် အခွန်နှုန်းများကို ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အခွန်နှုန်းများ အတိုင်း ပြန်လည်ပြင်ဆင် သတ်မှတ်ပေးရန် ဆွေးနွေးခဲ့မှုအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းစဉ် အထက်ပါအတိုင်း ပြောကြားသည်။

ထို့အပြင် ဒုတိယဝန်ကြီးက ကျောက်မျက်အရိုင်းနှင့် အချောထည်များ ထုတ်လုပ်ရောင်းချမှုမှ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရတနာအခွန်တစ်မျိုးတည်းသာ ကောက်ခံခဲ့သည့်အတွက် ငွေကျပ် ၇၃ ဒသမ ၇၂၅ ဘီလီယံ ကောက်ခံရရှိခဲ့ပါကြောင်း၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရတနာခွန်အပြင် ကုန်သွယ်လုပ်ငန်းခွန်ကိုပါ ကောက်ခံခဲ့သည့်အတွက် အခွန်နှစ်ရပ်ပေါင်း ငွေကျပ် ၁၆၆ ဒသမ ၀၆၄ ဘီလီယံ ကောက်ခံရရှိခဲ့ပါကြောင်း။

လက်ရှိအချိန်တွင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ ရတနာခွန်ကို ထမ်းဆောင်ရသည့်အပြင် အထူးကုန်စည်ခွန် ဥပဒေအရ အထူးကုန်စည်ခွန်သာမက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကိုလည်း ထမ်းဆောင်နေရခြင်းကြောင့် အခွန်ပေးဆောင်နေသည့် လုပ်ငန်းရှင်များအပေါ် အခွန်ဝန်ထုပ်ဝန်ပိုး လျှော့ချပေးခြင်းဖြင့် တရားမဝင်ကျောက်မျက်မှောင်ခိုရောင်းဝယ်မှုကို လျှော့ကျနိုင်ရေး ရည်ရွယ်ပါကြောင်း၊ ထို့အပြင် မတူညီသော တွင်းထွက်အမျိုးအစား သဘာဝနှစ်ခုအပေါ် နှစ်မျိုးခွဲခြား၍ အခွန်နှုန်းကို လျှော့ချပြင်ဆင်ပေးထားခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အပြင် ဥပဒေကြမ်းပါ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားရခြင်းအပေါ် ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၏ ပယ်ဖျက်သင့်ကြောင်း ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကင်းလွတ်ခွင့်ပြုခြင်းသည် တရားမဝင် ဈေးကွက်များတွင် ရောင်းချနေခြင်းအစား တရားဝင်ဖွင့်လှစ်ပေးထားသည့် ကျောက်မျက် အရောင်းပြပွဲများတွင် ဝယ်ယူရောင်းချခြင်း အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာရန်အတွက် အခွန်မက်လုံးအဖြစ် ပေးထားခြင်းဖြစ်၍ ပယ်ဖျက်ရန် မသင့်ပါကြောင်း ပြောကြားသည်။ **သူရဇော်၊ ထန်းဖုန်(သတင်းစဉ်)**

# တောင်သူလယ်သမားများအတွက် ပိုမိုကောင်းမွန်သော ဥပဒေများပေါ်ထွက်လာစေရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သည် NAMATI မှ Mr. Tim Millar နှင့်အဖွဲ့အားယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-6) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာစွမ်းဆောင်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ တောင်သူလယ်သမားများအတွက် ပိုမိုကောင်းမွန်ပြည့်စုံသောဥပဒေများ ပေါ်ထွက်လာစေရေးနှင့် သိမ်းဆည်းခံမြေယာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့တော်ကြီးများ၌ ကုန်စည်ပြပွဲများ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုတိုးတက်လာစေရန် ရည်ရွယ်ပြီး ပြည်ပပို့ကုန်အလားအလာရှိသော ဒေသထွက်ကုန်စည်ပြပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့တော်ကြီးများဖြစ်သည့် မကွေးမြို့မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ ပုသိမ်မြို့မြို့တော်ခန်းမ၌ မတ် ၁ ရက်မှ ၃ ရက်အထိလည်းကောင်း၊ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ မတ် ၂ ရက်မှ ၄ ရက်အထိလည်းကောင်း၊ မုံရွာမြို့ မြို့တော်ခန်းမနှင့် မော်လမြိုင်မြို့ ရာမညကုန်သွယ်မှုဗဟိုဌာနတို့၌ မတ်လ တတိယပတ်တွင်လည်းကောင်း ပြပွဲများကျင်းပမည်ဖြစ်သည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရန်ကုန်ဖုန်း-၀၁- ၂၅၄၀၂၄၊ Email; itpic.moc@gmail.com၊ website; www.trade.gov.mm နှင့် နေပြည်တော်ဖုန်း ၀၆၇-၄၃၀၁၂၃၊ Email;domestictp 2015 @gmail.com နှင့် နေပြည်တော်ဖုန်း ၀၆၇-၄၃၀၄၄၆၊ Email; moctradefair @gmail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ပန်းနှမ်းများကို အမေရိကန်နှင့် နယ်သာလန်နိုင်ငံတို့မှ စတင်ဝယ်ယူ

**မန္တလေး ဖေဖော်ဝါရီ ၂၀**
မြန်မာထွက်ကုန်ပန်းနှမ်းများကို အထူးစီးပွားရေးအခွင့်အရေးရရှိလာမှုကြောင့် အမေရိကန်နှင့် နယ်သာလန်နိုင်ငံတို့က စတင်ဝယ်ယူမှုရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်းနှမ်းများကို ယခင်နှစ်များက တရုတ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သို့သာ တင်ပို့ခွင့်ရရှိခဲ့သော်လည်း ယခုနှစ်ဆန်းမှစ၍ အထူးစီးပွားရေးအခွင့်အရေးပေးမှုများကြောင့် အမေရိကန်နှင့် EU နိုင်ငံများသို့လည်း တင်ပို့ရောင်းချခွင့်ရရှိခဲ့ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောကြားသည်။

“ဒီနှစ်ပေါ်ခါစ ဇန်နဝါရီလဆန်းမှာ ၄၅ ပိဿာ(သုံးတင်းဝင်တစ်အိတ်ကို) ခြောက်သောင်းရှစ်ထောင် နဲ့ အဖွင့်ဈေးရှိခဲ့ပေမယ့် အခု ဖေဖော်ဝါရီ ၂၀ ရက် လှိုင်လှိုင်ပေါ်တဲ့အချိန်မှာ ရှစ်သောင်းဈေးအထိ မြင့်တက်လာတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက အခုလိုဝယ်ယူမှုတွေ လက်ဆုံနေရင်တော့ မနှစ်က အမြင့်ဆုံးဈေးဖြစ်ခဲ့တဲ့ တစ်သိန်းနှစ်သောင်းအထိတောင် ရောက်သွားနိုင်တယ်လို့ ခန့်မှန်းမိတယ်”ဟု ၎င်းက ပြောသည်။

မြန်မာ့ပန်းနှမ်းများကို အမေရိကန်နှင့် နယ်သာလန်နိုင်ငံတို့က မြေပဲနှင့်နှမ်းတို့ကဲ့သို့ ဆီကြိတ်၍ သုံးစွဲပြီး အချို့နိုင်ငံများ၌ ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုနေသည့်အတွက် မြန်မာတောင်သူများအနေဖြင့် လက်ရှိအခြေအနေအရ အထွက်နှုန်းကောင်းမွန်စေရန် စနစ်တကျ တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

ပန်းနှမ်းပင်များသည် အေးသောရာသီဥတုကို ကြိုက်နှစ်သက်သဖြင့် မြန်မာပြည်အထက်ပိုင်း ဧရာဝတီ မြစ်ရိုးတစ်လျှောက် ဇန်းမော်မြို့အနီးပတ်ဝန်းကျင်နှင့် ရှမ်းပြည်နယ်(တောင်/မြောက်)ဒေသ တောင်ကုန်း၊ တောင်စွယ်များ၌ အများဆုံးစိုက်ပျိုးကြပြီး ဇန်နဝါရီလဆန်းတွင် စတင်ထွက်ရှိကာ အောက်တိုဘာလတွင် တဖြည်းဖြည်းရှားပါးလာကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ဗရင့်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားတွင် ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီ (ရန်ကုန်) ဥက္ကဋ္ဌ ဆလိုင်းထွန်းလှိုင်က အမှာစကားပြောကြားပြီး ကော်မတီ၏ အထွေထွေအတွင်းရေးမှူး Mai Sui Hlei Zing က အစီရင်ခံစာတင်ပြခြင်းနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ချင်းအမျိုးသား ခေါင်းဆောင်ကြီးများအား နှစ်မိနစ်ငြိမ်သက်ဂါရဝပြုခြင်းနှင့် ချင်းအမျိုးသားနေ့ ဂုဏ်ပြုစကားပြောကြားခြင်းတို့ကို ပြုလုပ်သည်။

ယင်းနောက် ချင်းတိုင်းရင်းသား/တိုင်းရင်းသူများက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်မှုများကို ဖော်ထုတ်ပြသခြင်း၊ ခေတ်ပေါ်အကများဖြင့် ဖျော်ဖြေခြင်းတို့အပြင် ချင်းတိုင်းရင်းသားတေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

"ဒီလိုနေ့မှာ ချင်းတိုင်းရင်းသား လူကြီး၊ လူငယ်တွေအားလုံး ပြန်လည်ဆုံစည်းတဲ့အပြင် ရိုးရာဝတ်စားဆင်ယင်မှုတွေနဲ့ ယဉ်ကျေးမှုတွေကိုလည်း အားလုံးမြင်တွေ့ရမှာ ဖြစ်ပါတယ်၊ ရိုးရာယဉ်ကျေးမှုတွေကိုပြသရင်း တစ်ဦးနဲ့တစ်ဦး အသိအမှတ်ပြုလာအောင်၊ ချင်းလူမျိုးတွေအားလုံး စုစုစည်းစည်းနဲ့ သိုက်သိုက်ဝန်းဝန်းဖြစ်အောင် ဖော်ဆောင်တာပါ"ဟု (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီ (ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ(၁) U Pachhunga (မီဇိုး)က အဆိုပါပွဲကျင်းပမှုနှင့်ပတ်သက်၍ ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ရိုးရာအဝတ်အထည် အရောင်းဆိုင်များ၊ ရိုးရာအစားအသောက်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချသည့်အပြင် ချင်းတိုင်းရင်းသားများ၏ မျိုးနွယ်စုအလိုက် ဘဝသရုပ်ဖော်ဓာတ်ပုံများကို ပြခန်းဖွင့်လှစ်၍ ပြသခဲ့ရာ တိုင်းရင်းသား ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ကျွန်မကတော့ ကိုယ့်လူမျိုးကိုယ်စားပြု နှုတ်ဆက်စကားပြောတဲ့နေရာမှာ ပါဝင်ခဲ့ပါတယ်၊ ကိုယ့်လူမျိုးရဲ့ ရိုးရာဝတ်စုံကိုဝတ်ပြီး ယဉ်ကျေးမှုတွေကို ဖော်ထုတ်ပြသခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်၊ ဒီလိုနေ့မှာ ချင်းတိုင်းရင်းသားတွေရဲ့ မျိုးနွယ်စုအလိုက် ရိုးရာဝတ်စုံတွေနဲ့ ယဉ်ကျေးမှုတွေကို မြင်တွေ့ရတဲ့အတွက် ဗဟုသုတ အများကြီးရပါတယ်"ဟု အဆိုပါပွဲတွင် ပါဝင်သူ Beauty Lalzahawmi က ပြောကြားသည်။

ချင်းအမျိုးသားနေ့ကို ပထမဆုံးအကြိမ်အဖြစ် ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်က မင်းတပ်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ယင်းနောက်တွင် ချင်းပြည်နယ်ရှိ ချင်းအမျိုးသားများသာမက ပြည်နယ်ပြင်ပနှင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသော ချင်းတိုင်းရင်းသားများကလည်း ချင်းအမျိုးသားနေ့ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

## ကယားပြည်နယ်အစိုးရအဖွဲ့အား ဗြိတိန်နိုင်ငံသံရုံး၏ ပထမအတွင်းဝန် လာရောက်တွေ့ဆုံ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့အား ဗြိတိန်နိုင်ငံသံရုံး၏ ပထမအတွင်းဝန် Ms. Sarah Russell က ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဗြိတိန်နိုင်ငံသံရုံး၏ ပထမအတွင်းဝန် Ms. Sarah Russell က ကယားပြည်နယ်အတွင်း ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို သိရှိလိုသည့်အတွက် လာရောက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လက်ရှိပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်နေသည့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို လည်းကောင်း၊ ပညာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို လည်းကောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များကိုလည်းကောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## ကမ္ဘာလှည့်ခရီးသည်တင်အပျော်စီးသင်္ဘောကြီး သီလဝါဆိပ်ကမ်းသို့ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S World Odyssey သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ ရောက်ရှိလာရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

သင်္ဘောတွင် ကမ္ဘာလှည့်ခရီးသည် ၇၀၆ ဦးနှင့် သင်္ဘောဝန်ထမ်း ၁၇၃ ဦးတို့ လိုက်ပါလာပြီး ဗီယက်နမ်နိုင်ငံ ဟိုချီမင်းဆိပ်ကမ်းမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ "အခု ရောက်လာတဲ့ ကမ္ဘာလှည့်ခရီးသွားတွေကို လုံခြုံရေးပိုင်းအပြင် လိုအပ်တဲ့ဝန်ဆောင်မှုတွေကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာပါ၊ ဒီနေ့တော့ သူတို့အနေနဲ့ ရန်ကုန်မြို့ပေါ်ကို လည်မယ်၊ မနက်ဖြန်မှာတော့ မန္တလေးမြို့ကိုသွားမယ်လို့ သိရပါတယ်"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S World Odyssey ဖြင့် ရောက်ရှိလာသည့် ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်၊ ပုဂံ၊ မန္တလေးမြို့တို့သို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံ ကိုချင်းဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**



## (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား မြန်အောင်မြို့နယ် ချင်းကွင်းကျေးရွာ၌ ကျင်းပ

**မြန်အောင် ဖေဖော်ဝါရီ ၂၀**

(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို မြန်အောင်မြို့နယ် သဲတို့ကျေးရွာအုပ်စု ချင်းကွင်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။ ယင်းနောက် အခမ်းအနားကို ဖွင့်လှစ်ပြီး သဘာပတိ ဆလိုင်းညွန့်တင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအရန်အလုပ်အမှုဆောင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အရှိုချင်းစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီ(ရန်ကုန်)မှ ပေးပို့သည့်သဝဏ်လွှာကို ချင်းတိုင်းရင်းသူတစ်ဦးက ဖတ်ကြားသည်။ ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူက တိုင်းရင်းသားရေးရာများ ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က အလှူငွေကျပ် သုံးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေကျပ် ၁၀ သိန်းနှင့် တိုင်းရင်းသားရေးရာဥက္ကဋ္ဌ ဦးသော်ဇင်ဝင်းက လှူဒါန်းသော ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ အရှိုချင်းအမျိုးသားနေ့အခမ်းအနား သဘာပတိ ဆလိုင်းညွန့်တင်က လက်ခံရယူခဲ့သည်။

(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် အမျိုးသားနေ့ဖြစ်ပေါ်လာပုံနှင့် အခမ်းအနားတွင် ခင်းကျင်းပြသထားသော ချင်းတိုင်းရင်းသားတို့၏ အမှတ်အသားတံဆိပ်များကို ချင်းတိုင်းရင်းသူလေးများက ရှင်းလင်းပြောကြားပြီး ကြံခင်းမြို့နယ်၊ မြန်အောင်မြို့နယ်၊ အင်္ဂပူမြို့နယ်နှင့် ငပုတောမြို့နယ်တို့မှ အရှိုချင်းဘာသာစကားစာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ် (ပြန်/ဆက်)**

## ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့နှင့် မြို့နယ်တာဝန်ရှိသူများ ထီးချိုင့်မြို့၌ ငြိမ်းချမ်းရေးပိုစတာစိုက်ထူ

**ထီးချိုင့် ဖေဖော်ဝါရီ ၂၀**

ငြိမ်းချမ်းရေးတွဲလက်များ ( Wheel Chair )အဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ ထီးချိုင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲကြည်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီက ဗိုလ်ချုပ်ကြေးရုပ်ရှေ့ပန်းခြံ၌ ငြိမ်းချမ်းရေးပိုစတာစိုက်ထူကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်က အမှာစကားပြောကြားပြီး (Wheel Chair) အဖွဲ့ခေါင်းဆောင် ဦးသိန်းတန်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ ဦးဝင်းဇော်ထွန်းက ငြိမ်းချမ်းရေးလက်မှတ်များ လွှဲပြောင်းပေးအပ်ရာ ငြိမ်းချမ်းရေးတွဲလက်များ ( Wheel Chair) အဖွဲ့တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်နှင့် အဖွဲ့ခေါင်းဆောင်တစ်ဦးက ငြိမ်းချမ်းရေးငှက်များ လွှတ်ပေးကြပြီး နံနက် ၇ နာရီခွဲတွင် ထီးချိုင့်မြို့မှ နှုတ်ဆက်ထွက်ခွာရာ မြို့နယ်မှတာဝန်ရှိသူများက သပိတ်ကျင်းမြို့နယ် ရေရှင်ရွာအထိ လိုက်ပါနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန် /ဆက် )**

## မိုးဆက်လက်ရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။ **(မိုး/ဇလ)**

# ရေဝတီတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရေဝတီတိုင်းဒေသကြီး လှျပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် Steel Cable Groyne ရေကာများတည်ဆောက်ထားရှိမှုနှင့် သောင်တူးလုပ်ငန်းဆောင်ရွက်နေမှုများကို ရေယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေဝတီတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဖြစ်သည့်ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သောင်တူးလုပ်ငန်းသုံးနေရာ၊ မြေသားပမာဏ ၄၄၁၂၂၉၉ ကုဗမီတာ တူးဖော်ခြင်း၊ သဲအိတ်ခံကျောက်စီရေကာသုံးခု စုစုပေါင်း မီတာ ၈၅၀ တည်ဆောက်ခြင်း၊ Parcupine ရေကာများ ၂၀၅၇ ခု စုစုပေါင်း အလျားပေ ၆၂၇၀ တည်ဆောက်ခြင်း၊ Steel Cable Groyne ၁၄ ခု စုစုပေါင်း အလျားပေ ၂၁၀၀ တည်ဆောက်ခြင်း၊ Steel Basket အခြေပြု ကျောက်စီနံရံ အလျား ပေ ၄၅၀ နှင့် ဘိုးပိုင်အခြေပြုကျောက်စီနံရံ အလျားပေ ၃၆၀ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခနေဖြူမြို့နယ် မရမ်းချောင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ဘိုးပိုင်အခြေပြုကျောက်စီနံရံ ပေ ၁၁၂၀ နှင့် အခြေထိန်းမျောကျောက်ဖြည့်ရေကာ ပေ ၁၁၅၀၊ ရေထဲပိုင်း Steel Cable Groyne နှင့် Floating Unit များ ချထားခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ခနေဖြူမြို့နယ် စံကင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ဘိုးပိုင်အခြေပြုကျောက်စီနံရံ အလျား ၉၂၁ ပေ၊ အုန်းတိုင်စိုက်ရေကာအလျားပေ ၇၂၀ နှစ်ခုနှင့် မျောရေကာတန်း စတုရန်းပေ ၂၆၀၀၀ တည်ဆောက်သွားမည်ဖြစ်သည်။

ပုသိမ်မြို့ ဝေန်မြစ်ကူးတံတား၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဘိုးပိုင်အခြေပြု ကျောက်စီနံရံအလျား ၉၅ ပေနှင့် Steel Cable Groyne အလျားပေ ၂၅၀ တည်ဆောက်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

လေးမျက်နှာမြို့ထူပါရုံဘုရား ငဝန်မြစ်ရေတိုက်စား ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြု ကျောက်စီနံရံ အလျား ပေ ၅၀၀၊ အခြေထိန်းမျောကျောက်ဖြည့်ရေကာနှင့် Soda Mattress အလျား ပေ ၁၀၀၀၊ သောင်စွယ်ဖြတ်ခြင်းလုပ်ငန်း ၁၃၀၄၇၄ ကုဗမီတာတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီစေရန်နှင့် လေလွင့်ဆုံးရှုံးမှုများမရှိစေရေးအတွက် ကော်မတီအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံ သုံးသပ်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဤစီမံကိန်းများကို လုပ်ဆောင်ချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းအားလုံးမှ ၁၀၀ ရာခိုင်နှုန်း ကြိုက်နှစ်သက်ချင်မှ နှစ်သက်မည်ဖြစ်သော်လည်း သေချာသည်မှာ ပြည်သူများနှစ်သက်မည်ဖြစ်ကြောင်း၊ သို့သော် အကြံပြုချက်အားလုံးကို သေသေချာချာ နားထောင်ကာ တတ်နိုင်သမျှ ထည့်သွင်းစဉ်းစားလုပ်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း ပြည်ထောင်စုအဆင့် သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံ ပါဝင်သောသုံးသပ်ဆွေးနွေးပွဲ အခမ်းအနားတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

မည်သည့်စီမံကိန်း၊ မည်သည့်စီမံချက်မှ ၁၀၀ ရာခိုင်နှုန်း ပြည့်စုံသည်ဆိုသည်မှာ မရှိပါကြောင်း၊ ပြည်သူအားလုံးအနေဖြင့်လည်း ၁၀၀ ရာခိုင်နှုန်း စိတ်ကျေနပ်မှုရှိရန် ဟူသည်မှာလည်း မလွယ်ပါကြောင်း၊ ထို့အတွက်လည်း ပူပင်စရာမလိုကြောင်း၊ နဂိုမူလကတည်းက Mechanism ကောင်းများ ထည့်သွင်းထားပြီးဖြစ်ရာ Mechanism များရှိသကဲ့သို့ Process များလည်း ရှိကြောင်း၊ စီမံကိန်းလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။




အခမ်းအနားတွင် အာရှဖွံ့ဖြိုးရေးဘဏ်ကိုယ်စားလှယ် မစ္စတာ ပါဗစ်ရာမာချန်ဒရန်က အမှာစကားပြောကြားခြင်း၊ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း သက်ဆိုင်သူ အဖွဲ့အစည်းပေါင်းစုံ ပါဝင်သောသုံးသပ်ဆွေးနွေးပွဲ နောက်ခံအကြောင်းအရာကို တင်ပြခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မြို့နယ်များဖြစ်သော ရေဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် စသည့် မြို့နယ်များအလိုက် စီမံကိန်း (ပထမနှစ်) အကောင်အထည်ဖော်ဆောင်ရွက်မှု၊ လေ့လာတွေ့ရှိချက်များနှင့် ရလဒ်များ ဆွေးနွေးတင်ပြခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် အကြံပြုခြင်း၊ ကျေးလက် အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ စီမံကိန်းများကို ဆောင်ရွက်ရာတွင် စီမံကိန်းကျေးရွာများ၌ ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရေကန်ခြံစည်းရိုးကာရံခြင်း၊ ရေကန်ပြုလုပ်ခြင်း ၊ ရေတွင်းတူးခြင်း၊ ကျောင်းပြုပြင်တိုးချဲ့ခြင်း၊ တံတားများ၊ ဆိပ်ခံတံတား၊ ရေပြွန်တံတားများနှင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း စသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးလက်ပြည်သူများ၏ စွမ်းဆောင်ရည်များ ၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ဖွံ့ဖြိုးလာစေခဲ့သည့်အတွက် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ပေးရာရောက်ကြောင်းလည်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများ ရက်သတ္တပတ် (Women's Week -Myanmar) ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မတ် ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းကာ "မြန်မာအမျိုးသမီးရက်သတ္တပတ် (Women's Week -Myanmar)"ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်၏ အမှုဆောင်ဒါရိုက်တာဒေါ်နန်းလိုင်းခမ်းက "အခုလိုအချိန်မှာ ကျွန်မတို့အနေနဲ့ စတင်ပူးပေါင်းလုပ်ဆောင်ကြခြင်းဟာ မြန်မာနိုင်ငံမှာ ကျား-မ တန်းတူအခွင့်အရေးရရှိစေဖို့ တိုက်တွန်းအားပေးမှုကို ဦးဆောင်မှုပြုလိုက်တာပဲ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တာကြောင့် နိုင်ငံရဲ့ လူ့စွမ်းအားကို အပြည့်အဝအကျိုးရှိရှိ အသုံးချနိုင်ဖို့လိုပါတယ်။ တစ်နည်းပြောရရင်တော့ အမျိုးသမီးတွေရဲ့ စွမ်းအားကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ အမျိုးသမီးတွေအနေနဲ့ မိမိတို့ နေအိမ်မှာ၊ လူအများအလယ်မှာ၊ မိမိတို့အလုပ်မှာအကြမ်းဖက်မှု၊ စော်ကားမှု စတဲ့အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ အစိုးရကချမှတ်ထားတဲ့ လမ်းစဉ်တွေအတိုင်း လုပ်ဆောင်နေချိန်၊ NGO တွေကလည်း အရေးပါတဲ့ကဏ္ဍတွေမှာ အားပေးထောက်ပံ့မှုတွေ ပြုလုပ်နေချိန်မှာ ကျွန်မတို့ ပုဂ္ဂလိကလုပ်ငန်းတွေ အနေနဲ့လည်း အလုပ်ခွင်တွေမှာရှိတတ်တဲ့ အတားအဆီးတွေဖြစ်တဲ့ မသိစိတ်ကြောင့် ဘက်လိုက်မှုတွေ၊ ခွဲခြားဆက်ဆံမှုတွေ၊ ကျားမခွဲခြားခြင်းတွေနဲ့ စော်ကားမှုတွေကို ဖယ်ရှားရာမှာ တက်ကြွစွာပါဝင်လှုပ်ရှားကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသမီးတွေရဲ့ အရည်အသွေးကို ပြုစုပျိုးထောင်ပေးပြီး သူတို့ရဲ့ အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အဘက်ဘက်က ပံ့ပိုးပေးခြင်းဖြင့် အမျိုးသမီးထုရဲ့ အစွမ်းအစက စီးပွားရေးကဏ္ဍမှာ အောင်မြင်မှုတွေ ရရှိလာနိုင်မှာဖြစ်ပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ပိုမိုကောင်းမွန်တဲ့ ရလဒ်တွေကို ဖြစ်ထွန်းလာလိမ့်မယ်လို့ ယုံကြည်ထားပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

မြန်မာအမျိုးသမီးများ ရက်သတ္တပတ် (Women's Week-Myanmar) ကို နေပြည်တော်၌ ကျင်းပမည့် ပြည်သူအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု (Creating Inclusive Growth) ဖိုရမ်ဖြင့် စတင်မည်ဖြစ်ပြီး ဖွင့်ပွဲကို မတ် ၆ ရက်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကာ နယ်ပယ်ပေါင်းစုံမှပုဂ္ဂိုလ်များ တက်ရောက်လာကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အဓိကဆွေးနွေးသွားမည်ဖြစ်သည်။

Women's Week ကို နိုင်ငံတကာ သံရုံးများ၊ ပုဂ္ဂလိကနှင့် NGO အဖွဲ့အစည်းများကလည်း တာဝန်ယူ ပူးပေါင်းဆောင်ရွက်ပေးကြမည် ဖြစ်သကဲ့သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (MNCWA)၊ ကျား-မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (GEN)၊UN Global Compact Myanmar၊ ကုလသမဂ္ဂအမျိုးသမီးများ အဖွဲ့အစည်း (UN Women)၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၊ Action Aid၊ Global Shapers အဖွဲ့၊ Australia-Myanmar Chamber of Commerce၊ British Chamber of Commerce၊ Professional Women's Network၊ ကမ္ဘောဇအုပ်စု၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ City Mart Holdings၊ အခရာအမျိုးသမီးများအဖွဲ့(Akhaya Women)၊ Forever Group၊ Irrawaddy Publishing Groupနှင့် Yangon Bakehouse စသည့် လူမှုဝန်းကျင်အကျိုးပြုလုပ်ငန်းများက ပူးပေါင်းပါဝင်သွားမည်ဖြစ်သည်။ အဆိုပါ အစီအစဉ်သည် ကမ္ဘာတစ်ဝန်းလုံးနှင့် မြန်မာနိုင်ငံတွင်းရှိ မျက်မှောက်ခေတ်နှင့် အနာဂတ် အမျိုးသမီးထုစွမ်းအား မြှင့်တင်ရေးအတွက် နိုင်ငံတကာအထိမ်းအမှတ်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်ကြောင်း သိရှိရပြီး ပညာပေးမှတ်တမ်းရုပ်ရှင် အစီအစဉ်များ၊ ဆွေးနွေးဟောပြောပွဲများ၊ အားကစားစွမ်းရည်ဆိုင်ရာ လှုပ်ရှားမှုများ၊ စာပေဆွေးနွေးပွဲများ အစရှိသည့် မတူညီသော အစီအစဉ်များစွာကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# တပ်တောင်မြို့တိုက်နယ်ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲကျင်းပ

**အမ်း ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် တပ်တောင်မြို့တိုက်နယ်ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီက အဆိုပါ ဆေးရုံသစ်ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများက အမှာစကားပြောကြားပြီး ဆေးရုံဆောက်လုပ်ရေး တပ်တောင်သားကုမ္ပဏီ တာဝန်ခံက ဆေးရုံဆောက်လုပ်ပြီးစီးမှု စာရွက်စာတမ်းများပေးအပ်ရာ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်အောင်ဝင်းက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရွှေသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဆေးရုံအတွင်း အရေးပေါ်လူနာဌာန၊ ခွဲစိတ်ခန်း၊ ဆေးပစ္စည်းများသိုလှောင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးလက်မှုထည်သင်တန်းဖွင့်

**ရွှေတောင် ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းကကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သည့် ဝါးလက်မှုထည်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၇ ရက် အထိ ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

# နယ်စပ်ဖြတ်ကျော် အကြမ်းဖက်ပစ်ခတ်မှုများကြောင့် အာဖဂန်မိသားစုဝင်များစွာ နေရပ်စွန့်ခွာထွက်ပြေး

**ကဘူးလ် ဖေဖော်ဝါရီ ၂၀**

ပါကစ္စတန်တပ်ဖွဲ့ဝင်များ၏ နယ်စပ်ဖြတ်ကျော် အမြောက်ပစ်ခတ်မှုများနှင့် ဒုံးကျည်ပစ်ခတ်မှုများကြောင့် အာဖဂန်နစ္စတန်ရှိ မိသားစုရာနှင့်ချီကာ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း အကူအညီပေးရေးအဖွဲ့များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း စစ်သွေးကြွများ ပါဝင်ပတ်သက်နေသည်ဟု ပါကစ္စတန်က ပြောကြားခဲ့ပြီးသည့်နောက်တွင် နှစ်နိုင်ငံတင်းမာမှုများ မြင့်တက်လာခဲ့ရာမှ အာဖဂန်နိုင်ငံသို့ အဆိုပါ အမြောက်ပစ်ခတ်တိုက်ခိုက်မှုများ စတင်လာခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နယ်စပ်ရှိ တပ်ဖွဲ့ဝင်များက ဒုံးကျည်များနှင့် လက်နက်ကြီးပစ်ခတ်မှုများ လုပ်ဆောင်ခဲ့ပြီးနောက်တွင် လက်နက်ကြီးကျရောက်သည့် နေရာများရှိ အရပ်သားအချို့ သေဆုံးကြောင်း သတင်းပေးပို့မှုများ ရရှိခဲ့ပြီး အာဖဂန်မိသားစုဝင်ပေါင်း နှစ်ရာကျော်တို့မှာလည်း နေရပ်များကို စွန့်ခွာလျက် ထွက်ပြေးခဲ့ရကြောင်း နော်ဝေဒုက္ခသည်များကောင်စီမှ ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က ပါကစ္စတန် ဆင်းဒ်ပြည်နယ်ရှိ ဆူဖီ ဘာသာရေးအဆောက်အအုံ ဗုံးခွဲတိုက်ခိုက်မှုကို ဒေသတွင်းရှိ အိုင်အက်စ် အဖွဲ့ခွဲများက လုပ်ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း သေဆုံးသူအရေအတွက်မှာ ယခုအခါ ၉၀ အထိ မြင့်တက်လာခဲ့ကာ ဒဏ်ရာရရှိသူဦးရေ ၃၅၀ ကျော်အထိရှိခဲ့ကြောင်း ရဲအဖွဲ့က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။



အဆိုပါတိုက်ခိုက်မှု၏ နောက်ကွယ်တွင် ကြိုးကိုင်နေသူများမှာ အာဖဂန်အရှေ့ပိုင်း နယ်နိမိတ်အပြင်ဘက်တွင် စစ်ဆင်ရေး လုပ်ဆောင်လျက်ရှိသည့် စစ်သွေးကြွများဖြစ်ကြောင်း ပါကစ္စတန်က ပြောကြားခဲ့သည်။

နယ်စပ်ဖြတ်ကျော်သည့် အမြောက်ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားများစွာတို့ ကြားညပ်ကာ ခံစားခံဖြစ်ခဲ့ရသည်ဟု အာဖဂန်ရှိ နော်ဝေဒုက္ခသည်များကောင်စီ၏ ဒါရိုက်တာ ကိတ်အိုရော်ကီက ပြောကြားခဲ့သည်။

ပါကစ္စတန်က ပြုလုပ်လာသည့် စီးနင်းတိုက်ခိုက်မှုမှန်သမျှကို ထိပ်တိုက်ရင်ဆိုင်ရန် အာဖဂန် အထူးတပ်ဖွဲ့ဝင်အင်အားစုများကို ဖြန့်ကြက်ထားလိုက်ပြီဖြစ်ကြောင်း အာဖဂန်အာဏာပိုင်များက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

## နေအိမ်အတွင်း လက်ပစ်ဗုံးဖြင့်တိုက်ခိုက်မှုကြောင့် မိသားစုဝင် ၁၀ ဦးသေဆုံး

**မက်ထားလမ် ဖေဖော်ဝါရီ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ လက်ဂ်ပြည်နယ် အရှေ့ပိုင်းတွင် လက်ပစ်ဗုံးဖြင့်တိုက်ခိုက်မှုကြောင့် အရပ်သား ၁၀ ဦး သေဆုံးခဲ့ကာ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရက ဖေဖော်ဝါရီ ၂၀ ရက်က ပြောကြားခဲ့သည်။

ဘတ်ပ့်ါခ်ခရိုင် မူရှဝက်ကက်နယ်မြေတွင် ယမန်နေ့ ညပိုင်းက အမည်မသိ အမျိုးသားတစ်ဦး လက်ပစ်ဗုံးနှစ်လုံးကိုင်ပြီး နေအိမ်တစ်ခုအတွင်း ဝင်ရောက်ဖောက်ခွဲခဲ့ကြောင်း၊ အိမ်ရှိမိသားစုဝင် ၁၀ ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များ ပါဝင်ကြောင်း ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ အကူအညီဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုကို မည်သူက ပြုလုပ်ခဲ့သည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အုပ်ချုပ်ရေးမှူး အဗဒူလ်ဂျဘာနာဟီမီက ဒဏ်ရာရရှိသူများအား အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် တိုက်ခိုက်မှု၏ နောက်ကွယ်က ဖြစ်ရပ်မှန်ကို အမြန်ဆုံးစုံစမ်းဖော်ထုတ်ရန် ညွှန်ကြားထားကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# ထိုင်းနိုင်ငံတောင်ပိုင်း စူရက်ပြည်နယ်တွင် ကားနှင့်ရထားတိုက်မိ



**ဗန်ကောက် ဖေဖော်ဝါရီ ၂၀**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ကားနှင့် ရထား တိုက်မိကာ လူတစ်ဦးသေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံမီဒီယာက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းများ၌ ဖော်ပြသည်။

စူရတ်ဌာနီပြည်နယ်ရှိ ရထားလမ်းကူးတစ်ခုကို ကားကဖြတ်သန်းစဉ် ယခုကဲ့သို့ မတော်တဆဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကားပေါ်တွင် ပါလာသူတစ်ဦး သေဆုံးခဲ့ကာ သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗန်ကောက်ပို့စ် သတင်းတွင် ဖော်ပြထားသည်။ ဗန်ကောက်သို့ ဦးတည်သွားနေသော အဆိုပါရထားမှာ အနည်းငယ်သာ ပျက်စီးသွားခဲ့သော်လည်း ကားမှာမူ လုံးဝပျက်စီးသွားခဲ့ကြောင်းနှင့် ယာဉ်မောင်းမှာ ဆေးရုံရောက်ပြီးမှ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ထိုင်းနိုင်ငံတွင် လမ်းမတော်တဆမှုကြောင့် နှစ်စဉ်လူပေါင်း ၂၄၀၀၀ သေဆုံးလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# IMF နှင့် စီးပွားရေးအထောက်အကူပြု ချေးငွေအစီအစဉ်တစ်ရပ်ကို မွန်ဂိုလီးယားသဘောတူ

**အူလန်ဘာတာ ဖေဖော်ဝါရီ ၂၀**

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)သည် မွန်ဂိုလီးယားနိုင်ငံနှင့် အရေးပေါ် ချေးငွေအစီအစဉ်တစ်ရပ် တိုးချဲ့ထူထောင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အိုင်အမ်အက်ဖ်နှင့် မွန်ဂိုလီးယားတို့သည် ငွေကြေးဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ တန်ဖိုးခန့် ချေးငွေအဖြစ်ထားရှိရန် သဘောတူညီခဲ့ကြကြောင်း အိုင်အမ်အက်ဖ်နှင့် မွန်ဂိုလီးယားအာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါ ချေးငွေအစီအစဉ်၌ သုံးနှစ်စာချေးငွေအတွက် ငွေကြေးဒေါ်လာ သန်း ၄၄၀ ကို အိုင်အမ်အက်ဖ်၊ ဂျပန်၊ တရုတ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ပါဝင်ထည့်သွင်းသွားကြမည်ဖြစ်ပြီး အခြားအဖွဲ့အစည်းများလည်း ကူညီပံ့ပိုးမှုပေးသွားမည်ဟု ဆိုသည်။

တုံ့ပြန်မှုအနေဖြင့် မွန်ဂိုလီးယားသည် ခြိုးခြံချွေတာရေး ဆောင်ရွက်ချက်များဖြင့် နိုင်ငံ၏ငွေကြေးစနစ်ကို ပြန်လည်ထူထောင်သွားမည်ဖြစ်ကာ အခွန်စည်းကြပ်မှုကိုလည်း ပြန်လည်သုံးသပ်သွားမည်ဟု ပြောကြားခဲ့သည်။ မွန်ဂိုလီးယားသည် နိုင်ငံ၏ စီးပွားရေးအတွက် ကျောက်မီးသွေး၊ ကြေးနီနှင့် အခြားလူသုံးကုန်ပစ္စည်း တင်ပို့မှုများကို အထူးအားထားနေရသည်။

ပြီးခဲ့သည့်နှစ်က မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးသည် တိုးတက်မှုမရှိသလောက် ဖြစ်ခဲ့သည်။ ကူညီထောက်ပံ့မှုများမရရှိလျှင် မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးပျက်ပြားနိုင်မည့် အခြေအနေကို စိုးရိမ်ဖွယ်ဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# ကယ်လီဖိုးနီးယားတွင် မုန်တိုင်းတိုက်ပြီး မိုးသည်းထန်စွာရွာသွန်း၊ သေဆုံးသူငါးဦးအထိ မြင့်တက်လာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ပြိုခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းနှင့် လျှပ်စစ်မီးပြတ်တောက်ခြင်းတို့ဖြစ်ပွားခဲ့ရာ ယနေ့ထိ သေဆုံးသူငါးဦးရှိပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းအထိ လော့စ်အိန်ဂျလိစ်နှင့် အနီးတစ်ဝိုက်ရှိမြို့များတွင် မိုးရေချိန် ၈၀ မီလီမီတာမှ ၁၅၀ မီလီမီတာအထိ ရှိခဲ့ကြောင်း၊ အချို့ဒေသများတွင် ရေကြီးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ပြီး သုံးဦးသေဆုံးခဲ့ကာတစ်ဦးမှာ သစ်ပင်ပိ၍ သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လော့စ်အိန်ဂျလိစ်မြို့ပြင်တွင် ကားနှစ်စီး ချောက်ထဲပြုတ်ကျခဲ့ပြီး ကားပေါ်ရှိခရီးသည်များကို ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ရသည်။ ထိခိုက်သေဆုံးမှုစာရင်းကို ယခုချိန်အထိ မသိရသေးချေ။ **(ဆင်ဟွာ)**



# အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**အမျိုးသားတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဒေါက်တာ နေဇင်လတ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ရဟန်းရှင်လူ၊ မိဘပြည်သူများ ရွှင်လန်းချမ်းမြေ့ကြပါစေ**

မကြာခင်မှာဘဲ ကြားဖြတ်ရွေးကောက်ပွဲကြီး ကျင်းပပါတော့မယ်။

မဲဆန္ဒရှင်တွေရဲ့ အဆုံးအဖြတ်ဟာ ဘယ်လောက်အရေးပါသလဲ။ နိုင်ငံရဲ့ အနာဂတ်ကို ဘယ်လောက်ထင်ဟပ်စေခဲ့သလဲ။ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးရဲ့ ဒုတိယသက်တမ်းမှာ ရဟန်းရှင်လူ၊ မိဘပြည်သူတွေ ကိုယ်တိုင်နဖူးတွေ့၊ ဒူးတွေ့ တွေ့ကြုံခံစားခဲ့ရပြီး ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုယ့်လူမျိုး၊ ကိုယ့်အကျိုးစီးပွားအပေါ်မှာသာ ရပ်တည်ခဲ့ကြပြီး ဒီနေ့ မြန်မာ့နိုင်ငံရေးပါတီတွေအထဲမှာ ဘယ်ပါတီက အမျိုးသားအကျိုးစီးပွားအပေါ်မှာ ဘယ်လောက်ရပ်တည်နိုင်ခဲ့ကြတယ်၊ ဥပဒေပြုရေးကို ဘယ်လောက်အထိ စွမ်းဆောင်နိုင်ခဲ့ကြတယ်ဆိုတာကို ထင်ထင်ရှားရှား တွေ့မြင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့-

(၁) နိုင်ငံတကာဖိအားတွေကို ကြီးကြီးမားမား ခံစားနေရတယ်။

(၂) စီးပွားရေးကျဆင်းမှုကို လူတန်းစား(၃)ရပ်လုံး တွေ့ကြုံနေရဆဲဖြစ်ပါတယ်။

(၃) အခြေခံလူတန်းစား အလွန်အမင်း ကျပ်တည်းလာနေပါတယ်။

(၄) ပြုပြင်ပြောင်းလဲမှု ကြီးကြီးမားမား လုပ်ဆောင်နိုင်တာ မတွေ့ရပါဘူး။

(၅) လွှတ်လပ်စွာ ထုတ်ဖော်ခွင့်မှာ နည်းဥပဒေပြဋ္ဌာန်းခြင်းမရှိသေးတဲ့ ပုဒ်မ ၆၆ (ဃ)လိုကြောင့် မီဒီယာတွေအပါအဝင် ပြည်သူလူထု ဒီမိုကရေစီနဲ့ ပြန်လည်ဝေးကွာသလို ခံစားနေရပါတယ်။

(၆) စီမံခန့်ခွဲမှု မှားယွင်းခြင်းကြောင့် အခြေခံလူတန်းစားတွေ စီးပွားရေး၊ လူမှုရေး ဒုက္ခတွေနဲ့ ရင်ဆိုင်နေရတယ်။

(၇) ပြစ်မှုပြစ်ဒဏ်လိုက်လျောညီထွေစွာ မပြင်ဆင်နိုင်မှု၊ အုပ်ချုပ်ရေးကဏ္ဍရဲ့ အရေးယူဆောင်ရွက်မှု အားနည်းခဲ့ခြင်းအတွက်ကြောင့် ရာဇဝတ်မှုတွေ တစ်ဟုန်ထိုး ကြီးထွားလာခဲ့တယ်။

(၈) ခိုးဝင်ဘင်္ဂါလီတွေ၊ လက်နက်တွေ၊ မူးယစ်ဆေးဝါးတွေ အဆီးအတားမဲ့ နီးပါးလောက် ဖြစ်နေတာကိုလည်း တွေ့ရတယ်၊

(၉) မြန်မာ့ငွေကြေး အလွန်တရာကျဆင်းသွားခဲ့တဲ့အတွက်ကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုဒဏ်ကိုလည်း ပြည်သူတွေ အကူအညီမဲ့ ခံစားနေရသလို ဖြစ်ပါတယ်။

**ကျွန်တော်တို့ရဲ့ အမျိုးသားတိုးတက်ရေးပါတီနဲ့ ကြားဖြတ်ရွေးကောက်ပွဲဝင်ကြမယ့် ကိုယ်စားလှယ်လောင်းတွေက-**

- နိုင်ငံရေးစီမံခန့်ခွဲမှု
- စီးပွားရေးစီမံခန့်ခွဲမှု

ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုတဲ့ နိုင်ငံတစ်ခုရဲ့အရေးအကြီးဆုံး စီမံခန့်ခွဲမှု (၃) မျိုးလုံးကို ကောင်းစွာလေ့ကျင့်သင်ကြား၊ လက်တွေ့ဆောင်ရွက်နေကြသူတွေ ဖြစ်ကာ ပညာတတ်၊ ပညာရှင်အများစုနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်ပါတယ်။

ပါတီရဲ့ ထူးခြားချက်က ၂၀၁၅ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ တင်ပြခဲ့တဲ့ အတိုင်း "အာဏာ" ဟာ ရည်မှန်းချက် မဟုတ်ပါဘူး။ မျိုးဆက်သစ်တွေကို နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကောင်းတဲ့ ပညာရပ်တွေ လက်ဆင့်ကမ်းပေးသွားရင်းနဲ့ နိုင်ငံတည်ဆောက်ရေးကို ပံ့ပိုးပေးသွားဖို့သာ ပါတီရဲ့ရည်မှန်းချက်ဖြစ်ပါတယ်။

ပြည်သူတွေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်ကို ပြည်သူတွေ ကျေနပ်မှုမရှိတဲ့အခါမှာ ကိုယ်စားလှယ်အဖြစ် ပြန်လည်ရုပ်သိမ်းခွင့်ဟာ အခုထက်ထိ ချောင်ထိုးထားခြင်း ခံနေရပါတယ်။ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်တွေသာ အရွေးချယ်ခံရမယ်ဆိုရင်- ပြည်သူကို ကိုယ်စားပြုတဲ့ ဥပဒေတွေကို အစဉ်လိုက်၊ အတန်းလိုက် အဆိုပြုတင်သွင်းသွားမှာဖြစ်ကြောင်း ရဟန်းရှင်လူ၊ မိဘပြည်သူတွေကို ဒီနေရာက အသိပေးလိုပါတယ်။ ကတိပေးလိုပါတယ်။

အမျိုးသားအကျိုးစီးပွားအပေါ်မှာ ရပ်တည်တဲ့ ဥပဒေတွေ နိုင်ငံရဲ့စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ပြုပြင်ပြောင်းလဲမှုကို အားပေးမယ့်ဥပဒေတွေ၊ အမျိုးဘာသာ၊ သာသနာအပေါ် ကာကွယ်စောင့်ရှောက်နိုင်မယ့် ဥပဒေတွေ၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အထောက်အပံ့ပြုမယ့် ဥပဒေတွေကို တန်းစီပြီး အဆိုပြုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်တွေသာ လွှတ်တော်ထဲရောက်ပါစေ- လွှတ်တော်ကြီးအရင်ကနဲ့မတူ အပြောင်းအလဲကြီးကြီးမားမားနဲ့ နိုးကြားသွားစေမှာ ဖြစ်ပါတယ်။

**ပါတီရဲ့အခြေခံရပ်တည်ချက်နဲ့ မူဝါဒ**

* တိုင်းရင်းသား ၁၃၅ မျိုးလုံးနဲ့ နိုင်ငံသားဖြစ်ပြီးသားသူတွေရဲ့အမျိုးသားအကျိုးစီးပွားအပေါ်မှာ ပြတ်ပြတ်သားသား ရပ်တည်သွားပါမယ်။
* မူဝါဒ၊ အခြေခံ ရပ်တည်ချက်တူညီတဲ့ မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းတွေနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားပါ့မယ်။
* တိုင်းရင်းသားတွေအကြား တန်းတူအခွင့်အရေးရရှိရေး၊ မှန်ကန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုပုံစံ ကျင့်သုံးနိုင်ရေး၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး ပဋိပက္ခတွေ ချုပ်ငြိမ်းစေရေး။
* အထူးသဖြင့် မျိုးဆက်သစ်တွေအတွက် နိုင်ငံရေးဝန်းကျင် သစ်၊ ပညာအခြေခံ လူ့အဖွဲ့အစည်းသစ်ဖြစ်ပေါ်ရေး။
* အမျိုးသားအကျိုးစီးပွားအပေါ်မှာ အခြေခံပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ကာကွယ်စောင့်ရှောက်လိုစိတ်တွေကို မှန်မှန်ကန်ကန် အစွန်းမရောက်ဘဲ ပြုစုပျိုးထောင်ပေးသွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားများကဏ္ဍ**

အမျိုးသားတိုးတက်ရေးပါတီအနေနဲ့ တိုင်းရင်းသားများကဏ္ဍအပေါ်မှာ အလွန်အလေးအနက်ထားပါတယ်၊ လူမျိုးစွဲ၊ ဒေသစွဲတွေပျောက်ကင်းပြီး မြန်မာနိုင်ငံဟာ တိုင်းရင်းသား ၁၃၅ မျိုးလုံးရဲ့တစ်ခုတည်းသောနိုင်ငံ၊ ရည်မှန်းချက်တစ်ခုတည်း၊ အညီအမျှ ဖွံ့ဖြိုးတိုးတက်မှု၊ အပြန်အလှန် ချစ်ခင်လေးစားမှုရှိပြီး ငြိမ်းချမ်းတဲ့ ၊ သံသယကင်းတဲ့ အခြေအနေတစ်ခုရောက်အောင် ဆောင်ရွက်ဖို့ ရည်မှန်းပါတယ်။

**စီးပွားရေးကဏ္ဍ**

စီးပွားရေးမတိုးတက်တာနဲ့ ကျန်တဲ့ကဏ္ဍတွေမှာ အလိုအလျောက် အားနည်းလာတတ်ပါတယ်။ နိုင်ငံ့စီးပွားရေးတိုးတက်မှုဆိုရာမှာ လူတန်းစားသုံးရပ်ရဲ့အရေးကိစ္စဖြစ်ပါတယ်။ အထူးသဖြင့် ရာခိုင်နှုန်း ၇၀ ကျော်ရှိသေးတဲ့ အခြေခံလူတန်းစားရဲ့ စားဝတ်နေရေးဟာ အဓိကကျပါတယ်။

အခြေခံလူတန်းစားတွေပထမအဆင့်ဦးဆုံး ချောင်လည်ရမှာဖြစ်ပါတယ်။ ဒုတိယအဆင့် ဝင်ငွေတိုးတက်မှုရှိစေရပါ့မယ်။ အလယ်အလတ်လူတန်းစားတွေ ပထမအဆင့်လုပ်ငန်း၊ ဈေးကွက်၊ နည်းပညာ ရယူနိုင်ရပါ့မယ်။ ဒုတိယအဆင့်သူတို့ ချမ်းသာလာကြရပါမယ်။ အပေါ်လွှာလုပ်ငန်းရှင်တွေ ပထမအဆင့် လုပ်ငန်းတိုးချဲ့နိုင်ကြရပါ့မယ်၊ ဒုတိယအဆင့် နိုင်ငံတကာနဲ့ချိတ်ဆက်ပြီး နိုင်ငံတကာလုပ်ငန်းရှင်ကြီးတွေဖြစ်အောင် ပံ့ပိုးပေးရပါ့မယ်။

**တောင်သူလယ်သမား၊ အလုပ်သမားများကဏ္ဍ**

လူဦးရေရဲ့ ရာခိုင်နှုန်း၇၀ ကျော်ရှိတဲ့ တောင်သူလယ်သမားတွေနဲ့ အလုပ်သမားများကဏ္ဍဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒီနေ့ လယ်သမားတွေအနေနဲ့ အကြွေးနွံတောထဲမှာ နစ်နေတာကို စစ်တမ်းတွေအရ တွေ့နိုင်ပါတယ်။ ငွေကြေး အရင်းအနှီး ပံ့ပိုးမှု၊ နည်းပညာ ပံ့ပိုးမှု၊ မှန်ကန်တဲ့ဈေးကွက်ချိတ်ဆက်မှု၊ ဘယ်လိုထွက်ကုန်တွေက လယ်ယာဦးကြီးတွေအတွက် အကျိုးကျေးဇူးအဖြစ်ဆုံးဆိုတာကို သုတေသနတွေပြုလုပ်ပြီး စီမံခန့်ခွဲပေးတဲ့အထိ အမျိုးသားတိုးတက်ရေးပါတီမှာ အစီအစဉ်တွေ ရှိပါတယ်။

အလုပ်သမားတွေအနေနဲ့လည်း လုပ်ခလစာနည်းပါးတဲ့ သာမန်အထွေထွေ လုပ်သားဘဝကနေ ကျွမ်းကျင်မှုပညာတွေမျှဝေပြီး ကျွမ်းကျင်လုပ်သားတွေအဖြစ် သူတို့ဘဝကို မြှင့်တင်ပေးကြရပါလိမ့်မယ်။ သူတို့ရဲ့ပျောက်ဆုံးနေတဲ့ ဘဝအာမခံချက်ကို သူတို့ ကိုယ်တိုင် ထင်ထင်ရှားရှားသိအောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။

**ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍ**

အာဆီယံမှာ ပခုံးချင်းယှဉ်နိုင်ဖို့အတွက် ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍကို မူကြို၊ သူငယ်တန်းကအစ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်ပါမယ်။ သင်ကြားတဲ့ဘာသာ၊ သင်ရိုးညွှန်းတမ်း၊ ပညာရပ်ဆိုင်ရာထောက်ကူပစ္စည်း၊ ဆရာ ဆရာမတွေရဲ့ အရည်အချင်းမြှင့်တင်မှု စတာတွေကို တစ်ခုလုံး ပြုပြင်ပြောင်းလဲရေးလုပ်သွားရပါမယ်။

ကျန်းမာရေးအပိုင်းမှာလည်း ကုသရေး၊ ကြိုတင်ကာကွယ်ရေး၊ စောင့်ရှောက်ရေးအပိုင်းတွေကို ထည့်သွင်းစဉ်းစားကြရပါလိမ့်မယ်။ မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးနဲ့ ကျန်းမာရေးအပိုင်းကို ရေရှည်စီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**အုပ်ချုပ်ရေးကဏ္ဍ**

အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးတချို့လုပ်တာကိုတော့တွေ့ရပါတယ်။ ဒါပေမယ့် စာတွေနဲ့ လက်တွေ့အရည်အချင်းနှစ်ပါးနဲ့ပြည့်စုံတဲ့၊ နိုင်ငံတကာအမြင်ရှိတဲ့၊ စီမံခန့်ခွဲရေးပညာ ကျွမ်းကျင်တဲ့သူတွေနဲ့ ဖွဲ့စည်းထားပြီး Strong Government ဆိုတဲ့ ကြံ့ခိုင်တဲ့အစိုးရအဖြစ် ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။ ဗျူရိုကရေစီယန္တရားရဲ့လည်ပတ်ပုံကို ကောင်းစွာသိရှိပြီး ကောင်းစွာစီမံခန့်ခွဲနိုင်တဲ့ အစိုးရအဖွဲ့ဖြစ်ဖို့လိုပါတယ်။ ဆုံးဖြတ်ရဲတဲ့သူတွေ ၊ ဦးဆောင်ရဲတဲ့သူတွေ ပြဿနာကိုဖြေရှင်းရဲပြီး မူဝါဒအမှန်ချမှတ်နိုင်သူတွေ ဖွဲ့စည်းထားဖို့လိုပါတယ်။

ဗဟိုအစိုးရသာမက ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရတွေ၊ အစိုးရအဖွဲ့ဝင်တွေပါ အရည်အချင်းမြင့်မားသူတွေနဲ့ ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။

**ဥပဒေပြုရေးနဲ့ တရားစီရင်ရေး**

ဒီနေ့ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဟာ ပြောင်းလဲနိုင်မှုများစွာမတွေ့ရသေးပါဘူး။ ပြင်ဆင်၊ ဖြည့်စွက်သင့်တဲ့ ဥပဒေတွေ အများကြီးလိုပါသေးတယ်။ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အပံ့ပြုမယ့် ဥပဒေတွေ၊ ရာဇဝတ်မှုကျဆင်းရေးအတွက် ပြစ်မှု၊ ပြစ်ဒဏ်မျှတတဲ့ ဥပဒေတွေပြဋ္ဌာန်းဖို့ အတော်လိုအပ်နေပါသေးတယ်။ ပြည်သူအခြေပြု ဥပဒေဖြစ်ရပါ့မယ်။ အမျိုးသားအကျိုးစီးပွားကို ပံ့ပိုးပေးတဲ့ ဥပဒေဖြစ်ရပါ့မယ်။



အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်တွေသာ ရွေးချယ်ခံရမယ်ဆိုရင် ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်လောင်းရဲ့ ပိုင်ဆိုင်မှုကို ပြည်သူတွေသိအောင် ကြေညာသွားပါ့မယ်။ အဲဒီဥပဒေဖြစ်တည်ရေးအတွက် ကြိုးစားသွားပါ့မယ်။ ကိုယ်စားပြု မဲဆန္ဒရှင်တွေရဲ့ အကျိုးစီးပွားကို မထမ်းဆောင်နိုင်လို့ ကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းချင်ရင်လည်း ရုပ်သိမ်းနိုင်အောင် Right to recall ဆိုတဲ့ ကိုယ်စားလှယ်အဖြစ်က ပြန်လည်ရုပ်သိမ်းရေးဥပဒေကို နည်းဥပဒေထွက်အောင်လို့ လိုက်နာကျင့်သုံးနိုင်အောင် အဆိုပြုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**နိုင်ငံတကာဆက်ဆံရေး**

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျကျ တည်ရှိနေပေမယ့် နိုင်ငံရဲ့စီးပွားရေးတောင့်တင်းမှုမရှိသေးတဲ့အတွက်ကြောင့် တခြားနိုင်ငံတွေထက် နိုင်ငံတကာဆက်ဆံရေးမှာ ပိုပြီးအရေးကြီးတဲ့ အခြေအနေကို ရောက်ရှိနေပါတယ်၊ အထူးသဖြင့် လောလောဆယ် ရင်ဆိုင်နေရတဲ့ ရခိုင်ဒေသ၊ အရှေ့မြောက်စစ်ပွဲတွေ နိုင်ငံတကာရဲ့ ဖိအားတွေဟာ နိုင်ငံအတွက် အလွန်တရာကြီးမားလှပြီး နိုင်ငံတကာဆက်ဆံရေး လိမ္မာပါးနပ်မှုမရှိခဲ့ရင် မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ ထိပါးနိုင်တဲ့ အခြေအနေဖြစ်တာကို ရဟန်းရှင်လူ၊ ပြည်သူအများ အတော်အတန်သိပြီး ဖြစ်တယ်လို့ ယူဆပါတယ်။

အမျိုးသားတိုးတက်ရေးပါတီရဲ့နိုင်ငံတကာဆက်ဆံရေးမူဝါဒမှာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ "ကြားနေမူဝါဒ" ကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ပြီး ပါးနပ်လိမ္မာတဲ့ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်။ ပြည်တွင်း ငြိမ်းချမ်းရေး၊ နိုင်ငံတကာ ဖိအားတွေ လျော့ကျရေးဟာ နိုင်ငံတကာ ဆက်ဆံရေးနဲ့များစွာ ဆက်စပ်နေတယ်ဆိုတာကို အမျိုးသားတိုးတက်ရေးပါတီက ကောင်းစွာ သဘောပေါက်နားလည်ထားပြီး ဖြစ်ပါတယ်။

**လူငယ်မျိုးဆက်သစ်**

နိုင်ငံရဲ့ အနာဂတ်ဟာ လူငယ်မျိုးဆက်သစ်တွေရဲ့ အနာဂတ်ဖြစ်ပါတယ်။ ပြည့်ဝတဲ့ပညာ၊ လက်တွေ့ပါတဲ့ အတွေ့အကြုံ၊ နိုင်ငံတကာအမြင်ရှိတဲ့ လူငယ်မျိုးဆက်သစ်တွေ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အခုဆိုရင် စီးပွားရေးမဟာဘွဲ့၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး မဟာဘွဲ့၊ နိုင်ငံရေးစီမံခန့်ခွဲရေး ဘွဲ့လွန်နဲ့ မဟာဘွဲ့အရေအတွက် ၄၀၀၀ လောက်ကို မွေးထုတ်ပေးခဲ့ပြီး ပါရဂူဘွဲ့ ပထမအသုတ် ကိုးဦး၊ ဒုတိယအသုတ် ငါးဦးကို လေ့ကျင့်ပျိုးထောင်ဆဲ ဖြစ်ပါတယ်။

**နိဂုံးချုပ်**

အစိုးရတစ်ရပ်ကိုပဲဖြစ်ဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုပဲ ဖြစ်ဖြစ် ရွေးချယ်ပေးလိုက်တယ်ဆိုရာမှာ အမျိုးသားအကျိုးစီးပွားကို ပြည်သူ့ကိုယ်စား ထမ်းဆောင်စေလိုက်ခြင်းပဲ ဖြစ်ပါတယ်။ "အမျိုးသားရေးစိတ်ဓာတ်" ဆိုတာမရှိဘဲ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်လို့ မရပါဘူး။ အမျိုးသားရေး စိတ်ဓာတ်ဆိုတာ အစွန်းရောက် စိတ်ဓာတ်မျိုးမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းလို စိတ်ဓာတ်မျိုး၊ ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို အဓိကထားတဲ့စိတ်မျိုး၊ ပြောရရင် အခုအမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ "အမေရိကန်သာပထမ" ဆိုတဲ့ စိတ်ဓာတ်မျိုးဖြစ်ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီဟာ "မြန်မာနိုင်ငံသာ ပထမ" ဆိုတာကို အခြေခံထားပြီး တစ်ခုတည်းသော စီးပွားရေး၊ နိုင်ငံရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနဲ့ ပါရဂူဘွဲ့တွေကို စာတွေ့သာမကဘဲ လက်တွေ့ပါ အတွေ့အကြုံရှိ ပညာတတ်အများစုနဲ့ ဖွဲ့စည်းထားတဲ့ ပညာအခြေခံနိုင်ငံရေးပါတီတစ်ခု ဖြစ်တယ်ဆိုတာကို ရဟန်းရှင်လူ၊ ပြည်သူတစ်ရပ်လုံးကို လေးစားစွာ အသိပေးလိုပါတယ်။

အမျိုးသားအကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာအပေါ် အလေးထားဆောင်ရွက်မယ့်ပါတီဖြစ်ပြီး အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်တွေသာ အရွေးချယ်ခံရမယ်ဆိုရင် ဥပဒေပြုရေးဝန်းကျင်တစ်ခုလုံး လှုပ်လှုပ်ရှားရှား နိုးနိုးကြားကြား ဖြစ်သွားစေမှာဖြစ်ပြီး ဥပဒေပြုရေးကတစ်ဆင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကိုပါ များစွာအထောက်အကူ အကျိုးပြုနိုင်ပါလိမ့်မယ်လို့ အသိပေးလိုပါတယ်။

ဒါကြောင့် -

- ဦးဆောင်သူကိုလည်း ကြည့်ပါ
- ပါတီကိုလည်း ကြည့်ပါ
- ကိုယ်စားလှယ်လောင်းကိုလည်း လေ့လာပြီးတော့

အမှန်တကယ် ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးအကျိုးအတွက် စဉ်းစားကြမယ်ဆိုရင် အမျိုးသားတိုးတက်ရေးပါတီက ကိုယ်စားလှယ်လောင်းကိုသာ မဲထည့်ခြင်းနဲ့ စနစ်တစ်ခုကို အမှန်တကယ် စစ်စစ်မှန်မှန် ပြောင်းလဲနိုင်ပါလိမ့်မယ်လို့ တင်ပြရင်း နိဂုံးချုပ် လိုက်ရပါတယ်။

**ကျန်းမာ ချမ်းသာကြပါစေ**

# သွေးကင်ဆာဝေဒနာရှင်ကလေးများအတွက် ထောက်ပံ့မည့်ရန်ပုံငွေအဖွဲ့ ဖွဲ့စည်း

**မန္တလေး ဖေဖော်ဝါရီ ၂၀**
သွေးကင်ဆာ ကလေးငယ်ဖြစ်ပွားမှု ဦးရေသည် ၂၀၁၆ ခုနှစ်အထိ စာရင်းများအရ ၈၀ အထိရှိလာသဖြင့် အမျိုးအစားခွဲခြား၍ ထိရောက်သောကုသမှုများ ဆောင်ရွက်နိုင်ရန် သွေးကင်ဆာ ကလေးငယ်များ ကူညီရေး ရန်ပုံငွေအဖွဲ့ကို ဖွဲ့စည်းခြင်းဖြစ်ကြောင်း ယင်းဆေးရုံမှ အသည်းရောဂါနှင့် ကင်ဆာဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာရီရီကျော်က ပြောကြားသည်။

"၂၀၁၀ တုန်းကဆိုရင် လူနာဦးရေ ၃၀ ပဲရှိရာကနေ ၂၀၁၆ မှာ ၈၀အထိ ဖြစ်လာတယ်။ သွေးကင်ဆာကလေးတွေကို ခေါင်းစဉ်တစ်ခုတည်းမဟုတ်ဘဲ အမျိုးအစားခွဲဖို့ လိုလာပါတယ်၊ အမျိုးအစားခွဲမှ ထိရောက်တဲ့ ကုသမှုမျိုးကို လုပ်နိုင်မယ်၊ အမျိုးအစားတစ်ခုချင်းစီကို အပြင်ခတ်ခွဲခန်းမှာစမ်းသပ်ရင် တစ်မျိုးကို လေးသောင်းနဲ့ လေးမျိုးဆိုရင် တစ်သိန်းခြောက်သောင်းလောက်ကျမယ်၊ ကလေးတွေကို အမျိုးအစားခွဲခြားတဲ့နေရာမှာ ပိုက်ဆံမယူဘဲ ကူညီပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ဖွဲ့စည်းလိုက်တာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံကြီးတွင် သွေးကင်ဆာ ကလေးငယ်များ ကူညီရေးရန်ပုံငွေအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သွေးကင်ဆာ ကလေးငယ်များကူညီရေး ရန်ပုံငွေအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားတွင် အလှူငွေကျပ် ၆၆သိန်းကျော်ရရှိပြီး ပထမအဆင့်အနေဖြင့် သွေးကင်ဆာ အမျိုးအစားခွဲခြင်းများကို လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေ ပိုမိုတောင့်တင်းခိုင်မာလာပြီး အဖွဲ့အစည်းအသက်ဝင်လာပါက ဆေးကုသမှုအပိုင်းတွင် လိုအပ်သည်များကို ကူညီထောက်ပံ့ပေးနိုင်ရန်အထိ ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

**လက်ဆင့်ကမ်းဆောင်ရွက်သွားမည်**

သွေးကင်ဆာလူနာများအနေဖြင့် ဆေးကုသမှုခံယူရန် မလာရောက်နိုင်သည့် လူနာများနှင့် ခရီးဝေးမှလာသည့် လူနာများကို လမ်းစရိတ်များ ထောက်ပံ့နိုင်ရန်အထိ ရည်ရွယ်ထားပြီး ပထမတစ်နှစ်အနေဖြင့် အမျိုးအစားခွဲသည့် စမ်းသပ်မှုထိသာ ထောက်ပံ့မှုပြုနိုင်မည်ဖြစ်ကာ နောက်ပိုင်းတွင် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို နောင်မျိုးဆက်သစ်များကို ဆက်လက်လက်ဆင့်ကမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


■ *ကျောဖုံးမှ*
ခဲ့ပြီး ရွေးချယ်ထားသည့် ပဏာမကစားသမား ၅၀ ကို နှစ်သင်းခွဲ၍ ဖီနစ်အသင်းအမည်ဖြင့် ပထမတန်း စီနီယာပြိုင်ပွဲနှင့် ပထမတန်း ယူ-၂၀ ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ နိုင်ငံတကာ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲခြောက်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်က ကိုင်တွယ်လျက်ရှိပြီး ဖေဖော်ဝါရီ ၁၉ ရက်က ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် စင်ကာပူ ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ -၁၈ အသင်းသည် ဧပြီလတွင် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သလို ဩဂုတ်လတွင်လည်း ပြည်ပလေ့ကျင့်ရေး ခရီးစဉ်များ သွားရောက်မည်ဖြစ်သည်။ မြန်မာယူ-၁၈ အသင်းသည် အာဆီယံပြိုင်ပွဲအပြီးတွင် အာရှယူ -၁၉ ခြေစစ်ပွဲထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို ၂၀၀၃ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယင်းနောက်ပိုင်းတွင် ယူ-၁၉ ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခဲ့ကာ ယခုအကြိမ်သည် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်သည်။ ပထမအကြိမ်ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ ကျင်းပခဲ့ပြီး မြန်မာယူ-၁၈ အသင်းက ဖိုလ်စွဲခဲ့သည်။

# ဝက်သက်ရောဂါကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ ဝက်သက်ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်မထိုးနှံထားပါကအသက်အရွယ်မရွေးရောဂါကူးစက်ဖြစ်ပွားနိုင်သည်။လွန်စွာကူးစက်လွယ်၍ကပ်ရောဂါအသွင် ဖြစ်ပွားနိုင်သည်။



**ဝက်သက်ရောဂါ၏ရောဂါလက္ခဏာများ**

- ဖျားခြင်း၊
- ခန္ဓာကိုယ်အနှံ့အပြားတွင်အနီစက်၊အနီရောင်အဖုအပိမ့်များထွက်ပေါ်ခြင်း (အရည်ကြည်ဖုများမဟုတ်ပါ)၊
- ချောင်းဆိုးခြင်း၊နှာရည်ယိုခြင်းနှင့် မျက်လုံးနီ၍မျက်ဝတ်ထွက်ခြင်း

ဝက်သက်ရောဂါဖြစ်ပွားပြီးနောက်အဆုတ်ရောင်ခြင်း(နမိုးနီးယား)၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ပွားခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်း စသည့်နောက်ဆက်တွဲရောဂါများ ဖြစ်ပွားတတ်ပြီး အသက်သေဆုံးနိုင်ပါသည်။

**ရောဂါကူးစက်ပုံနည်းလမ်း**

ဝက်သက်ရောဂါသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းမှတစ်ဆင့် အဓိကကူးစက်တတ်ပြီး နှာခေါင်းနှင့် လည်ချောင်းတို့မှ ထွက်ရှိသောအရည်များကို ထိတွေ့မိခြင်း၊ လူနာနှင့် အနီးကပ်ထိတွေ့နေထိုင်ခြင်းတို့မှတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်သည်။

**ဝက်သက်ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရန်အတွက်-**

- ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကလေးအသက် ကိုးလတွင်ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေးကိုလည်းကောင်း၊ အသက် ၁၈ လတွင် ဝက်သက်ရောဂါကာကွယ်ဆေးကိုလည်းကောင်း မပျက်မကွက်ထိုးနှံပါ။
- မိမိရပ်ကွက်၊ ကျေးရွာအတွင်း ဝက်သက်ရောဂါဖြစ်ပွား၍ တုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ အစုလိုက် ကာကွယ်ဆေးထိုး လုပ်ငန်းများဆောင်ရွက်ပါက မပျက်မကွက်သွားရောက်ထိုးနှံပါ။
- မိမိရပ်ရွာအတွင်း ဝက်သက်ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသော အသက် (၅)နှစ်အောက် ကလေးများကို တွေ့ရှိပါက ပုံမှန်ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ထိုးနှံနိုင်ရန် အသိပေးတိုက်တွန်းပါ။
- ဝက်သက်ရောဂါလက္ခဏာများ ဖြစ်ပွားလာပါကနီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့၍ ထိရောက်သော ဆေးကုသမှုခံယူပါ။
- ရောဂါဖြစ်ပွားသူလူနာများအနေဖြင့် လူအများစုဝေးရာနေရာသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် ပါးစပ်နှင့် နှာခေါင်းကိုလက်ကိုင်ပဝါဖြင့် ဖုံးအုပ်ပါ။ လက်ကိုင်ပဝါ အဆင်သင့် မရှိပါက ပါးစပ်နှင့် နှာခေါင်းကိုလက်မောင်းဖြင့် ဖုံးအုပ်၍ ချောင်းဆိုး၊ နှာချေပါ။
- လူနာ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ပြီးလျှင်ဖြစ်စေ၊ လူနာအားပြုစုပြီးလျှင်ဖြစ်စေ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စင်ကြယ်အောင် ဆေးကြောပါ။မကြာခဏလက်ဆေးပါ။
- ဝက်သက်ရောဂါ၏ ပြင်းထန်သောနောက်ဆက်တွဲရောဂါများမှ ကာကွယ်နိုင်ရန် အာဟာရပြည့်ဝစွာ စားသုံးပါ။

**ဝက်သက်ရောဂါဖြစ်ပွားမှုကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့်**
**ထိရောက်စွာကာကွယ်ပေးနိုင်သည်**

**ဂန္ဓဝင်ရွှေပုဂံ Travel & Tours**

" သက်ြ္ဒိန်ခရီးစဉ်များ "

| | | |
|---|---|---|
| ဗန်ကောက် | (၅/၆)ရက် | USD 600 |
| ဗန်ကောက်+ ဖူးခက် | (၅/၆)ရက် | USD 900 |
| ဗန်ကောက်+ ကန်ချနာပူရီ | (၅/၆)ရက် | USD 650 |
| ဗန်ကောက်+ ကမ္ဘောဒီးယား | (၅/၆)ရက် | USD 680 |
| စင်ကာပူ | (၃/၄)ရက် | USD 780 |
| စင်ကာပူ+ မလေးရှား | (၇/၈)ရက် | USD 1200 |
| ဘာလီ | (၄/၅)ရက် | USD 1000 |
| စင်ကာပူ+ ဘာလီ | (၆/၇)ရက် | USD 1400 |
| သီရိလင်္ကာ (ဗုဒ္ဓစွယ်တော်) | (၆/၇)ရက် | USD 1300 |
| ဗုဒ္ဓဂယာ(Normal Package) | (၁၄/၁၅)ရက် | ၁၂ သိန်း |
| ဗုဒ္ဓဂယာ(Hotel Package) | (၇/၈)ရက် | USD 980 |
| မော်လဒိုက် | (၃/၄)ရက် | USD 1600 |
| ဘူတန် | (၄/၅)ရက် | USD 2200 |
| ကာ့ရှ်မီးယား | (၅/၆)ရက် | USD 1600 |
| ဂျပန် | (၇/၈)ရက် | USD 2750 |
| ဂျပန် (ဟော့ကိုင်းဒိုးအပါအဝင်) (၈/၉) ရက် USD 3300/ | (၉/၁၀)ရက် | USD 3500 |
| ဥရောပ (၃)နိုင်ငံ (၉/၁၀)ရက် USD 2900/ | (၁၀/၁၁)ရက် | USD 3100 |
| ဥရောပ (၆)နိုင်ငံ | (၁၄/၁၅)ရက် | USD 3900 |
| ဥရောပ (၃)နိုင်ငံ+ အင်္ဂလန် | (၁၅/၁၆)ရက် | USD 4900 |
| အင်္ဂလန်+ စကော့တလန်+ ဝေးလ်ပြည်နယ် | (၁၀/၁၁)ရက် | USD 4000 |
| ဂရိ (အေသင်၊ ဆန်တိုရီနီ) | (၁၀/၁၁)ရက် | USD 3600 |
| စပိန်+ ပေါ်တူဂီ | (၁၁/၁၂)ရက် | USD 3400 |
| စကင်ဒီနေးဗီးယား (၄)နိုင်ငံ | (၁၂/၁၃)ရက် | USD 4500 |
| ချက်၊ ဟန်ဂေရီ၊ ဩစတြေးလျ၊ ပိုလန် | (၁၂/၁၃)ရက် | USD 3300 |
| အမေရိကန် (East+West) | (၁၂/၁၃)ရက် | USD 4000 |
| အမေရိကန် (East+West+Hawaii) | (၁၅/၁၆)ရက် | USD 5000 |
| ဩစတြေးလျ (ဆစ်ဒနီ+မဲလ်ဘုန်း+ဘရစ်စဘင်း+ဂိုးလ်ကို့စ်) | (၁၀/၁၁)ရက် | USD 3500 |
| အီဂျစ်၊ အစ္စရေး၊ ဂျော်ဒန်၊ ပါလက်စတိုင်း | (၉/၁၀)ရက် | USD 2500 |
| ဗီယက်နမ် (ဟန္နိုင်း+ဟာလောင်ဘေး) | (၃/၄)ရက် | USD 600 |
| ဗီယက်နမ် (ဟန္နိုင်း+ဟာလောင်ဘေး+ဟိုချီမင်း) | (၅/၆)ရက် | USD 850 |
| ဗီယက်နမ် + ကမ္ဘောဒီးယား | (၇/၈)ရက် | USD 1400 |
| ထိုင်ဝမ် | (၅/၆)ရက် | USD 1200 |
| ဟောင်ကောင်+ မကာအို | (၄/၅)ရက် | USD 1300 |
| ဟောင်ကောင်+ ကွမ်ကျိုး+ မကာအို | (၇/၈)ရက် | USD 1650 |
| ပီကင်း+ ရှန်ဟိုင်း+ ကူမင်း | (၇/၈)ရက် | USD 1700 |
| ပီကင်း+ ရှန်ဟိုင်း+ ဟောင်ကောင် | (၇/၈)ရက် | USD 1700 |
| ပီကင်း+ ရှန်ဟိုင်း+ စီအမ် | (၇/၈)ရက် | USD 1700 |
| စီအမ်+ ချန်ဒူး | (၇/၈)ရက် | USD 1700 |
| ကူမင်း၊ တာလီ၊ လီကျန်း၊ ရှန်ဂရီလာ | (၆/၇)ရက် | USD 1400 |
| ကိုရီးယား | (၇/၈)ရက် | USD 1800 |
| ဒူဘိုင်း+ အဘူဒါဘီ | (၇/၈)ရက် | USD 1900 |
| ရုရှား | (၇/၈)ရက် | USD 3000 |

အထက်ပါ ခရီးစဉ်များအတွက် အရောင်းတာဝန်ခံ ဖုန်းနံပါတ်များ ၀၁ – ၅၁၀ ၄၉၁၊ ၅၁၉ ၂၉၃
အထက်ပါ ခရီးစဉ်များအတွက် အရောင်းတာဝန်ခံ ဖုန်းနံပါတ်များ ၀၁ – ၅၁၉ ၂၉၂၊ ၀၉ – ၇၆၂ ၇၃၆ ၂၄၈
အထက်ပါ ခရီးစဉ်များအတွက် အရောင်းတာဝန်ခံ ဖုန်းနံပါတ်များ ၀၁– ၅၁၉ ၃၆၀၊ ၅၀၀ ၁၉၁၊ ၀၉–၇၆၂ ၇၃၆ ၂၄၇

(MDY Office): 38 Rd, Bet, 78 x 79 Street, Mandalay. (Ygn Office): No.67, Baho Road, Sanchaung Township, Yangon Hot Line : 09 - 790 90 1466

ထာဝရ
Ph: 09 260360006, 09 260360066, 09 250570004

**မွေးသက္ကရာဇ်အမှန်**
လေးမျက်နှာမြို့နယ်၊ လဟာကြီးအုပ်စု၊ ကညင်ပင်လှကျေးရွာနေ ဦးကျော်နိုင်၏သမီး မယဉ်နွယ်ထွန်း ၁၄/လမန(နိုင်)၁၁၁၉၉၆၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၈-၁၉၉၈ ဖြစ်ပါကြောင်း။ **မယဉ်နွယ်ထွန်း**

**မြန်မာနိုင်ငံ ဗိသုကာအသင်း**
**(Association of Myanmar Architects)**
**နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့်**
**ညစာစားပွဲဖိတ်ကြားခြင်း**

မြန်မာနိုင်ငံဗိသုကာအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ၊ သက်ကြီးပူဇော်ပွဲ၊ အလုပ်အမှုဆောင်ရွေးချယ်ပွဲနှင့် ညစာစားပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်းတက်ရောက်ချီးမြှင့်ပေးပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ရက်စွဲ** - ၄-၃-၂၀၁၇ ရက်(စနေနေ့)
**စတင်ရောက်ရှိရန်** - ညနေ ၄ နာရီ
**အစည်းအဝေးစတင်ချိန်** - ညနေ ၅ နာရီ
**နေရာ** - အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်

**မှတ်ချက်** - အသင်းသားစုံညီ ညီလာခံတွင် (၂၀၁၇-၂၀၁၈)အလုပ်အမှုဆောင်ကော်မတီဝင်အသစ်များကို ရွေးချယ်တင်မြှောက်မည် ဖြစ်ပါသဖြင့် Sr.LA,LA, RAများနှင့် အသင်းဝင်များအားလုံး မဲပေးရန်အတွက် တက်ရောက်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

- မြန်မာနိုင်ငံ ဗိသုကာအသင်း(၂၀၁၇-၂၀၁၈) အလုပ်အမှုဆောင်အဖြစ်တာဝန်ထမ်းဆောင်ရန် အဆိုပြုလိုသူများမှလည်း အဆိုပြုလွှာများကို အသင်းရုံးခန်းတွင်ဖြစ်စေ၊ E-Mailမှဖြစ်စေ ထုတ်ယူနိုင်ပြီး ၂၇-၂-၂၀၁၇ရက်နောက်ဆုံးထားပြီး လျှောက်လွှာများ ပြန်လည်တင်သွင်းပေးရမည် ဖြစ်ပါသည်။
- ၂၀၁၇ ခုနှစ်အတွက် သက်တမ်းတိုးနှစ်စဉ်ကြေးမပေးသွင်းရသေးပါက ညီလာခံတွင် ပေးသွင်းနိုင်ပါသည်။ အသင်းမဝင်ရသေးသူများအနေဖြင့် မြန်မာနိုင်ငံဗိသုကာ အသင်းရုံးခန်းတွင် ဖြစ်စေ(သို့) ညီလာခံတွင် ဖြစ်စေ မှတ်ပုံတင်ကြေး (၅၀၀၀)ကျပ်၊ နှစ်စဉ်ကြေး(၁၀၀၀၀)ကျပ်ဖြင့်၊ ဘွဲ့လက်မှတ်မိတ္တူနှင့်တကွ အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။
- အသင်းသားများတစ်ဦးချင်းစီအား ဖိတ်စာသီးခြားပေးပို့ခြင်း မရှိပါ။
- ဗိသုကာသက်ကြီးများအတွက် သီးခြားအလှူငွေများလည်း ကြိုတင်ထည့်ဝင်နိုင်ပါသည်။

**အလုပ်အမှုဆောင်ရွေးကောက်ပွဲကော်မတီ**
**မြန်မာနိုင်ငံဗိသုကာအသင်း**
ဖုန်း-၀၉-၇၃၁၅၄၄၆၀၊ ၀၉-၉၆၃၄၂၂၅၅၆

**နှိုးဆော်ဖိတ်ကြားလွှာ**

ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သက်ကြီးသဘင် ပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲနှင့် သဘင်သီချင်း ပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးမှ ကြီးမှူးကာ ကျင်းပပြုလုပ် မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်ရှိ သဘင် မိခင်၊ ဖခင် ဘိုးဘွားများ၊ သဘင်အဖွဲ့များ၊ သဘင်အနုပညာရှင်များ၊ သဘင်လူကူအဖွဲ့များ၊ သဘင်အနုပညာကို ချစ်မြတ်နိုးသူများနှင့် အလှူရှင်များအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်နိုင်ကြပါရန် ဖိတ်မန္တက ပြုအပ်ပါသည်။

**နေ့ရက်** - ၂၂-၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)
**နေရာ** - အမျိုးသားဇာတ်ရုံ (ရန်ကုန်)
**အချိန်** - ညနေ ၄ နာရီ မှ ၆ နာရီ
(ညစာဖြင့် တည်ခင်းဧည့်ခံပါမည်။)

ည ၇ နာရီတွင် အကောင်းဆုံး သဘင်သီချင်း (၅)ပုဒ် ဖျော်ဖြေမှုနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေမှုများ တင်ဆက်မည်ဖြစ်ပြီး အကောင်းဆုံး သဘင်သီချင်းအား ကြေညာ၍ ဆုချီးမြှင့်ပါမည်။

**မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)**

**ဆရာဌေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
**ဧွ(၃)လနှင့် ပုံမှန်တန်းခွဲများ**
ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။
၄တန်းမှ ၆တန်းထိ နှင့် ၇၊၈၊၉၊၁၀ တန်းများ
ဧွ- March 7,8 စမည်။ ✦ Guide များ အိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 2K/7209 Toyota Hilux Vigo KUN 26k P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသန်းနိုင် ၇/ဖမန(နိုင်)၀၂၄၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

# ရထားစီးခရီးသည်တစ်ဦး၏လည်ပင်းမှ နှစ်ကျပ်သားခန့်ရှိ ဆွဲကြိုးဖြတ်ယူထွက်ပြေးသူ ဖမ်းမိ

**သာစည် ဖေဖော်ဝါရီ ၂၀**

မန္တလေးဘူတာကြီးမှ ထွက်ခွာလာသော အမှတ်(၄)အစုန်ရထားအထက်တန်းတွဲ တွဲအမှတ်(၂) ထိုင်ခုံအမှတ် A-10 တွင် စီးနင်းလိုက်ပါလာသော ခရီးသည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်တွင် နေထိုင်သူ အသက် (၄၆နှစ်)ရှိ ဒုတိယရဲမှူး မျိုးညွန့်၏ လည်ပင်းတွင်ဆွဲထားသည့် အလေးချိန်နှစ်ကျပ်သား၊ ကာလတန်ဖိုးငွေကျပ် ၁၈ သိန်းခန့်ရှိ၊ ကြံစစ်ရွှေဆွဲကြိုးတစ်ကုံးကို အမျိုးသားတစ်ဦးက သဲတောဘူတာမှ ရထားအထွက် မိုင်တိုင်အမှတ်-၃၂၂/၁ နှင့် ၃၂၂/၄ ကြားအရောက်တွင် ရုတ်တရက်ဆွဲဖြတ်ယူ၍ ရထားပေါ်မှ ခုန်ချထွက်ပြေးသွားခဲ့သည့် မှုခင်းတစ်ရပ် ဖေဖော်ဝါရီ ၁၇ ရက်က ဖြစ်ပွားခဲ့သည်။

သာစည်ရထားရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်မင်းနိုင်နှင့် နယ်ထိန်းရဲဒုတိယတပ်ကြပ် ကျော်သူရတို့က ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် အခင်းဖြစ်ပွားခဲ့သည့်နေရာသို့ ညတွင်းချင်း သွားရောက်ကြပြီး နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ စုံစမ်းထောက်လှမ်းခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် သဲတောမြို့နှင့် ရိုးရွာကျေးရွာသို့သွားသည့် မြေသားလမ်းဘေးရှိ ဇရပ်ပျက်အတွင်းတွင် ပုန်းအောင်းနေသည့် ပြစ်မှုကျူးလွန်ခဲ့သူ အောင်ကိုဝင်း(ခ)ဘုတ်ပွကို သက်သေခံရွှေဆွဲကြိုး အပိုင်းပြတ်စ ရှစ်လက်မခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြသည်။

အမှုနှင့်ပတ်သက်၍ အောင်ကိုဝင်း(ခ)ဘုတ်ပွ (၃၁)နှစ် ဝမ်းတွင်းမြို့နယ် ရိုးကျေးရွာ နေသူကို သာစည်ရထားရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**မောင်ကို(သာစည်)**



# တာချီလိတ်၌ လူငယ်များထံမှ ခိုးယူရွှေထည်ပစ္စည်းများ ဖမ်းမိ

**တာချီလိတ် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက်၌ ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းက လူငယ်ခြောက်ဦးထံမှ ခိုးယူလာဖွယ်ရှိသည့် ရွှေနှင့်ရွှေရည်စိမ်ပစ္စည်း ဆွဲကြိုး၊ နားကပ်၊ လက်စွပ်၊ ကျောက်၊ လက်ကောက်၊ ဟမ်းချိန်း ၁၅ မျိုးတို့ကို ဖမ်းဆီးရမိသည်။

တာချီလိတ်ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဆေးခမ်းရပ်ကွက်အတွင်း နယ်မြေသတင်းစုံစမ်းနေစဉ် ရောင်နီဦးဆီပန့်ရှေ့တွင် မသင်္ကာဖွယ်တွေ့ရှိသူ သူရအောင်(၁၆နှစ်)၊ မျိုးဦး(၁၇နှစ်)၊ အိုက်အောင်(၁၄ နှစ်)၊ ဟိန်းဝင်းထွန်း(၁၇နှစ်)၊ ဥတ္တလ(၁၆ နှစ်)တို့ငါးဦးအား ဟောင်လိတ်ရဲကင်းစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်းတို့ငါးဦးသည် ရွှေထည်ပစ္စည်းများအား ဆေးခမ်းရပ်ကွက်နေ တင်မိုးလင်း (၁၇နှစ်)ထံတွင် ရောင်းချပေးရန်အပ်နှံထားကြောင်း စစ်ဆေးသိရှိရသဖြင့် တင်မိုးလင်း၏နေအိမ်အား သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ ဆန္ဒင်းမကင်းဆွဲသီးပုံပါ အုန်းဆံကြိုးအလုံးပုံ ၃၄ ဂရမ်ခန့် ဆွဲကြိုးတစ်ကုံး၊ အုန်းဆံကြိုးပုံပါ ရွှေဆွဲကြိုး ၇ ဒသမ ၈ ဂရမ်ခန့် ရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်နီပါ ရွှေနားကပ် ၂ ဒသမ ၈ ဂရမ်ခန့် တစ်ရံ၊ ယပ်တောင်ပုံပါ ရွှေလက်စွပ် ၇ ဒသမ ၄ ဂရမ်ခန့် တစ်ကွင်း၊ ပုလဲကျောက်ပါ ရွှေလက်စွပ် ၂ ဒသမ ၈ ဂရမ်ခန့် တစ်ကွင်း၊ အသဲပုံဆွဲပြားပါ လေးထောင့်ပုံဘတ်ကြိုး ၃၂ ဂရမ်ခန့် တစ်ကုံး၊ အဖြူရောင်ပုလဲအသေး ၁ ဒသမ ၄ ဂရမ်ခန့် နှစ်လုံး၊ အစိမ်းရောင်ကျောက်ပွင့်အသေး ၁ ဒသမ ၅ ဂရမ်ခန့် ၁၉ ပွင့်၊ အဝါရောင်ကျောက် ၅ ဂရမ်ခန့် တစ်လုံး၊ လေးထောင့်အုန်းဆံကြိုးပုံ ကြေးရွှေရည်စိမ် ၄၀ ဂရမ်ခန့် ဆွဲကြိုးတစ်ကုံး၊ လေးထောင့် ဖိုမီးကြိုးပုံ ကြေးရွှေရည်စိမ် ၂၈ ဂရမ်ခန့် ဆွဲကြိုးတစ်ကုံး၊ ကျောက်ဖြူဖဲပြားပုံ ကြေးရွှေရည်စိမ်လက်ကောက် ၁၇ ဂရမ်ခန့် တစ်ကွင်း၊ အသည်းပုံပါ ကြေးရွှေရည်စိမ်ဟမ်းချိန်း ၈ ဂရမ်ခန့် တစ်ကုံး၊ ပန်းပွင့်ပုံကြေးရွှေရည်စိမ် နားကပ် ၅ ဂရမ်ခန့် တစ်ရံ၊ ကြေးရွှေရည်စိမ်နားကပ် ၅ ဂရမ်ခန့် တစ်ဖက်တို့ကို တွေ့ရှိသဖြင့် သက်သေများရှေ့တွင် သူရအောင်ပါငါးဦးနှင့် တင်မိုးလင်းတို့ထံမှ ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိသည်။

သိမ်းဆည်းရမိသောပစ္စည်းများနှင့် ပတ်သက်၍ ၎င်းတို့ခြောက်ဦးအား အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရဲနွယ်ဆည်ရေပိုလွှဲအနီး စက်လှေလေးစင်းနှင့်အတူ တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိ



**ကျောက်တံခါး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း ရဲနွယ်ဆည်ရေပိုလွှဲအနီး၌ ဖေဖော်ဝါရီ ၁၈ ရက် က စက်လှေလေးစင်းနှင့်အတူ တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး သစ်တောဦးစီးဌာနတာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရဲနွယ်ဆည်ရေပိုလွှဲအနီး၌ ဂျင်ဒေါင်း ၂၅ ကောင်အင်ဂျင်တပ်စက်လှေ လေးစင်းနှင့်အတူ ကျွန်းခွဲသားဆိုက်စုံ အချောင်း ၁၃၀ ၄ ဒသမ ၁၉၄၄ တန်၊ တောင်ပိန္နဲခွဲသား ၁၃ ချောင်း ၁ ဒသမ ၁၆၉၈ တန် စုစုပေါင်း ခွဲသား ၁၄၃ချောင်း ၅ ဒသမ ၃၆၂၄ တန်အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် စက်လှေနှင့်သစ်များအား ကျောက်တံခါးမြို့နယ် မြို့ချောင်း ရေပိုလွှဲပိတ်ဆို့ရေးစခန်းသို့ သယ်ယူကာ သစ်ခိုးထုတ်သယ်ယူသည့်အဖွဲ့အား စုံစမ်းရှာဖွေဖော်ထုတ်မှုများ ပြုလုပ်၍ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနမှ ဥပဒေနှင့်အညီ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မော်လမြိုင်- ရန်ကုန်အမြန်လူစီးရထားလမ်းချော်ကျ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၀**

မော်လမြိုင်ဘူတာမှ ရန်ကုန်ဘူတာသို့ စက်ခေါင်းမောင်းဦးလုတင် ရထားထိန်းဦးစိုးမိုးမြင့် လိုက်ပါတာဝန်ထမ်းဆောင်လာသော အမှတ် (၉၀) အစုန် မော်လမြိုင်- ရန်ကုန်အမြန် လူစီးရထားသည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်ခန့်က တောင်စွန်းဘူတာနှင့် မရမ်းကုန်းဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ် (၁၀၈/၂၃ မှ ၂၄) ကြား ဘီးလင်းမြို့နယ်၌ စက်ခေါင်း၏နောက်တွဲ (၁) BDTEZ ၁၂၂၀၇ ရိုးရိုးတန်းလူစီးတွဲသည် ဘီးအမှတ် (၃) မှာ သံလမ်းအပြင်သို့ ကပ်လျက်ကျသွားကြောင်း သိရသည်။ ရထားလမ်းချော်ကျသည့်နေရာသို့ အမှတ် (၈) တိုင်း မော်လမြိုင်မှ (သွားလာရေး) ဌာန တိုင်းတာဝန်ခံ မန်နေဂျာဦးဖိုးမာ၊ မြို့ပြအင်ဂျင်နီယာမှူးကြီးနှင့် စက်မှုအင်ဂျင်နီယာမှူးကြီးတို့က သွားရောက်စစ်ဆေး၍ လမ်းချော်ကျသည့်ဘီးများကို တွဲပြင်လုပ်သားများနှင့် သံလမ်းပြင်လုပ်သားများက အချိန်မီမတင်မည်ဖြစ်ကြောင်း သိရသည်။

ရထားလမ်းချော်ကျမှုကြောင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ရန်ကုန်ဘူတာနှင့် မော်လမြိုင်ဘူတာသို့ ထွက်ခွာလာသော အမှတ် (၈၉) အဆန်အမြန်လူစီးရထားမှာ လမ်းပိတ်နေသဖြင့် မရမ်းကုန်းဘူတာ၌ ရပ်တန့်ထားရကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မောင်တောမြို့နယ် ဖေဇီကျေးရွာ၌ မူးယစ်ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက သတင်းအရ ဝင်ရောက်ရှာဖွေစဉ် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဖေဇီကျေးရွာနေ မူဟာမတ်အီဆုပ်၏ နေအိမ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ ယမန်နေ့နံနက် ၁၀ နာရီက သတင်းအရ ဝင်ရောက်ရှာဖွေစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၆၂ ပြား ကာလတန်ဖိုး ငွေကျပ် ၁၂၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မောင်တောမြို့ (၂) ရပ်ကွက်နေ ရာမောက်ဒူလာထံမှ ဝယ်ယူခဲ့ကြောင်း သိရသဖြင့် ရာမောက်ဒူလာ၏အိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်၌ ၎င်း၏မိခင် မရော်ဂျီရာဘေဂေါင်၏ သံသေတ္တာအတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅ ပြား ကာလတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀ အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသည့် မူဟာမတ်အီဆုပ်၊ မရော်ဂျီရာဘေဂေါင်နှင့် ထွက်ပြေးတိမ်းရှောင်နေသည့် ရာမောက်ဒူလာတို့အား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







ဖမ်းဆီးရမိသူနှစ်ဦးအား တွေ့ရစဉ်


## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
## ဖိတ်ကြားလွှာ

ရခိုင်ပြည်နယ်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် ရခိုင်ပြည်နယ်ရှိပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ အထောက်အကူဖြစ်စေမည့်ပြည်နယ်လုံးဆိုင်ရာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုဖွဲ့စည်းနိုင်ရေး ဆွေးနွေးပွဲတစ်ခုကို ၂၆-၂-၂၀၁၇ ရက်တွင် စစ်တွေမြို့၊ ခိုင်သဇင်ခန်းမ၌ နံနက် ၉နာရီတွင် ပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ စီးပွားရေးအရ ဆက်စပ်မှုရှိကြသော အသင်းအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် စိတ်ပါဝင်စားသည့် လူပုဂ္ဂိုလ်များအနေဖြင့် အောက်ပါလူပုဂ္ဂိုလ်များထံတွင် ၂၂-၂-၂၀၁၇ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းတက်ရောက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်-**

| | |
|---|---|
| ဦးဇော်မင်းသိန်း | ဖုန်း-၀၉-၈၃၉၉၉၉၄ |
| ဦးတင်အောင်ဦး | ဖုန်း-၀၉-၈၅၀၀၂၁၀ |
| ဦးဇော်ဇော်မင်း | ဖုန်း-၀၉-၅၁၅၅၅၁၇ |
| ဦးစိုးပိုင် | ဖုန်း-၀၉-၈၅၀၂၂၈၄ |
| ဦးစောထူးအောင် | ဖုန်း-၀၉-၂၅၄၀၃၃၄၂၇ |



## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်ကမ်းနားလမ်း နှင့်နာနတ်တောလမ်းထောင့်၊ ယုဇနလမ်း အမှတ်(၃)ရှိ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် "GRAND HANTHA COMPANY LIMITED" (ဂရန်း(ဒ်)ဟံသာကုမ္ပဏီလီမိတက်)သည် အောက်ဖော်ပြပါ ဆေးရုံအမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင် ဖြစ်ပါသည်။

GRAND HANTHA INTERNATIONAL HOSPITAL

မှတ်ပုံတင်စာချုပ်အမှတ်-၁၆၃၅/၂၀၁၇

အဆိုပါဆေးရုံအမှတ်တံဆိပ်ကို "ဆေးရုံလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာ၊ ကုသခြင်းဆိုင်ရာရောဂါရှာဖွေခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုအမျိုးမျိုး၊ ဆေးဝါးရောင်းချခြင်းလုပ်ငန်း၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းကိရိယာများ စက်ပစ္စည်းများ၊ ဆေးရုံအသုံးအဆောင်ပစ္စည်းများ ရောင်းချခြင်း"တို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖွင့်လှစ် အသုံးပြုသွားမည် ဖြစ်ပါသည်။

အဆိုပါဆေးရုံအမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူ သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေရန် တုပသုံးစွဲခြင်းများ တွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဝင်းမှုတင်၊ M.A.,H.G.P.,D.B.L.,M.A. (Business Law)

(စဉ်-၁၉၂၇၆)၊ စာတိုက်သေတ္တာအမှတ်(၆၀)

အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။



## အမည်မှန်

ဦးမျိုးညွန့် ၁၂/သဃက(နိုင်)၁၁၅၉၆၁၏ သမီး ရွှေပြည်သာမြို့၊ အထက(၁)သတ္တမတန်း၊ ကျောင်းဝင်အမှတ် ၄၀၂/၂၀၁၄ မှ မရွှေဇင်သော်(ခ)မမေဘယ်လ်ဝင့်၏ အမည်မှန်မှာ မမေဘယ်လ်ဝင့်ဖြစ်ပါကြောင်း။

မမေဘယ်လ်ဝင့်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/8496၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်6G/2487၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

# AFC Cup 2017, Myanmar Club ပြိုင်ပွဲများ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

AFC Cup 2017, Myanmar Club ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၁ ရက်မှ စတင်ပြီး ယှဉ်ပြိုင်ကစားမည်ဖြစ်၍ ပြိုင်ပွဲကျင်းပမှုများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

AFC Cup 2017, Myanmar Club Matches

| No | Date | Match | Time | Group | Week | Venus |
|---|---|---|---|---|---|---|
| 1 | 21.2.2017 | Global vs Magwe | 6:00 PM | Group F | Week 1 | Rizal Memorial Stadium, Manila |
| 2 | 22.2.2017 | Yadanarbon vs Home United | 5:00 PM | Group H | Week 1 | Mandalar Thiri Stadium, Mandalay |
| 3 | 7.3.2017 | Magwe vs Johor Darul Ta'zim | 3:30 PM | Group F | Week 2 | Thuwunna Stadium, Yangon |
| 4 | 8.3.2017 | Than Quang Ninh vs Yadanarbon | 5:30 PM | Group H | Week 2 | My Dinh National Stadium, Hanoi |
| 5 | 14.3.2017 | Boeung Ket vs Magwe | 5:30 PM | Group F | Week 3 | Olympic Stadium, Phnom Penh |
| 6 | 5.4.2017 | Magwe vs Boeung Ket | 3:30 PM | Group F | Week 4 | Thuwunna Stadium, Yangon |
| 7 | 18.4.2017 | Home United vs Yadanarbon | 5:00 PM | Group H | Week 5 | Jalan Besar Stadium, Singapore |
| 8 | 19.4.2017 | Magwe vs Global | .3:30 PM | Group F | Week 5 | Thuwunna Stadium, Yangon |
| 9 | 2.5.2017 | Yadanarbon vs Than Quang Ninh | 5:00 PM | Group H | Week 6 | Mandalar Thiri Stadium, Mandalay |
| 10 | 3.5.2017 | Johor Darul Ta'zim vs Magwe | 7:05 PM | Group F | Week 6 | Tan Sri Dato Haji Hassan Yunos Stadium, Johor Bahru |

# ဇွဲကပင်အသင်း နိုင်ပွဲပြန်ရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ ဇွဲကပင်အသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသည့် ဇွဲကပင်အသင်းသည် နိုင်ပွဲပြန်လည်ရယူကာ အမှတ်ပေးဇယား စတုတ္ထနေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် နေပြည်တော်အသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ခေါင်းတိုက်သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ နေပြည်တော်အသင်းသည် လေးပွဲမြောက် ရှုံးပွဲနှင့်အတူ ဖိအားများလာခဲ့ရသည်။

ဇွဲကပင်အသင်းနှင့် နေပြည်တော်အသင်းတို့မှာ နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ဇွဲကပင်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး နေပြည်တော် ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၁၃ မိနစ်တွင် ဇွဲကပင်အသင်း ဂိုးရခဲ့ပြီး ဒီဂျမ်၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုမှ ပြန်ကျလာသောဘောလုံးကို တိုက်စစ်မှူး ဒိုနယ်က ပိတ်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် နေပြည်တော်အသင်း ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း ၅၉ မိနစ်တွင် ညာနောက်ခံလူ ဝေဖြိုးနှစ်ဝါ တစ်နီဖြင့် အထုတ်ခံရသောကြောင့် အားပျော့ခဲ့ရသည်။ ဇွဲကပင်အသင်း ဂိုးထပ်ရနိုင်သည့် အပိုင်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ဇွဲကပင်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၆ မိနစ်တွင် ကျော်စွာလင်းက သွင်းယူပေးခဲ့သည်။ နေပြည်တော်အသင်းသည် ယခုပွဲရှုံးပွဲကြောင့် ဇယား အောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်း မရှိသေးပေ။

ပွဲစဉ်(၆) အပြီးတွင် ရန်ကုန်အသင်းက ၁၆ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၁၃ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၁၂ မှတ်၊ ဇွဲကပင်အသင်းက ၁၀ မှတ်၊ ရခိုင်အသင်းက ရှစ်မှတ်၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ Southern ၊GFA ၊ ရောဝတီနှင့် မကွေးအသင်းတို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့်နေပြည်တော်အသင်းတို့က လေးမှတ်စီရရှိထားသည်။ **သတင်း-ရဲရင့်ရှိုင်း**

# (၁၈) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေးဂေါက်သီးရိုက်အသင်း MGA ၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲနှင့် အသင်းသားစုံညီ မိတ်ဆုံညစာစားပွဲကို ယမန်နေ့ ညနေ ၅ နာရီက မန္တလေးမြို့ ၃၅ လမ်းနှင့် ၅၂ လမ်းထောင့်ရှိ Golden Duck The Palace ခန်းမ၌ ကျင်းပရာ အသင်းနာယက ဦးအောင်ဝင်းခိုင်၊ ဥက္ကဋ္ဌဦးစောလွင်နှင့် အမှုဆောင်များ အသင်းသူအသင်းသားများ တက်ရောက်ကြသည်။

**ကံစမ်းမဲများ ဖွင့်ဖောက်ပေး**

ရှေးဦးစွာ MGA အသင်း Club Captain ဦးကြည်လွင်က အသင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး (၁၈) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်အောင်ပွဲခံယူရရှိကြသော ပညာရှင်အဆင့်၊ အကြီးတန်းပညာရှင်အဆင့်၊ MGA လက်ရွေးစင်အဆင့်နှင့် အသင်းသားရွှေအဆင့်၊ ငွေအဆင့်၊ အမျိုးသမီးပြိုင်ပွဲ၊ ဧည့်သည်တော်ပြိုင်ပွဲများ၌ ဆုရရှိကြသည့် အားကစားသမားများကို အလုပ်အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ကြကာ ကံစမ်းမဲများ ဖွင့်ဖောက်ပေးကြသည်။

**ရည်ရွယ်၍ကျင်းပ**

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ရေတံခွန်တောင် ဂေါက်ကလပ်၌ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပပြီး ပြိုင်ပွဲကိုToyota Company Hi-Tech company ၊ GWlion company ၊ စိန်နှင့်မြမွေ့ရာပရိဘောဂ မင်္ဂလာမန္တလေး၊ Lucky သောက်ရေသန့်၊ ရွှေ မန္တလေးအိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းအပါအဝင် ကုမ္ပဏီများက အဓိကပံ့ပိုးကူညီပေးခဲ့ကြပြီး ဂေါက်သီးရိုက် အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂေါက်သီးရိုက် အားကစားသမားများ အချင်းချင်း စည်းလုံးညီညွတ်စေရေး အတွက် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တာဝေးစက်ဘီးပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့နှင့် Joy Trading Co.,Ltd တို့ပူးပေါင်း၍ မတ် ၂၃ ရက်မှ ၂၆ ရက်အထိ ပဲခူး - ကျိုက်ထို - ဘားအံ - ကျိုက်ထို - ပဲခူး မိုင် ၂၆၀ တာဝေးစက်ဘီးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သဖြင့် စက်ဘီးအားကစားကို စိတ်ပါဝင်စားပြီး ပြိုင်ပွဲဝင်ရောက်လိုသူများအနေဖြင့် မတ် ၂၀ ရက် နောက်ဆုံးထား၍ ဖုန်း ၀၉-၂၅၀ ၂၀၅၆၅၁၊ ၀၉-၉၆၄၉၂၂၂၇၀ နှင့် ၀၉-၃၃၃၀၈၀၀၈ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**


## ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

၁၈-၂-၂၀၁၇ရက်တွင် Novotel Yangon Max Hotel(Yangon Ballroom)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဝဏ္ဏကျော်ထင်ဦးမောင်မြင့် စက်မှုဝန်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော သီရိပျံချီ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်(ငြိမ်း)နှင့်ဇနီးဒေါ်ချယ်ရီတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော တပ်မတော်ညှိနှိုင်းကွပ်ကဲရေးမှူး သရေစည်သူဗိုလ်ချုပ်ကြီးလှဌေးဝင်း(ငြိမ်း)၊ စစ်ဘက်၊ နယ်ဘက်ဌာနဆိုင်ရာများမှ အကြီးအကဲများနှင့်ဇနီးများ၊ အငြိမ်းစားအကြီးအကဲများ၊ အရာရှိကြီးများနှင့်ဇနီးများ၊ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခြင်း မပြုနိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါ်မြရတနာမိုးအားလည်းကောင်း၊ တေးသံသာများဖြင့် တီးခတ်ပေးပါသော ကိုကျော်စိုးနိုင်၊ မင်္ဂလာအခါတော်တေးသီကျူးပေးပါသော တေးသံရှင်ဒေါ်ချိုပြုံးအားလည်းကောင်း၊ မင်္ဂလာပန်းခြင်းဖြင့် လမ်းပြပေးပါသော သမီးငယ်လေးသွန်းသော်တာထက်နှင့် နေဝတီလွင်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ်ရွှေရည်မျိုးသူအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ်ကိုင်ဆောင်ပေးပါသော မလှသူဇာအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မခိုင်ခိုင်ဝင်းအားလည်းကောင်း၊ မင်္ဂလာသတို့သားအရံနှင့်သတို့သမီးအရံများအဖြစ် ကူညီဆောင်ရွက်ပေးကြပါသော Lawrenes Tan and Marcus Tan၊ မမိုးကေသွယ်အောင်နှင့်မခင်မို့မို့အောင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာပြည့်ပြည့်နှင့်အဖွဲ့၊ Silk & Styleမှ မဆုမြတ်အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးပါသော မေဦးနှင့်အဖွဲ့အားလည်းကောင်း၊ မေတ္တာနှင့်လက်ဝတ်ရတနာများကို ဆင်မြန်းပေးပါသော မမဆွေနှင့်မိသားစု၊ စကြာရွှေရည်စိန်ရတနာဆိုင်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား ဓာတ်ပုံနှင့်ပန်းအလှပြင်ဆင်ပေးပါသော His & Her Brital Boutique and Wedding Planning Service အားလည်းကောင်း၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုများမှတ်တမ်းတင်ရိုက်ကူးပေးပါသော ဓာတ်ပုံကိုနိုင်လင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများလှပစွာဆောင်ရွက်ပေးပါသော WISH MADE Co.,Ltd.(Korea)နှင့် ဒဂုံပုံနှိပ်တိုက်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲနှင့် ညစာစားပွဲကျွေးမွေးရေးကို စီစဉ်ဆောင်ရွက်ပေးပါသော Novotel Yangon Max Hotel မန်နေဂျာနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော အန်တီစမ်း၊ အန်တီဌွေးနှင့်သူငယ်ချင်းမိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်မိဘများနှင့်**

**Edmund & Wendy**

## AGTI Society Vocational Training Centre သင်တန်းသားများခေါ်ယူခြင်း

၁။ ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း(AGTI Society)နှင့်ဂျပန်နိုင်ငံမှ Kinden Corp Sumitomo Corp တို့နှင့်ပူးပေါင်း၍ အောက်ပါသင်တန်းများကို အမှတ်စဉ်(၅)အဖြစ် ၂၀၁၇ခုနှစ်အတွင်းတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်-

Sakura-Insein Technical Course

(က) Commercial Electrical Wiring Course (၃၀)ဦး

(ခ) Electrical Power Distribution Line Course (၁၀)ဦး

သင်တန်းကာလ(၇)လဖြစ်ပါသည်။

၂။ ဤသင်တန်းသည် ဂျပန်နိုင်ငံ၏လျှပ်စစ်လုပ်ငန်း၌နာမည်ကြီးကျော်ကြားသည့် Kinden Corp;၏ လျှပ်စစ်သင်တန်းကျောင်းနှင့်တွဲဖက်ဖွင့်လှစ်ပြီး ဂျပန် ဆရာများကြီးကြပ်၍ သင်ထောက်ကူပစ္စည်းအပြည့်အစုံနှင့် ဂျပန်နိုင်ငံ၏ လျှပ်စစ်စံချိန်စံညွှန်းများနှင့်အညီ သင်ကြားပေးမည်ဖြစ်သည်။

၃။ ဤသင်တန်းအားစိတ်ပါဝင်စားသော အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူ၊ မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများလျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်းအဆင့်သင်ကြားဖူးသူဖြစ်ရမည်။

(ဂ) ၁-၅-၂၀၁၇ရက်တွင် အသက် ၁၇နှစ်ပြည့်ပြီး၊ အသက်၂၃နှစ်ထက်မကြီးသူ

(ဃ) သင်တန်းကြေးပေးသွင်းတက်ရောက်ရမည်။

လျှောက်လွှာများကို GTI ကျောင်းသားဟောင်းများအသင်း(ရုံး)၊ အမှတ် ၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တွင် အခမဲ့ထုတ်ယူနိုင်မည်ဖြစ်ပြီး ၃၀-၄-၂၀၁၇ရက် မတိုင်မီ အထက်ပါအသင်း(ရုံး)သို့ လျှောက်ထားရမည်ဖြစ်ပါသည်။

**အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ချုပ်ရေးရုံးခန်း**

**ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၁-၆၄၃၆၆၃၊ ၀၉-၅၀၅၆၇၁၇၊ ၀၉-၉၇၅၇၀၉၃၂၀၊ ၀၉-၉၇၅၂၈၉၇၉၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။**

## အမည်ပြောင်း

ရန်ကုန်မြို့နေ ဦးကျော်သူလှိုင်၏ သမီး မချစ်စနိုးဦး ၁၂/တမန(နိုင်) ၁၂၂၇၇၂အား မထက်မြတ်နိုးသူဟု ပြောင်းလဲခေါ်ပါရန်။

**မထက်မြတ်နိုးသူ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာ၊ ကွင်းအမှတ်(၁၉၉၀)ချောင်းသာကွင်း၊ ဧရိယာ၀.၁၁၁၆၁၂၆ ဧကရှိမြေကို ဦးမိုးမြင့် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

(ဒဂုံမြို့သစ်) ဆိပ်ကမ်း၊ တောင်ပိုင်း မြေကွက်များဝယ်လိုသည်။ Ph:09 43083879

## အမည်မှန်

ကျောက်မဲမြို့၊ အထက(၃)၊ ပဥ္စမတန်း(A)မှမောင်ဝေယံဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးနိုင် ၁၃/ကမန(နိုင်)၁၄၁၂၀၄ ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးနိုင်**


## အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ်၊ ဇယန်းကြီးကျေးရွာနေ ဦးဘိုဟန်-ဒေါ်အေးယွမ်တို့၏သမီး ဒေါ်နန်းညို၏ အမည်မှန်မှာ ဒေါ်နန်းညို(ခ)ခင်သန်းထွေး ၁၃/နဆန(နိုင်)၀၀၄၂၁၄ ဖြစ်ပါကြောင်း။

**ဒေါ်နန်းညို(ခ)ခင်သန်းထွေး**

## လူပျောက်ကြော်ငြာ

(တွေ့လျှင်အကြောင်းကြားပေးပါရန်)



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ရွှေသီရိ(၂)လမ်း၊ အမှတ် ၁၀၊ ပုသိမ်မှ လာရောက်တည်းခိုနေသော ယခုပုံပါအမည် ဦးသိန်းဦး(အသက်-၅၅)နှစ် ဝတ်ထားသော စွပ်ကျယ်လက်ပြတ်နှင့် ၁၉-၂-၂၀၁၇ရက် ညနေ ၄နာရီခန့်တွင် ကွမ်းဝယ်စားရန် အိမ်မှထွက်သွားရာ ယခုအချိန်ထိ ပြန်လည်ရောက်မလာပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း**

**ကိုသန့်ဇင်အောင်-၀၉-၄၅၀၀၀၅၇၁၈၊ ၀၉-၉၆၈၉၉၉၁၇၁**

**မပပ-၀၉-၂၅၀၄၄၁၅၆၃၊ ၀၉-၇၈၁၁၅၇၉၀၇**

# ထန်းတပင်အနောက်ပိုင်းတက္ကသိုလ် ကားလမ်းဝဲယာမှ မြေကွက်များ အရောင်းအဝယ်အေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

လှိုင်သာယာမြို့နယ်တွင် လယ်မြေဧကများစွာအား အကွက်ဖော်ရောင်းချနေသည့် ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ် ကားလမ်းဝဲယာမှ မြေကွက်များ ယခုနှစ် ပွင့်လင်းရာသီတွင် ယခင်နှစ်ထက် မြေကွက်ဝယ်ယူမှု လျော့နည်းအေးစက်နေ၍ ဝယ်သူကို မျှော်လျက်ရှိကြောင်း သိရသည်။

အနောက်ပိုင်းတက္ကသိုလ်အဆောင်နှင့်ကားလမ်းမကြီးနှင့်အနီးဆုံးဖြစ်သော ပေ(၂၀× ၆၀)ကွက်များ၊ ပေ(၃၀×၆၀) မြေကွက်များအား လုံးဝအရှုပ်အရှင်းကင်းသည်ဟူသော အာမခံချက်ဖြင့် ပိုင်ရှင်ကိုယ်တိုင်ရောင်းချမှုများရှိသကဲ့သို့ အရစ်ကျစနစ်ဖြင့် ပေ(၂၀×၆၀) တစ်ကွက်လျှင် ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ အထိ ရောင်းချပေးလျက်ရှိရာ ကားလမ်းဝဲယာတွင် မြေကွက်အရောင်းဆိုင်များဖွင့်၍ ရွက်ဖျင်တဲများဖြင့် ရောင်းချလျက်ရှိသည်။

"ဒီနှစ် ပွင့်လင်းရာသီမှာ မနှစ်ကထက်အရောင်းပါးတယ်။ ပါးရတဲ့အကြောင်းရင်းသုံးချက်ရှိတယ်။ လှည်းကူးမြို့နယ် ငြိမ်းချမ်းသာယာမှာ လပိုင်းအနည်းငယ်က မြေဧက ၅၀၀ ကျော်မှ အကွက်ဖော်ပြီး ရောင်းနေတဲ့အတွက် ဝယ်လက်တွေ ဒီဘက်ကိုအလာကျဲသွားတယ်။ နောက်တစ်ခုက နိုင်ငံရေးအခြေအနေအရ မြေယာတွေကို မဝယ်ရဲတာလည်းပါတယ်။ နောက်ဆုံးအချက်က မြေယာတွေမှာ ငွေကြေးမရင်းနှီးရဲကြတော့လို့ပဲ။ ဒါကြောင့် အခုနောက်ပိုင်းလယ်သမားတွေဆီကဝယ်တာ။ အကျိုးတူပူးပေါင်းတာ မလုပ်တော့ဘူး။ မြေယာမဲ့သူတွေနဲ့ အကျိုးတူပူးပေါင်းတာတွေပဲလုပ်ကြတာကိုတွေ့နေရတယ်"ဟု အနောက်ပိုင်းတက္ကသိုလ် ပေါက်တန်းရွာမှ မြေပွဲစားတစ်ဦးက ပြောသည်။



ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ်ကားလမ်းဝဲယာရှိ လယ်မြေများမှာ ဧကသောင်းချီ၍ကျယ်ဝန်းသောလယ်မြေများဖြစ်ပြီး လယ်ပိုင်ရှင်များနှင့် အကျိုးတူဆောင်ရွက်ခြင်း၊ လယ်သမားများထံမှ ဧကလိုက်ဝယ်ယူ၍ ပြန်လည်အကွက်ဖော်၍ ရောင်းချခြင်းတို့ဖြင့် ၂၀၁၄ ခုနှစ်က စတင်ရောင်းချခဲ့ခြင်းဖြစ်သည်။

ယခုအခါ မြေကွက်ဈေးအေးနေသော်လည်း ကုန်ကျထားသောငွေများ ပြန်လည်ရရှိစေရန်နှင့် အမြတ်ရနိုင်သမျှရစေရန် နေ့စဉ်မြေကွက်ဝယ်လက်များအား စောင့်မျှော်နေခြင်းဖြစ်ကြောင်း အနောက်ပိုင်းတက္ကသိုလ် မြေကွက်ပွဲစားတန်းမှ သိရသည်။ **(၁၆၄)**

# ပြင်ဦးလွင်မှ မတ္တရာသို့ ဖြတ်လမ်းမှတစ်ဆင့် သွားလာနိုင်တော့မည်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

ပြင်ဦးလွင်မြို့နယ် အနီးစခန်းကျေးရွာ နှင့် မတ္တရာမြို့နယ် မန္တလေး-မတ္တရာကားလမ်းပေါ်ရှိ ကျောက်တံတားကျေးရွာတို့ကို ဆက်သွယ်ထားသည့် အနီးစခန်း - တောင်ခေါင်း -ကင်းရွာ - ကျောက်တံတား လမ်းကို ယခုအခါ ကျောက်ခင်းအမာခံလမ်းအဖြစ် ဖောက်လုပ်နေပြီဖြစ်သည်။

အဆိုပါလမ်းမှာ ၁၉၇၂ ခုနှစ် ဝန်းကျင်က ဖောက်လုပ်ခဲ့သောလမ်းဖြစ်ပြီး နောင်တွင် သစ်ထုတ်လုပ်ရေးလမ်းအဖြစ် အသုံးပြုခဲ့သဖြင့် လမ်းမျက်နှာပြင်များ ဆိုးရွားစွာပျက်စီးလျက်ရှိပြီး လမ်းပေါ်ရှိ ချောင်းကူးဘေလီတံတားများမှာလည်း ပျက်စီးယိုယွင်းသွားခဲ့သည်။

အဆိုပါလမ်းပိုင်းတွင်ပါဝင်သော အရှည် ၁၃ မိုင်ရှိ တောင်ခေါင်း - ကင်းရွာလမ်းပိုင်းကို NICO သတ္တုတူးဖော်ရေးကုမ္ပဏီက ကျောက်ခင်းအမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးလျက်ရှိသည်။

တောင်ခေါင်း- ကင်းရွာလမ်းပိုင်းကို ကျောက်ခင်းအမာခံလမ်း ပထမအဆင့် ဖောက်လုပ်ပြီးစီးပြီဖြစ်၍ ကျောက်တံတားကျေးရွာမှ ကင်းရွာ ၊ ကျောက်ဆည်လေး၊ စခန်းသာ၊ ဆီးဖြူပင်၊ တောင်ခေါင်းစသည့် ကျေးရွာများသို့ အလွယ်တကူဆက်သွယ် သွားလာနေကြပြီဖြစ်သည် ။

ထို့အတူ အနီးစခန်း - တောင်ခေါင်း လမ်းပိုင်းကိုလည်း မြေသားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေရာ ယခုအခါ ၅ မိုင်ခန့်ပြီးစီးနေပြီဖြစ်ပြီး ယင်းလမ်းမှာ အရှည် ၁၉ မိုင် ၇ ဖာလုံရှိကာ လမ်းဖောက်လုပ်ရာတွင် ချောင်းကူးတံတား ၁၁ စင်းကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လမ်းတစ်လျှောက်တွင် ဘယော ၊ မဟော်ရာ၊ လယ်တောစသည့် ကျေးရွာငယ်များ၊ တောင်ယာတဲအိမ်စုများနှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများရှိရာ ဒေသခံများမှာ လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးအခြေအနေများနိမ့်ကျလျက်ရှိရာ အနီးစခန်း- တောင်ခေါင်း - ကင်းရွာလမ်းပိုင်းကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ခင်းအမာခံလမ်းအဖြစ် ဖောက်လုပ်ပေးသွားမည်ဖြစ်ပြီး ဆက်လက်၍ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် စီစဉ်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါလမ်း ဖောက်လုပ်ပြီးပါက ပြင်ဦးလွင်မှ မတ္တရာသို့ မန္တလေးမှတစ်ဆင့် ကွေ့ပတ်သွားရန်မလိုတော့ဘဲ ယင်းဖြတ်လမ်းအတိုင်း ယာဉ်များ အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည်။ **အေးမြ(မန္တလေး)**

# မုံရွာစီးပွားရေးတက္ကသိုလ် အဓိပတိလမ်းဖွင့်၍ သွားလာခွင့်ရလိုသူကျောင်းသားထု ၆၅ ရာခိုင်နှုန်းကျော်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၂၀**

မုံရွာစီးပွားရေးတက္ကသိုလ် အဓိပတိလမ်းမကြီးပြန်ဖွင့်ပေးရန်အတွက် မုံရွာ စီးပွားရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်)ကကျောင်းသားကျောင်းသူများ၏ သဘောထားစစ်တမ်းကိုကောက်ယူခဲ့ရာ အဓိပတိလမ်း ဖွင့်လှစ်၍ လွတ်လပ်စွာ သွားလာခွင့်ရလိုသူမှာ ၆၅ ရာခိုင်နှုန်းကျော်ရှိကြောင်း မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုညီလင်းထင်ထံမှ သိရသည်။

"မုံရွာ စီးပွားရေးတက္ကသိုလ်မှာ တက်နေတဲ့ အနယ်နယ်အရပ်ရပ်က ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော်ရှိပါတယ်။ တက္ကသိုလ်ရဲ့ အသက်သွေးကြောဖြစ်တဲ့ အဓိပတိလမ်းမှာအရံအတားလိုဖြစ်နေတာကို ဖွင့်ချင်တဲ့အတွက် ကျောင်းသား ကျောင်းသူထုရဲ့ သဘောထားကိုကောက်ခဲ့တာ ဇန်နဝါရီလ ၂၃ ရက်က အကုန်ကောက်ပြီးခဲ့ပါတယ်။ ရာခိုင်နှုန်းတစ်ဝက်ကျော် ၆၅ ရာခိုင်နှုန်းက လမ်းမကြီးပွင့်စေလိုသူတွေပါ။ ကောက်ယူရရှိတဲ့စစ်တမ်းကို လွှန်ခဲ့တဲ့ သုံးပတ်လောက်က ပါမောက္ခချုပ်ဆီကိုတင်ထားပါတယ်" ဟု ၎င်းက ပြောပြသည်။

တက္ကသိုလ်၏တာဝန်ရှိသူများက အဓိပတိလမ်းတစ်လျှောက် ယာဉ်အန္တရာယ်ဖြစ်ပွားမှု မရှိရန်အတွက် ပိတ်ရ ခြင်းဖြစ်ကြောင်း ပြန်လည်ဖွင့်လှစ်ရန်ကြိုးစားသူ ကျောင်းသားထု၏ မေးမြန်းထားမှုအရ သိရသည်။

အဓိပတိလမ်း ပြန်ဖွင့်ပေးရန်နှင့်စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူထု၏ဆန္ဒသဘောထားအရကျောင်းတာဝန်ရှိသူနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ပြန်လည်ဖွင့်လှစ်ပေးရန် နီးစပ်နေပြီဖြစ်ပြီး တက္ကသိုလ်အဆောင်နောက်ကျောတွင် ဆောက်လုပ်နေသော ဆိုင်ကယ်ရပ်ရန်နေရာ တည်ဆောက်ပြီးလျှင် အဓိပတိလမ်းကို ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဟု ကြားဝင်ဆောင်ရွက်ပေးနေသူ တက္ကသိုလ်ကျောင်းဆရာတစ်ဦးထံမှ သိရသည်။

အဓိပတိလမ်းပြန်ဖွင့်ပေးရန်နှင့်အတူ ယာဉ်အန္တရာယ်ကင်းဝေးစေရေးကိုပါ တက္ကသိုလ်တာဝန်ရှိသူများ ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ )**





# လောကမုနိအောင်မြေချမ်းသာရဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၁)ရပ်ကွက် အောင်မြေချမ်းသာရဆုတောင်းပြည့်ဘုရားကြီး ၊ တတိုင်းရစေတီတော်၊ နဂါးရုံဘုရား၊ အောင်ဓမ္မစကြာဘုရားတို့၏ (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ရက်အထိ အောင်မြေသုခကျောင်းတိုက်ဝင်းအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဘုရားနေကဇာတင်လှူပွဲနှင့် ထမနဲထိုးပွဲများ၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲများဖောက်ပေးပြီး ညပိုင်းတွင် ဇာတ်သဘင်ဖျော်ဖြေပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

# (၃၆)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်ကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော် ဘွဲ့တံဆိပ်တော်ရဆရာတော်များနှင့် သာသနာ့ဗေ ဝိသိဋ္ဌပူဇာသဘင်နှင့် ပါဠိပထမပြန်စာအောင်သံဃာများအားချီးမြှင့်သည့်(၃၆)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်ပွဲကို နေပြည်တော် တပ်ကုန်းမြို့ သာသနာ့ဗိမာန်တော်တွင် ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်တို့ တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပါသည်။

အခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးအာဒိစ္စဝံသ (ဝဲကြီးစာသင်ကျောင်းတိုက်)၊ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးစန္ဒိမာဘိဗံသ (ရွှေအင်းရိပ်သာစာသင်တိုက်)၊ ဝိနယပိဋကဥဘတောဝိဘင်္ဂရဘွဲ့ရဆရာတော် အရှင်အာလောကနှင့် သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်/ သီလရှင် ၁၄ ပါး၊ ပါဠိပထမပြန်စာအောင်သံဃာ ၃၁ ပါး တို့အားပူဇော်ကန်တော့ကြကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)ဆရာဝန်များ ဆေးပညာ ဆက်လက်သင်ကြားရေး ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ပညာရေးဆပ်ကော်မတီမှ ကြီးမှူး၍ ဆရာဝန်များအတွက်ဆေးပညာ ဆက်လက်သင်ကြားနိုင်ရေး Continuning Medical Education (CME) အစီအစဉ်တစ်ရပ်အဖြစ် ဆေးကုသမှုဆိုင်ရာ ပညာရပ်များ စုပေါင်းဆွေးနွေးပွဲကို ၃၁ လမ်းနှင့် လမ်း၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)ရတနာပုံခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် သဘာပတိများအဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့် ၊ပညာရေးဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရှိန်မြင့်တို့က ဆောင်ရွက်ကြပြီး ခွဲစိတ်ကုပညာဌာန၊ သားဖွားမီးယပ်ပညာဌာန၊ အရိုးရောဂါပညာဌာနနှင့်ဌာနစိတ်တို့မှ မိမိတို့ဆေးရုံများတွင် ကုသခဲ့သော လူနာများနှင့်ပတ်သက်၍ ရောဂါရှာဖွေခြင်း၊ ကုသခြင်းတို့ကို အသေးစိတ်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မိမိတို့အတွေ့အကြုံများကို ဝိုင်းဝန်းဆွေးနွေးကာ အသိပညာများ ဖလှယ်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဇီးကုန်းမြို့တွင် စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးသရုပ်ပြ

**ဇီးကုန်း ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့တွင် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးလောင်မှုလျော့နည်းကျဆင်းရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်လုပ်ငန်းစဉ်ခုနစ်ရပ်နှင့်အညီ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၁၈ရက်က ဇီးကုန်းမြို့ ရန်ကုန်-ပြည်ကားလမ်းရှိ ရွှေပြည်ခနေ စက်သုံးဆီနှင့် ၂၀၀၀ စက်သုံးဆီဆိုင်များတွင် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲအား ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားသို့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်နှင့် စက်သုံးဆီဆိုင်လုပ်ငန်းရှင်များ၊ မီးသတ်ဝန်ထမ်းများနှင့် ဆီဆိုင်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# ဖြတ်ထုံးတို့၏ကောက်ကြောင်း

**သိုက်ထွန်း (Lawyer)**

**ဖြတ်ထုံးစနစ်၏ ဆိုးကျိုးများမှာ ရှေ့စီရင်ထုံးများ မှားယွင်းခဲ့လျှင် နောက်စီရင် ထုံးများဖြင့် ရဲရဲဝံ့ဝံ့မပယ်ဖျက်လျှင်ဖြစ်စေ၊ စီရင်ထုံးများပါ စကားရပ်များကို မရှင်း မလင်း ထုံးဖွဲ့ထားလျှင်ဖြစ်စေ၊ ကာလကြာသောအခါ ပြုတ်စဗျင်းတောင်း အမှိုက်ပုံကဲ့သို့ အမေဘုတ်၏ ချည်ခင်ကဲ့သို့ ရှင်းမနိုင်ဖြစ်ချိမ့်မည့်အပြင်၊ တရားရုံးများက လိုရာကိုကွက်၍ ဆွဲသုံးခြင်းကြောင့်လည်း သားရေကွင်းမျှော့ကြိုး (flexibility) စီရင်ချက်များ ဖြစ်လာပါလျှင် ကုသရန်ခက်ခဲဖွယ်ရှိ**

စက္ကန့်သည် အချိန်နိယာမ၏ တမန်။ နာရီ၏ စက္ကန့်လက်တံများက တချပ်ချပ်မြည်၍ မရပ်မနားရွေ့လျားလေရာ (၂၆၂၉၄၀)အကြိမ်ပြည့်သော် နှစ်သစ်တစ်ခုသို့ ရောက်လာလေပြီ။ တစ်နှစ်သစ်တိုင်း ဥပဒေနယ်သားအဖို့ စာအုပ်နှစ်အုပ်ဝယ်ရ၏။ ၂၀၁၇ နှစ်သစ်နေ့စဉ်မှတ်တမ်းနှင့် ၂၀၁၅ ခုနှစ် နှစ်ဟောင်းက တရားစီရင်ထုံးတို့ပေတည်း။

## ဖြတ်ထုံး၏ ဇာတိနှင့်သတ္တိ

ဥပဒေ၏ အရင်းအမြစ်များမှာ ပြဋ္ဌာန်းဥပဒေများ၊ ဖြတ်ထုံးများ၊ ဓလေ့ထုံးတမ်းများနှင့် သဘောတူညီချက်များတည်း။ ဥပဒေအသုံးအနှုန်းအရ ဖြတ်ထုံး (Precedent)ကို စီရင်ထုံး (Ruling )(Law Reports)ဟုလည်း ခေါ်ကြ၏။

မြန်မာပြည်၏ စီရင်ပိုင်ခွင့်အမြင့်ဆုံးတရားရုံးများမှာ ဗြိတိသျှကိုလိုနီခေတ်ဦးက အောက်မြန်မာပြည်တရားရုံးချုပ် (CHIEF COURT OF LOWER BURMA)၊ အထက်မြန်မာပြည် တရားရေးဝန်ရှင်တော်မင်းကြီးရုံး (THE COURT OF JUDICIAL COMMISSIONER OF THE UPPER BURMA)တို့မှသည် ခေတ်ကာလများကျော်လွန်ခဲ့ပြီးနောက် ယနေ့ နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိ တရားရုံးများ ဖြစ်ကြပါသည်။

မျက်မှောက်ကာလကို ဥပမာညွှန်းပါမည်။ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာအနက် ဥပဒေပြုအာဏာရသော လွှတ်တော်များသည် ပြဋ္ဌာန်းဥပဒေများ (statute laws)ကို ပြဋ္ဌာန်းနေ၏။ အပြည်ပြည်ဆိုင်ရာ စာချုပ်များတွင် သဘောတူညီချက်များအရ၊ တိုင်းပြည်၏ပေါ်လစီအရ၊ လူ့ဘောင်အဖွဲ့အစည်း တည်ငြိမ်တိုးတက်ရန် ဥပဒေပြုအာဏာရ လွှတ်တော်များသည် ဥပဒေမျိုးစုံကို ရေးဆွဲခြင်း၊ အတည်ပြုခြင်း၊ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းများကို ပြည်သူ့ကိုယ်စား ပြည်သူ့အတွက် မရပ်မနားပြဋ္ဌာန်းပေးနေရ၏။ သို့ရာတွင်

(၁) ပြည်သူအချင်းချင်းအကြား လိုက်နာရမည့်ဥပဒေများ(Private laws)နှင့်

(၂) ပြည်သူနှင့်နိုင်ငံတော်ကြား တိုက်ရိုက်ဆက်စပ်သည့် ဥပဒေများ (Public Laws)များ အပါအဝင် ဥပဒေမျိုးစုံတို့ကို မည်သို့ပင် ပြဋ္ဌာန်းစေကာမူ၊ ထွေပြားဆန်းကြယ် ကွန့်မြူးသော လူ၏စိတ်ကြောင့် ပေါ်ပေါက်လာသော အသစ်အသစ်သော ပြဿနာမျိုးစုံကို ပြဋ္ဌာန်းဥပဒေများက အလုံးစုံမခြုံမငုံနိုင်ချေ။

လူအချင်းချင်းသော်လည်းကောင်း၊ လူနှင့် နိုင်ငံတော်ကြားတွင် လည်းကောင်း အငြင်းပွားမှု၊ ကျူးလွန်ချိုးဖောက်မှုများကို တစ်နေရာတည်းတွင် အမျိုးစုံ အပြုံလိုက် နေ့စဉ်တွေ့ရသည့်နေရာမှာ တရားရုံးများဖြစ်ပါသည်။

ပြဋ္ဌာန်းဥပဒေကို ချိုးဖောက်မှု၊ ဥပဒေမပြဋ္ဌာန်းရသေးသည်ကို ချိုးဖောက်/အငြင်းပွားမှု၊ ဥပဒေတွင် ပြဋ္ဌာန်းပါရှိသော်လည်း အလွန်ထူးခြားမှု၊ ပြဋ္ဌာန်းဥပဒေကို ပြင်ဆင်ရန်/ဖြည့်စွက်ရန်/ အဓိပ္ပာယ်ထပ်မံဖွင့်ဆိုရန် လိုအပ်သောအမှုများကိုလည်း တရားရုံးများတွင် ကြုံတွေ့ရတတ်ပါသည်။ ယင်းသို့ ထူးခြားသောအမှုမျိုးကို စီရင်ပိုင်ခွင့်အမြင့်ဆုံး တရားလွှတ်တော်ချုပ်သို့ ဥပဒေပညာဖြင့် တရားရုံးအဆင့်ဆင့် သယ်ဆောင်သွားနိုင်သူများမှာ ရှေ့နေရှေ့ရပ်များ ဖြစ်ကြပါသည်။ နှစ်ဖက်ရှေ့နေများသည် ဥပဒေအဟောင်းအသစ်မျိုးစုံကို ဗီရိုလုံးကျွတ်ဖတ်ရ၊ ရှာရ၊ တွေးရ၊ ရေးရ၊ လျှောက်လဲချက်ပေးရခြင်းဖြင့် တိုင်းပြည်၏ တရားဥပဒေစိုးမိုးမှုကို တည်ဆောက်နေကြလေ၏။ အမြင့်ဆုံးစီရင်ပိုင်ခွင့်ရ တရားရုံးသည် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်များကို ကြားနာပြီးနောက် စီရင်ချက်၊ အမိန့်များ ချမှတ်ဆုံးဖြတ်ရလေသည်။ ယင်းသို့ အမြင့်ဆုံး စီရင်ပိုင်ခွင့်ရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တစ်နှစ်တာကာလအတွင်း ဆုံးဖြတ်ခဲ့သော အမှုများအနက် အထူးခြားဆုံး စီရင်ချက်များကို ရွေးချယ်၍ တစ်နှစ်တစ်ကြိမ် ထုတ်ဝေထုံးဖွဲ့သော တရားစီရင်ထုံးစာအုပ်များသည် ဖြတ်ထုံးများ ဖြစ်ပေသည်။

အမြင့်ဆုံးဥပဒေပြုအာဏာပိုင် (Supreme Legislation ) တို့သည် ပြဋ္ဌာန်းဥပဒေ ပြုသကဲ့သို့၊ တရားစီရင်ရေးအာဏာရ အမြင့်ဆုံးတရားရုံး (Union Supreme Court) ကလည်း ဖြတ်ထုံးများဖြင့် ဥပဒေပြုခွင့်ရလျက် တိုင်းပြည်၏ အချုပ်အခြာအာဏာကို အပြန်အလှန်ထိန်းကျောင်းခြင်း (exert reciprocal control, check and balance) ဖြစ်ပါသည်။

ထို့ကြောင့် ဖြတ်ထုံးများကို တရားသူကြီးက လုပ်သောဥပဒေများ (Judge-made - laws) ဟုလည်းကောင်း၊ (Rules as stated by the judges) ဟုလည်းကောင်း၊ လက်တင်ဘာသာအရ (Stare decisis ) (to stand by things decided) ဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် တရားရုံးအဆင့်ဆင့်သည် ထုံးဖွဲ့ထားသောဖြတ်ထုံးများကို ဥပဒေကဲ့သို့ လိုက်နာကြရပါသည်။ ဖြတ်ထုံးပါအမှုနှင့် တရားရုံးရှေ့ရှိ အမှု တူညီလျှင် ဖြတ်ထုံးကို အမှုဥပဒေ (case law)အဖြစ် ကိုးကားခြင်း (citation) ဖြင့် လိုက်နာရသော ဥပဒေအာနိသင်ရှိပါသည်။ ထို့ကြောင့် ဖြတ်ထုံးလမ်းစဉ်သို့မဟုတ် ဖြတ်ထုံးဒေသနာ (Doctrine of Precedent ) ဟု တန်ဖိုးထားရသော ဥပဒေစနစ်ဖြစ်ပါသည်။

## ကမ္ဘာ့ရေသောက်မြစ်နှစ်သွယ်

ကမ္ဘာ့နိုင်ငံအသီးသီး၏ အမျိုးမျိုးသော ပြည်တွင်းဥပဒေများကို တစ်ကမ္ဘာလုံး တညီတညွတ်တည်းဖြစ်စေရန် (Unification of Internal Laws) ကို ပညာရှင်များက အားထုတ်ခဲ့ကြဖူး၏။ ဝါဆောကွန်ဗင်းရှင်း ၁၉၂၉ ခုနှစ်၊ ထို့နောက်သည်ဟိတ် THE HAGUE (1955) မှ စတင်ကြိုးစားခဲ့ကြသော်လည်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနယ်ပယ်တွင်သာ အောင်မြင်ခဲ့သော်လည်း ပြည်တွင်းဥပဒေများကို ယနေ့အထိ တစ်ပြေးညီ ညှိ၍မရသေးချေ။

ယင်းသို့ညှိနှိုင်း၍မရဆုံး ကမ္ဘာ့အကြီးဆုံး ဥပဒေရေသောက်မြစ်ကြီးနှစ်ခုမှာ အင်္ဂလိပ်ရိုးရာဥပဒေမိသားစု (Family of English Common Law) နှင့် ရောမ- ဂျာမန်ဥပဒေ မိသားစု (Romano- Germanic Family) တို့၏ ကွာဟမှု ဖြစ်ပါသည်။

အင်္ဂလိပ်ရိုးရာဥပဒေသည် နိုင်ငံတည်ငြိမ်ရေးနှင့် လူပုဂ္ဂိုလ်များ၏အကြား အငြင်းပွားမှုကို ဖြေရှင်းပေးသော တရားရုံးများနှင့် တရားသူကြီးများ၏ကဏ္ဍကို အခြေခံထား၏။ ရောမ - ဂျာမန် ဥပဒေမှာ လက်တွေ့ကျင့်သုံးသည့် တရားရုံးများ၊ အုပ်ချုပ်ရေးဌာနများ၊ ရှေ့နေများ၏ ကဏ္ဍထက်-ဥပဒေပြဋ္ဌာန်းသည့် သဘောတရားကို ပိုမိုအလေးထား၏။ အဓိကခြားနားချက်မှာ အင်္ဂလိပ်ရိုးရာဥပဒေတွင် ဖြတ်ထုံးကို ဥပဒေကဲ့သို့ လိုက်နာတန်ဖိုးထားသော်လည်း ရောမ-ဂျာမန်ဥပဒေက ဖြတ်ထုံးကို လိုက်နာခြင်းမရှိချေ။

## ဖြတ်ထုံးသမိုင်း

ဖြတ်ထုံးကို အင်္ဂလန်နိုင်ငံတွင် ၁၂၈၃ ခုနှစ်မှ ၁၅၃၅ ခုနှစ်အကြား ဥပဒေကျောင်းသားများက နှစ်စဉ်ရေးသားထုတ်ဝေခဲ့ကြသည်။ ၁၈၆၅ ခုနှစ်တွင် စီရင်ထုံးကောင်စီကိုဖွဲ့စည်း၍ တရားစီရင်ထုံးများကို ပုံနှိပ်ထုတ်ဝေခဲ့ကြ၏။ အမှုများကို ယင်းကောင်စီကရွေးချယ်၍ ရှေ့နေများက ရေးသားပြီး တရားသူကြီးက အတည်ပြု၍ (The All English Law Reports) ထုတ်ဝေကြလေသည်။ အင်္ဂလန်နိုင်ငံတွင် Ekin V. East India Co. (1717) 2 Eg Cas Abr 533 ကဲ့သို့သော အလွန်ရှေးကျသည့် အရှေ့အိန္ဒိယကုမ္ပဏီစီရင်ထုံးများမှအစ ယခုနောက်ဆုံးစီရင်ထုံးများအထိ ကိုးကားလိုက်နာဆဲဖြစ်ပါသည်။

## မြန်မာနိုင်ငံတရားစီရင်ထုံးများ

ကိုလိုနီခေတ်အင်္ဂလိပ်အစိုးရသည် ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ပြည်၊ ပဲခူးနယ်များကို သိမ်းယူပြီးနောက် အင်္ဂလိပ်ဖြတ်ထုံးဥပဒေကို မျိုးစေ့ချခဲ့ရာ အောက်မြန်မာနိုင်ငံ ရွေးချယ်စီရင်ထုံးများ (S.J.L.B-) (၁၈၇၂-၁၈၉၂) မှစ၍ အောက်မြန်မာနိုင်ငံ ပုံနှိပ်စီရင်ထုံးများ (P.J.L.B-)၊ အောက်မြန်မာနိုင်ငံ စီရင်ထုံးများ (L.B.R)၊ အထက်မြန်မာနိုင်ငံ စီရင်ထုံးများ (U.B.R-) မှသည် --- လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် မြန်မာနိုင်ငံစီရင်ထုံး (၁၉၄၈) တရားလွှတ်တော် (H.C-) နှင့် တရားလွှတ်တော်ချုပ် (S.C-)မှသည် ------ ယနေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခေတ်တွင် တရားစီရင်ထုံးများ ( ၂၀၁၅) အထိ ထုတ်ဝေခဲ့ကြပါသည်။

မြန်မာပြည်၏ စီရင်ထုံးသမိုင်းသည် ခေတ်ကြီးခြောက်ခေတ်၊ စီရင်ထုံးအတွဲပေါင်း (၁၄၃) တွဲမျှ ထုထပ်လျက် နှစ်ကာလပေါင်း (၁၄၃) နှစ် ကြာမြင့်ခဲ့ပါကော။ လောကီထုပ္ပတ်အမှုသည်တို့၏ ဇာတ်ပေတကား။

## အိန္ဒိယဖြတ်ထုံးကျမ်းများ

အိန္ဒိယပြည်သည် မြန်မာပြည်ထက် ကာလစောစွာ ဗြိတိသျှကိုလိုနီဖြစ်ခဲ့ရာ အင်္ဂလိပ်ဥပဒေစနစ်နှင့် ပိုမို၍ အသားကျခဲ့ပါသည်။ အင်္ဂလိပ်ကိုလိုနီခေတ်အစိုးရခေတ်တွင် ပြဋ္ဌာန်းဥပဒေအားလုံးနီးပါးကို အိန္ဒိယနှင့် မြန်မာပြည်တို့တွင် ထပ်တူကျင့်သုံးခဲ့ကြ၏။ နှစ်နိုင်ငံဖြတ်ထုံးများကိုလည်း ထပ်တူကိုးကားခဲ့ကြ၏။

အိန္ဒိယရှေ့နေကြီးများနှင့် တရားသူကြီးများသည် ဖြတ်ထုံးများကို အနှစ်ချုပ်၍ ဒိုင်ဂျက်စ်များအဖြစ် လည်းကောင်း၊ ဥပဒေအမျိုးအစားအလိုက် ဖြတ်ထုံးများကို ခွဲခြမ်းပြုစု၍ ဥပဒေကျမ်းမျိုးစုံ ရေးသားခဲ့ကြပါသည်။ ရေးအားအလွန်ကောင်းခဲ့ကြပါပေသည်။ ကောက်နုတ်ကိုးကားရပါလျှင် VI VI CHITALEY နှင့် S.RAO တို့ ရေးသော နှစ်ငါးဆယ်ဒိုင်ဂျက်စ်အတွဲများနှင့် BASU, B.B.MITRA, D.F.MULLA, P.C.SARKAR, S.C . SARKAR, M.K.SWAMI, RATANLAL, D.K .THAKORE တို့နှင့် အခြား အိန္ဒိယပညာရှင်များ၏ ဥပဒေကျမ်းများဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ဥပဒေတစ်ဖက်ကမ်းခပ်မျှ ပြုစုရေးသားခဲ့ကြသော ယင်းဥပဒေကျမ်းများသည် တန်ဖိုးမဖြတ်နိုင်သော ရတနာထုပ်များ ဖြစ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် လူတစ်ဦးသည် ဉာဏ်နီဉာဏ်နက်ကို တစ်ဆုံးသုံး၍ အမှုဖြစ်ပွားပါစေ၊ ပြဋ္ဌာန်းဥပဒေ ပေတံဖြင့် အံ့သြလောက်အောင် အဖြေထုတ်နိုင်သော ကျမ်းများဖြစ်ခြင်းကြောင့်ပါတည်း။ ကြံကြီးစည်ရာ ထွေလီကာလီမည်သည့်အမှုကိုမဆို ဖြေရှင်းနိုင်သော ဥပဒေအဖြေများသည် အိန္ဒိယထုတ် ယင်းကျမ်းများတွင် ရှိနေသည်မဟုတ်ပါလား။

မြန်မာပြည်လွတ်လပ်ရေးရသောအခါ ကိုလိုနီခေတ် အင်္ဂလိပ်ဥပဒေအများစုကို မြန်မာဥပဒေပညာရှင်ကြီးများက ရွေးချယ်၍ မွေးစားယူလျက် တိုင်းသစ်ပြည်သစ်ထူထောင်ခဲ့ကြ၏။ ပညာရှိ မြန်မာရှေ့နေကြီးများနှင့် မြန်မာတရားသူကြီးများသည် အထက်တွင် ဖော်ပြခဲ့သော အိန္ဒိယထုတ်ဥပဒေကျမ်းများကို ဖတ်၍ ဖြတ်ထုံးများကို ကိုးကား၍ အင်္ဂလိပ်ဘာသာဖြင့် ရေးသားလျှောက်လဲ၍ စီရင်ထုံးများထုတ်ဝေ၍ ဥပဒေနှင့် တရားစီရင်ရေးနယ်ပယ်တွင် အင်္ဂလိပ်ရိုးရာဥပဒေ (English Common Law) ဖြင့် အသားကျနေခဲ့စဉ် (၂-၃-၁၉၆၂) နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အချုပ်အခြာအာဏာကို သိမ်းယူခဲ့ရာ တရားစီရင်ရေးစနစ်သည်လည်း ကျွန်ဝယ်ရာ အဆစ်ပါခဲ့ရလေသည်။

## အထူးရာဇဝတ်ခုံရုံး၏ဖြတ်ထုံးများ

တော်လှန်ရေးကောင်စီခေတ်၊ နိုင်ငံတော်တရားရုံးချုပ် အထူးရာဇဝတ်အယူခံအမှု တွင် တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ဆုံးဖြတ်သည့် စီရင်ချက်ကို ပူးတွဲ၍ မော်ကွန်းထိန်း ဦးအောင်တိုးက တရားရုံးများ ညွှန်ကြားလွှာအမှတ် (၉/၁၉၇၂) ဖြင့် အောက်ပါအတိုင်း ညွှန်ကြားခဲ့ပါသည်။

အထူးရာဇဝတ်ရုံးအယူခံအဖွဲ့၏ စီရင်ထုံးများရှိလျှင် အခြားစီရင်ထုံးများကို ကိုးကားရန်မလိုပါ။ နိုင်ငံခြားစီရင်ထုံးများကို ကိုးကားခြင်းမပြုအပ်ရာဟူ၏။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၏ တံခါးပိတ်အထီးကျန်ဝါဒသည် တရားဥပဒေစနစ်၏ တည်ငြိမ်မှုကိုလည်း ကွေးကောက်သွားစေခဲ့၏။ ၁၉၇၄ ခုနှစ် ပြည်သူ့တရားစီရင်ရေးစနစ်သည် အင်္ဂလိပ်တရားစီရင်ရေး၏ ဖြတ်ထုံးစနစ်ကို ချေဖျက်ခဲ့၏။ သို့ရာတွင် တစ်ဖက်တွင်လည်း အဆီအငေါ်မတည့်စွာ မြန်မာဘာသာ ဖြင့်ဖြတ်ထုံးများစွာထုတ်ဝေခဲ့သေး၏။ ကောက်နုတ်တင်ပြပါသည်။

ယနေ့တိုင် တရားစီရင်ထုံးစာအုပ်များ၏ မျက်နှာဖုံးတွင် စံပြုဖော်ပြထားကြသော ဒေါက်တာမောင်မောင်ထုံးဖွဲ့ခဲ့သည့် တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကိုစီရင်ကြောင်း အများမြင်စေရာသည်။ ပထစနှင့် မောင်ရွှေ(ခ) မောင်ရှေပါ (၂)၊ ၁၉၆၆၊ မတစ (ရခ) စာ ၆၁၆ စီရင်ထုံးသည် တကယ် တော့ ဒေါက်တာမောင်မောင် စတင်ထုံးဖွဲ့ခဲ့ခြင်း မဟုတ်ချေ။

(၁) ကျော်လှအောင်အမှု၊ 1950,B.L.R.(H.C.) 106

(၂) ကျော်စိန်အမှု၊ 1958, B.L.R. (H.C.) 639

(၃) ဦးအေးမောင်အမှု၊ 1961, B.L.R.(H.C.) 86 စသော ရှေ့ကထုံးဖွဲ့ခဲ့ပြီး သော စီရင်ထုံးများပါ ဤစကားရပ်များအတိုင်း ဆက်လက်လိုက်နာ၍ မောင်ရွှေစီရင်ထုံးကို နောက်ကျ၍ ထပ်မံထုံးဖွဲ့ကြောင်းဖော်ပြရန် (လုံးဝ) ပျက်ကွက်ခဲ့လေသည်။

## ဖြတ်ထုံးများ၏ မနက်ဖြန်များ

ဖြတ်ထုံးစနစ်၏ ကောင်းကျိုးများမှာ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာတို့ကို တရားစီရင်ရေးအာဏာက အပြန်အလှန် စောင့်ကြပ်ဟန်ချက်ထိန်းသိမ်းခြင်း (exert recirprocal control, check and balance) ကို ပြုနိုင်ခြင်းဖြစ်ပါသည်။ တစ်ရုံးတစ်ထုံး ထင်ရာစိုင်းဆုံးဖြတ်ခြင်းကို ဘောင်ကွပ်ပေးနိုင်ပါသည်။ မြန်မာပြည်၏ လွတ်လပ်ရေးသက်တမ်းနှင့် မမျှသော စနစ်အမျိုးမျိုးက ပြဋ္ဌာန်းခဲ့သော ရောင်စုံဥပဒေများ၏ မတူကွဲပြားမှုကို တရားခွင်လက်တွေ့ကျင့်စဉ်ဖြင့် ထိန်းညှိပေးနိုင်ပါသည်။

ဖြတ်ထုံးစနစ်၏ဆိုးကျိုးများမှာ ရှေ့စီရင်ထုံးများ မှားယွင်းခဲ့လျှင် နောက်စီရင်ထုံးများဖြင့် ရဲရဲဝံ့ဝံ့မပယ်ဖျက်လျှင်ဖြစ်စေ၊ စီရင်ထုံးများပါ စကားရပ်များကို မရှင်းမလင်း ထုံးဖွဲ့ထားလျှင်ဖြစ်စေ၊ ကာလကြာသောအခါ ပြုတ်စဗျင်းတောင်း အမှိုက်ပုံကဲ့သို့ အမေဘုတ်၏ ချည်ခင်ကဲ့သို့ ရှင်းမနိုင်ဖြစ်ချိမ့်မည့်အပြင်၊ တရားရုံးများက လိုရာကိုကွက်၍ ဆွဲသုံးခြင်းကြောင့်လည်း သားရေကွင်းမျှော့ကြိုး (flexibility) စီရင်ချက်များ ဖြစ်လာပါလျှင် ကုသရန်ခက်ခဲဖွယ်ရှိပါမည်။ ထိုရောအခါ အနိမ့်ဆုံးစံအားဖြင့် တရားစီရင်ရေးအပေါ်တွင် ပြည်သူ၏ ယုံကြည်မှုကျဆင်းသွားပါလိမ့်မည်။ အမြင့်ဆုံးစံမှာ တရားဥပဒေစိုးမိုးမှု ပျက်စီးသွားပေလိမ့်မည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၏ အဓိကအရင်းအမြစ်မှာ ဖြတ်ထုံးများဖြစ်သောကြောင့်လည်း မြန်မာပြည်တရားစီရင်ရေးနှင့် ဥပဒေများတွင် ဖြတ်ထုံးဒေသနာကို ဖြုတ်ပစ်ရန်မှာလည်း လုံးဝမဖြစ်နိုင်ချေ။ ရောမ- ဂျာမန် ဥပဒေစနစ်ကဲ့သို့ ဖြတ်ထုံးကိုမသုံးစွဲဘဲ တစ်မှုချင်းအလိုက် ဆုံးဖြတ်ကြမည်ဆိုပါစို့။ ဆေးမီဖို့ မမြင်ချေ။ ရာစုနှစ် သုံးခုပေါင်းသင်းခဲ့ရသော အင်္ဂလိပ်ရိုးရာဥပဒေပါ ဖြတ်ထုံးစနစ်ကို ဇွတ်အတင်း သေခန်းဖြတ်၍ မဖြစ်နိုင်မည့်အတူတူ ဖြတ်ထုံးဓလေ့ကို ကောင်းသထက်ကောင်းမွန်ဖို့သာ တက်ညီလက်ညီ ကြိုးစားထိုက်ပါသည်။

အသံဗလံများထွက်နေသော လက်အောက်ခံတရားရုံးများ၏ အမိန့်၊ စီရင်ချက်များကို အမြန်တည့်မတ်ပေးရန်အတွက်မျှသာမကဘဲ ထူးခြားသော ဖြတ်ထုံးများ ထုံးဖွဲ့နိုင်ရန်အလို့ငှာ ထူးခြားသောအယူခံမှု၊ ပြင်ဆင်မှုများကို အထက်တရားရုံးများက လက်ခံကြောင်းအမိန့်များကို ရက်ရောစွာ ချမှတ်ပေးထိုက်ပါသည်။

ဥပဒေမျက်စိတွင် တရားရုံး၏ မည်သည့်ဆုံးဖြတ်ချက်တွင်မဆို အကြောင်းအကျိုးညီသော ဆုံးဖြတ်ချက် (Ratio Decidendi) ကိုလည်း မဖြစ်မနေ ထည့်သွင်း ဖော်ပြပေးရပေလိမ့်မည်။ အကျဉ်းနည်းပလပ်သည့် အမိန့်တိုင်းတွင် (Summary Dismiss) ဟု ဆိုသည့်အတိုင်း သံခေပ(ခ)သံခိပ်(ခ)သံခိပန(ခ) သံခိတ္တ(ခ)အကျဉ်းချုပ်ကို ထည့်သွင်း၍ ရေးကိုရေးထိုက်ပါသည်။ အကြောင်းအကျိုးမပါရှိသော ဆုံးဖြတ်ချက်သည် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေ၏။ အဘယ့်ကြောင့်ဆိုသော် ဆုံးဖြတ်ရသည့်အကြောင်းပြချက် (The reason for deciding) ဆိုသည်မှာ တရားဥပဒေစိုးမိုးရေး (The Rule of Law)၏ အခြေခံစကားရပ် မဟုတ်ပါလား။

*စာမျက်နှာ ၁၇ သို့*

# စစ်တွေပင်လယ်ကမ်းခြေကို ကာကွယ်မှုပေးပါ

**သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ-ဖရုံကာသား**

တစ်နေ့က ကြိုတင်စီစဉ်မှုမရှိဘဲ စစ်တွေကမ်းခြေသို့ သွားဖြစ်ခဲ့သည်။ ညီငယ် စာရေးဆရာ သတင်းသမားတစ်ဦးနှင့်အတူ တစ်ယောက်ဆိုင်ကယ်တစ်စီးစီးကာ ရှုခင်းသာယာ ဗျူးပွိုင့်ဘက်ကပတ်ပြီး အေးဆေးစွာမောင်းနှင်ခဲ့ကြ၏။ ကမ်းခြေကို မြင်လိုက်ရသည်နှင့် ပင်လယ်လေနုနုရှရှက ကျွန်တော်တို့နှစ်ဦးသားကို ချိုမြသောအပြုံးဖြင့် နှုတ်ဆက်ကာ ဆီးကြိုလေတော့သည်။ ရောက်ခဲ့ပါပြီ ကမ်းခြေဆီ။

**သာယာပါပေ မြို့စစ်တွေ**

စစ်တွေကမ်းခြေအကြောင်း မတင်ပြမီ စစ်တွေမြို့အကြောင်း တင်ပြဖို့လိုမည်ထင်ပါသည်။ စစ်တွေအကြောင်း သိသူရှိမည်၊ မသိသူလည်း ရှိမည်ဖြစ်၏။ ရောက်ဖူးသူရှိမည်၊ မရောက်ဖူးသူလည်းရှိမည် ဖြစ်၏။ မြို့စစ်တွေသည် ကစ္ဆပနဒီနှင့် မေယုနဒီမြစ်ဝနှစ်ခုအကြား ပင်လယ်ကိုမေးတင်ကာ တည်ဆောက်ထားသော ပင်လယ်ကမ်းခြေမြို့ ဖြစ်သည်။ ရခိုင်ပြည်နယ်ထဲတွင် တောင်ကုန်း တောင်တန်းလုံးဝမရှိသော တစ်ခုတည်းသောမြို့ဖြစ်သည်။ ရခိုင်ဘုရင်များ ဘုန်းမီးနေလတောက်ပခဲ့သော ဝေသာလီခေတ်က သမုဒ္ဒဂီရိမြို့သည် ဤကျွန်းတွင်ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းရှိသည်။ မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်တို့က ယခု စစ်တွေမြို့နေရာ၌ ကမ်းခြေမြို့အဖြစ် တည်ခဲ့သည်။ Akyab အမည်ဖြင့် အာရှတွင်မက ကမ္ဘာတွင် နာမည်ကြီးခဲ့ပြီး ထိုစဉ်က အာရှတိုက်၏ ဆန်စပါးတင်ပို့ ရောင်းချသော အကြီးဆုံးဈေးကွက်မြို့ကြီး ဖြစ်ခဲ့သည်။ ယခုအခါ စစ်တွေမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၃၂ ခု၊ ကျေးရွာအုပ်စု ၂၇ ခုနှင့်ကျေးရွာ ၈၇ ရွာရှိပြီး ၂၀၁၆ ခုနှစ်စာရင်းအရ လူဦးရေစုစုပေါင်း ၃၄၀၅၂၂ ဦးရှိကြောင်း သိရသည်။ မကြာမီပေါ်ထွက်လာမည့် ကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဆတ်ရိုးကျချောင်းဝမှ စစ်တွေဈေးကြီးအထိ မြစ်ပြင်ကို ဆည်ဖို့ပြီး ဆောင်ရွက်နေသော မြို့ကြီးစီမံကိန်းများ ပြီးစီးပါက ယခုထက်လှပလာမည်ဖြစ်ပြီး ယင်းစီမံကိန်းများမှ ရရှိလာမည့် အသီးအပွင့်များကို ဒေသအတွက် အသုံးပြုခွင့်ရရှိပါက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ပြည်နယ်မြို့တော်စစ်တွေက ဤအခွင့်အလမ်းများကို စောင့်မျှော်နေဆဲပင်။

**သာလီစွအုန်းရည်ချို**

စာရေးသူတို့နှစ်ဦးသား ဆိုင်ကယ်များကို လမ်းဘေးတစ်နေရာတွင် ရပ်ကာ သဲသောင်ပြင်မှ ဆိုင်တစ်ဆိုင်ဆီ သွားလိုက်ကြသည်။ အသက် ၂၅ နှစ်အရွယ် လူငယ်တစ်ဦးက လက်ပိုက်ပြီး ပြုံးရွှင်စွာဖြင့် "သာလီစွပါ" ဟု နှုတ်ဆက်သည်။ ပြန်လည်ပြီး ပြုံးရွှင်စွာဖြင့် "သာလီစွပါ ညီ" ဟု ခွန်းတုံ့ပြန်လိုက်၏။ လာပါဟုဆိုပြီး ဒေသထွက်ဝါးများဖြင့် ပြုလုပ်ထားသော ကုလားထိုင်နှစ်လုံးချထားရာဆီ ခေါ်သွား၏။ အပေါ်မှာ အုန်းလက်မိုးကာ သစ်သားတန်းများဖြင့် ပြုလုပ်ထားသော ထီးရိပ်တစ်ခု၊ အခြားဒေသမှ ထွက်ကုန်လုံးဝမပါဘဲ ဒေသထွက် သစ်၊ ဝါး၊ အုန်းလက်များဖြင့် လုပ်ထားသောဆိုင်။ စာရေးသူရင်ထဲမှ ချီးကျူးလေးစားမိသည်။ မိမိဒေသထွက်ကုန်များကို အကျိုးရှိစွာ အသုံးပြုပြီး ဝင်ငွေရှာနေသော ဤလိုစိတ်ထားမျိုးရှိသော လူငယ်တွေများများရှိပါစေဟု စိတ်အစဉ်ဝယ် တောင်းဆိုမိ၏။ "ဘာသုံးဆောင်မလဲ" ဟုမေးရာ "အုန်းသီးရည်သောက်မယ် ညီလေး" ဟုပြောလိုက်ပြီး မကြာမီ အုန်းသီးရည်နှစ်လုံးချပေးလာ၏။ "သာလီစွ အုန်းရည်ချိုပါ၊ သောက်ကြည့်ပါ၊ ချိုပါတယ်" ဟု ပြောသွားသည်။ မှန်ပေစွာချိုမြသည့်အုန်းသီးရည်ပင်။ သာလီစွဟု နာမည်ပေးထားခြင်းနှင့် လိုက်ဖက်၏။ ရင်အေးမြသွား၏။ သာလီစွဟူသောစကားသည် ရခိုင်တို့၏ ရှေးကနှုတ်ဆက်စကားဖြစ်ပြီး သာယာချမ်းမြေ့ပါစေဟု နှုတ်ဆက်ခြင်းပင် ဖြစ်သည်။ ဘင်္ဂလားပင်လယ်ဆီမှ ဖြတ်သန်းလာသော အဆိပ်အတောက်ကင်းစင်သည့် လတ်ဆတ်သော လေနုနုရှရှကို အားပါးတရ ရှူရှိုက်ရသဖြင့် အမောများပြေပျောက်သွား၏။အုန်းသီးတစ်လုံးကို အကြီး၊ အငယ် အလိုက် ငွေကျပ် ၁၀၀၀မှ ၁၅၀၀ ပေးရသည်။ စာရေးသူတို့ ငယ်စဉ်က တောရွာများတွင် ဤသို့အုန်းသီးရည်များကို အလကားပေးကြသည်။ လူပျိုအရွယ် တောရွာတွင် နေထိုင်ခဲ့စဉ်က တစ်ခါသောက်လျှင် နှစ်လုံးသုံးလုံးအထိ သောက်ခဲ့ဖူးသော ကာလကို အုန်းသီးရည်သောက်ရင်း မြင်ယောင်လာ၏။ စာရေးသူတို့ မွေးရပ်မြေဘက်တွင် ယခုအချိန်ထိလည်း အုန်းသီးတစ်လုံးကို ငွေကျပ် ၂၀၀ မှ ၃၀၀ သာပေးရ၏။ ယခုကား ငွေကျပ် ၁၀၀၀မှ ငွေကျပ် ၁၅၀၀ ပေးရသည်မှာ ဒေသနယ်မြေနှင့် ဈေးကွက်အရဖြစ်ကြောင်း သုံးသပ်မိပေသည်။

ညနေပိုင်းရောက်လာလေ လူများတဖြည်းဖြည်းများလာလေမြင်ရ၏။ သောင်ပြင်တွင် အစုအဖွဲ့အလိုက် ဘောလုံးကစားနေသူများ၊ ကမ်းစပ်တွင် ရေကူးနေသူများ၊ ကိုယ့်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်နေကြသူများကို မြင်တွေ့ရသဖြင့် မုဒိတာပွားမိသည်။ အုပ်စုဖွဲ့သွားလာနေကြသူ များကလည်း အရွယ်စုံ၊ ကမ္ဘာလှည့်ခရီးသွားများကလည်း ဓာတ်ပုံရိုက်သူရိုက်၊ အနားယူသူယူ၊ ငါးကင်၊ ပုစွန်ကင်နှင့်အသားကင်မျိုးစုံ ရောင်းချနေသူများနှင့်ကမ်းခြေသည်စည်ကားနေ၏။ ဤနေရာသည်ကား အပန်းဖြေ၊ အားကစား၊ လေ့ကျင့်ခန်း၊ ဈေးရောင်းစသည့် ပြည်သူများ အသုံးပြုရာ နေရာတစ်ခု ဖြစ်နေသည်။

အသင့်ပါလာသော ကင်မရာကိုထုတ်ကာ ရှုခင်းကောင်းရာများကို ရိုက်ဖြစ်နေသည်။ ထိုစဉ် "ဆရာရယ် ဒီကမ်းခြေဟာ တကယ်သာယာတယ်နော်။ ဒီလိုသာယာတဲ့ ကမ်းခြေကို အသုံးပြုသူတွေက မညစ်ညမ်းအောင် အသုံးပြုဖို့လိုအပ်တယ်နော်။ ခုကြည့်ပါလား၊ ပလတ်စတစ် စတွေ၊ အမှိုက်တွေနဲ့မြင်ရတာကိုက လူတွေတာဝန်မဲ့ရာကျနေပြီနော်။ ကိုယ်စီအသိစိတ်ဓာတ်နဲ့ စနစ်တကျပြုပြင်စောင့်ထိန်းကြရင် သိပ်ကောင်းမှာပဲ" ဟု အတူပါလာသော စာရေးဆရာ၊ သတင်းသမား သားရွှေဦး(ကစ္ဆပ)က စာပေအမြင်၊ မီဒီယာအမြင်ဖြင့် ရင်ထဲမှ စေတနာကို လှစ်ဟပြောပြသည်။ အုန်းရည်ချိုမြမြကိုသောက်ရင်း အင်တာနက်ကို ဖွင့်ရာ လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့နေသော စစ်တွေကမ်းခြေမှ သဲတူးခွင့်တောင်းခံခြင်းကို ကန့်ကွက်သော စာများကို စိတ်မချမ်းမြေ့စရာ ဖတ်နေရသည်။

**ကမ်းခြေကိုကာကွယ်ပါ**

စစ်တွေပင်လယ်ကမ်းခြေသည် ကစ္ဆပနဒီ (ခေါ်) ကုလားတန်မြစ်ဝမှ မေယုမြစ်ဝအထိဖြစ်ပြီး ၁၂မိုင်ခန့် ရှည်လျားသည်။ ကမ်းခြေတစ်လျှောက် အုန်းပင်တန်းများနှင့် လှပတင့်တယ်ပြီး ကုန်းမြင့်ပိုင်းတွင် မြေသြဇာကောင်းမွန်သော စိုက်ပျိုးမြေများစွာရှိသည်။ ကစ္ဆပနဒီမြစ်ဝ စစ်တွေကျွန်းဖျားတွင် ဗျူးပွိုင့်ကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသည်။ ကမ်းခြေမှ အရှေ့ဘက်ယွန်းယွန်းတွင် တစ်ချိန်က မီးပြတိုက်အဖြစ်အသုံးပြုခဲ့သော လေးရှင်းတောင်မီးပြကလည်း ရှေးဟောင်းအမွေတစ်ခု ဖြစ်နေသည်။ စစ်တွေဟိုတယ်ရှိသည်။ ကမ်းခြေမှ မလှမ်းမကမ်းတွင် စစ်တွေတက္ကသိုလ်က ထည်ဝါခံ့ညားစွာ ဂုဏ်ယူဝင့်ကြွားလျက်တည်ရှိသည်။

စစ်တွေဟိုတယ်ရှေ့ ပင်လယ်သဲသောင်မြေ Point (1) နေရာမှ သဲများကို ကုမ္ပဏီတစ်ခုက သဲထုတ်လုပ်ခွင့်တောင်းခံခြင်းရှိသည်ကို အစိုးရက ပြည်သူသို့ချပြရာ လူမှုအဖွဲ့အစည်းအသီးသီးက လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီက လည်းကောင်း အစိုးရသို့ ကန့်ကွက်လွှာတင်ပြကြကြောင်း သိရသည်။

ဤကမ်းခြေသည် လူတို့ပြုပြင်ထားခြင်းမဟုတ်သော မူလပတ်ဝန်းကျင်နေရာတစ်ခုဖြစ်သည်။ သဘာဝကပေးထားသော တန်ဖိုးမဖြတ်နိုင်သည့် လက်ဆောင်ကောင်းတစ်ခုလည်း ဖြစ်သည်။ ဤကမ်းခြေပျက် စီးသွားခြင်းအားဖြင့် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးနစ်နာမှုများရှိနိုင်ပြီး အန္တရာယ်ဆိုးများကိုလည်း လက်လှမ်းဖိတ်ခေါ်သွားသကဲ့သို့ သက်ရောက်နိုင်ပေသည်။



ကမ်းခြေအနီးတွင် သန္တာကျောက်တန်းများ၊ ပင်လယ်ရေမှော်များ ကဲ့သို့သော ဇီဝမျိုးကွဲမျိုးစုံများရှိရာ ကမ်းခြေမှ သဲသောင်များမရှိခြင်းဖြင့် ဂေဟစနစ်များ ပျက်စီးကာ ယင်းတို့၏ မှီခိုကျက်စားရာဒေသများ ပျောက်ဆုံးသွားနိုင်ပေသည်။ ဆိုးကျိုးအန္တရာယ်များနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်နေသူများကလည်း ရှင်းပြကြသည်။

"ကျွန်တော်တို့အနေနဲ့ ဒီသောင်ပြင်ကနေ သဲတူးတာကို ယခင်ကလည်း ကန့်ကွက်ခဲ့ဖူးပါတယ်။ စစ်တွေမြို့မှာကုလားတန်မြစ်ကြောင်း ဖွံ့ဖြိုး ရေးစီမံကိန်း ဆောင်ရွက်နေတဲ့ အိန္ဒိယနိုင်ငံ အက်ဆာ(ESSAR)ကုမ္ပဏီက သဲတူးခဲ့ပါတယ်။ အဲဒီအကျိုးဆက်ကြောင့် ပင်လယ်ကမ်းစပ်နားမှာရှိတဲ့ ပင်လယ်ကဗ္ဗီးပင်တွေဟာ ဒီရေတိုက်စားကာ သေဆုံးသွားခဲ့ပါတယ်။ ကျွန်တော်တို့တွေ သဲဖို့ပြီး ပြုစုကြပါသေးတယ်။ မရလိုက်ပါဘူး၊ သေသွားတာပါပဲ။ နောက်ပြီး ပင်လယ်ရေ မျက်နှာပြင်ဟာ ကုန်းမြင့်နားထိရောက်လာတော့ လူတွေအပန်းဖြေ နေရာတွေ ပျက်စီးသွားပါတယ်။ ဒီကမ်းခြေရဲ့ အနီးအနားမှာ ကျက်စားနေတဲ့ ကဏန်း၊ ခရုစတဲ့ အကောင်လေးတွေ၊ ရေအောက်သန္တာကျောက်တန်းတွေ စတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေဟာ ပျက်စီးပျောက်ကွယ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အဖွဲ့အနေနဲ့လည်း အက်ဆာကုမ္ပဏီကို ကန့်ကွက်ခဲ့သလိုပဲ ခုလည်း ကန့်ကွက်တာပါ" ဟု စိမ်းပြာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးကျော်က ရှင်းပြသည်။

ဤနေရာသည် သဘာဝကမ်းခြေ တစ်ခုဖြစ်ရာ သဲများတူးယူခွင့်ပေးလိုက်ခြင်းအားဖြင့် မူလသဘာဝမြေမျက်နှာပြင်များ ပျက်စီးပြီး မြေပြို မှုကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်များဖြစ်သော ရေလှိုင်းကြီးများ ဝင်ရောက်ခြင်း၊ ထူးကဲဒီရေမြင့်တက်ခြင်း၊ ရေလွှမ်းမိုးခြင်းများသာမက မုန်တိုင်းအန္တရာယ်တားဆီးကာကွယ်ရေးကိုလည်း ထိခိုက်စေနိုင်သည်။ တောင်ကုန်းတောင်တန်းလုံးဝမရှိသော စစ်တွေမြို့အတွက် ပိုမို၍ သတိထားရပေမည်။

အောက်ခြေလူတန်းစား၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရာ ဤကမ်းခြေမရှိခြင်းဖြင့် အခြေခံလူတန်းစားအချို့၏ စားနပ်ရိက္ခာဖူလုံမှုများကို ထိခိုက်လာစေနိုင်သည်။ ထိုသို့လူမှုစီးပွားရေးဆိုင်ရာ နစ်နာမှုများကို ပို၍ အလေးထားရမည်ဖြစ်သည်။ ဤနေရာသည် စစ်တွေမြို့ရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ၏ အားကစားလေ့ကျင့်ရာနေရာတစ်ခုဖြစ်၍ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါ အရာရောက်ပါသည်။ သို့ဖြစ်၍ မြို့တော်စစ်တွေ၏ ဦးစားပေးနယ်မြေတစ်ခုဖြစ်ကြောင်း ညွှန်ပြနေသည်။

စစ်တွေကမ်းခြေတွင် လာရောက်သူများအနေဖြင့်လည်း မိမိတို့ယူဆောင်လာသော အစားအသောက်များကို စနစ်တကျစားသောက်ပြီး ပလတ်စတစ်အိတ်များ၊ ရေသန့်ဘူးခွံများကို လမ်းဘေးရှိ အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်ကြဖို့ လိုပါတယ်။ ရောင်းချနေသောဆိုင်များမှလည်း ဤအကျင့်ကို လိုက်နာသင့်သည်။ သို့မဟုတ်ပါက ကမ်းခြေသည် အမှိုက်သရိုက်များ၊ ပလတ်စတစ်များဖြင့် ညစ်ညမ်းမှုကို စိန်ခေါ်နေသည့် အလားဖြစ် ကာ မကြာမီအရုပ်ဆိုးသော ကမ်းခြေဖြစ်လာနိုင်သည်။ မည်သည့်ကိစ္စမဆို အားလုံးဝိုင်းဝန်းဆောင်ရွက်မှသာ ဤကမ်းခြေမပျက်စီးမဆုံးရှုံးစေဘဲ သန့်ရှင်းသာယာလှပကာ အစဉ်တည်တံ့စေရန် အားလုံးမှာတာဝန်ရှိပေသည်။ သို့ဖြစ်၍ အားလုံးသောသူများအား စစ်တွေပင်လယ်ကမ်းခြေကို ကာကွယ်မှုပေးပါဟု တိုက်တွန်းရေးသားလိုက်ပါသည်။

# လှိုင်ကော်မြို့နယ်၌ မြင်းလှည်းများ အနေးယာဉ်လိုင်စင်သက်တမ်းတိုးမှုနည်းပါးလာ

**လှိုင်ကော် ဖေဖော်ဝါရီ ၂၀**

ကယားပြည်နယ် လှိုင်ကော်မြို့နယ်၌ အနေးယာဉ်လိုင်စင် သက်တမ်းတိုး ဆောင်ရွက်သူ မြင်းလှည်းအစီးရေ တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်း လျော့နည်းလာကြောင်း လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

လှိုင်ကော်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က မြင်းလှည်း ၂၅ စီးကို အနေးယာဉ် လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြင်းလှည်း ၁၄ စီး သာ အနေးယာဉ်လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ခဲ့သဖြင့် ကျန်ရှိသော မြင်းလှည်း ၁၁ စီးကို အနေးယာဉ် လိုင်စင်စာရင်းမှ ပယ်ဖျက်ထားပြီဖြစ် ကြောင်းသိရသည်။ အနေးယာဉ်လိုင်စင် သက်တမ်းတိုး ဆောင်ရွက်ခြင်းကို တစ်နှစ်တစ်ကြိမ် ဆောင်ရွက်ရမည်ဖြစ်ပြီး အနေးယာဉ် လိုင်စင်ကြေးငွေကျပ် ၃၀၀၀၊ ဘီးခွန် ငွေကျပ် ၁၀၀၀၊ မှတ်ပုံတင်ကြေး ငွေကျပ် ၅၀၀၊ စုစုပေါင်းငွေကျပ် ၄၅၀၀ ပေးသွင်းရမည်ဖြစ်သည်။

"လှိုင်ကော်မြို့နယ်မှာ ယခင်က မြင်းလှည်းအစီးရေ ၂၀၀ လောက် အထိရှိခဲ့ဖူးတယ်။ ၂၀၀၆ ခုနှစ်၊ ၂၀၀၇ ခုနှစ်လောက်က စတင်ပြီး သုံးဘီးဆိုင်ကယ်တွေရောက်လာတော့ မြင်းလှည်းသမားတော်တော်များများက သုံးဘီးဆိုင်ကယ်ပြောင်းပြီး မောင်းလာကြတယ်။ အခုဆိုရင် အငှားယာဉ်တွေလည်းများလာပြီ။ ဒီနေ့အထိ မြင်းလှည်းမောင်းတဲ့သူတွေက ဝါသနာရယ်၊ မိဘတွေလုပ်ခဲ့တဲ့အလုပ်ကို သံယောဇဉ်မဖြတ်နိုင်သေးတဲ့သူတွေရယ်၊ သုံးဘီးဆိုင်ကယ်ဝယ်ဖို့ ငွေကြေးမတတ်နိုင်တဲ့သူတွေရယ်ပဲ ကျန်တော့တာပါ။ သုံးဘီးဆိုင်ကယ်တွေ၊ မော်တော်ကားတွေထက် ယာဉ်စီးခနှုန်းထားကို လျှော့ချပြေးဆွဲပေးနေလို့ မြင်းလှည်းစီးတဲ့သူတွေ ရှိနေပါသေးတယ်။ မြင်းလှည်းစီးခရီးသည် ရှိနေသရွေ့တော့ မြင်းလှည်းတွေ ကွယ်ပျောက်သွားမှာ မဟုတ်ပါဘူး" ဟု လှိုင်ကော်မြို့ ဒေါတမရပ်ကွက်နေ မြင်းလှည်းသမားတစ်ဦးက ပြောသည်။ ယခုအခါ မြင်းတစ်ကောင်အတွက် တစ်နေ့လျှင် မြင်းစာဖွဲနု ငွေကျပ် ၂၅၀၀ ဖိုး၊ မြက် ငွေကျပ် ၁၅၀၀ ဖိုး စုစုပေါင်း မြင်းစာဖိုးငွေကျပ် ၄၀၀၀ ကုန်ကျစရိတ်ရှိသော်လည်း တစ်နေ့လျှင် ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ရှိနေသေးသဖြင့် မြင်းလှည်းမောင်းခြင်းလုပ်ငန်းဖြင့်ဝမ်းရေးအတွက် ရပ်တည်နိုင်ကြောင်း ၎င်းကပြောသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များ လေလံတင်

**မာန်အောင် ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်များ လေလံတင်ရောင်းချပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး လေလံတင်ရောင်းချရေးအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က လေလံစည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ လုပ်ငန်းလိုင်စင်တစ်ခုချင်းအလိုက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခဲ့ကြကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**



# ပွဲကောင်းဖြစ်မယ့် ပေါ်တိုနဲ့ ဂျူဗင်တပ်စ်၊ မန်စီးတီးတို့ပွဲကျပ်အဖြစ် ကျော်ဖြတ်ရမယ့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ပွဲစဉ်ရဲ့ လက်ကျန်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၂ ရက်မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးတွေချည်း ယှဉ်ပြိုင်ကြမှာမို့ ပွဲကြီးပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရပါလိမ့်မယ်။ အထူးသဖြင့် ချန်ပီယံလိဂ်ဖလားကို မျှော်မှန်းနေကျတဲ့ အသင်းတွေချည်းဖြစ်တာမို့ အမာခံကစားသမားတွေချည်းထုတ်သုံးကာ အနိုင်ရယူရေးအတွက် အရှိန်အဟုန်ပြင်းပြင်းနဲ့ ရင်ဆိုင်ကြမှာမို့ ဒီပွဲစဉ်တွေ အားလုံးဟာ မလွတ်တမ်းအားပေးရမယ့်ပွဲတွေ ဖြစ်ပါတယ်။

**မန်စီးတီးနှင့် မိုနာကို**

မန်စီးတီးတို့လည်း ခြေစွမ်းပုံမှန်မရဖြစ်နေတာမို့ ရလဒ်တွေ မကောင်းဘဲဖြစ်နေပါတယ်။ အသင်းလိုက် ကစားအားကောင်းပြီး တိုက်စစ်စွမ်းရည်မြင့်မားပေမယ့် အခုတလော ကစားအားကျနေတာကြောင့် မန်စီးတီးရဲ့ အားထုတ်မှုတွေက မိုနာကိုအတွက် ဖိအားပေးနိုင်ဖို့ အခက်အခဲရှိပါလိမ့်မယ်။ မိုနာကိုတို့ကလည်း စွမ်းဆောင်ရည် မတည်မငြိမ်ဖြစ်နေတာကြောင့် မန်စီးတီးကွင်းမှာ ရလဒ်ကောင်းနိုင်ရေး ခြေကုန်ထုတ်ရမယ့်ကိန်းပါပဲ။ ပြီးခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ သရေပွဲဖြစ်ခဲ့တဲ့ မန်စီးတီးဟာ အခုပွဲမှာ မိုနာကိုအသင်းကို အသာစီးရအောင် ကြိုးစားပြီး အောင်ပွဲခံနိုင်ရေး ကြိုးစားပါလိမ့်မယ်။ မိုနာကိုတို့ကလည်း ချန်ပီယံလိဂ်နောက်ဆုံးကစားခဲ့တဲ့ ၁၀ ပွဲမှာ လေဗာကူဆင်အသင်းကိုပဲ ရှုံးခဲ့တာ သတိပြုရမှာပါ။ မန်စီးတီးတို့က ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံး ကိုးပွဲမှာ ရှုံးပွဲမရှိ နိုင်ပွဲတွေချည်းရယူနိုင်အောင် ကြိုးစားနိုင်ခဲ့တာမို့ အခုပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ အကြိုက်က မန်စီးတီးဖြစ်ပြီး သရေပွဲလည်း ဖြစ်သွားနိုင်တဲ့ပွဲပါ။

**လေဗာကူဆင်နှင့် အက်သလက်တီကို**

ဘာစီလိုနာကို သရေကစားပြီး စပိန်တင်းဂိုင်ဂျွန်နဲ့ ဆဲလ်တာဗီဂိုအသင်းတွေကို ဆက်တိုက်နိုင်ပွဲရယူခဲ့တဲ့ အက်သလက်တီကိုအသင်းဟာ လေဗာကူဆင်အသင်းကို အခက်တွေ့အောင် ကစားပါလိမ့်မယ်။ လေဗာကူဆင်တို့ကလည်း ဖရန့်ဖတ်၊ အော့စ်ဘတ်အသင်းတွေကို ဂိုးပြတ်တွေ သွင်းပြီး နိုင်ပွဲဆက်ခဲ့တာမို့ လေဗာကူဆင်တို့လည်း ဒီပွဲမှာ မျှော်မှန်းချက်ပြည့်ဝအောင် ခြေကုန်ဖွင့်ကစားတော့မှာ ဖြစ်ပါတယ်။ အက်သလက်တီကိုတို့က နောက်ဆုံးငါးပွဲမှာ ကစားခဲ့ရာမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့တာမို့ အခုပွဲဟာ အဝေးကွင်းဆိုပေမယ့် အက်သလက်တီကိုဟာ အနိမ့်ဆုံးသရေပွဲကစားပြီး နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။

**ပေါ်တိုနှင့် ဂျူဗင်တပ်စ်**

နောက်ဆုံးငါးပွဲကစားခဲ့တဲ့ပွဲတွေမှာ နိုင်ပွဲတွေချည်း ဆက်တိုက်ရယူထားနိုင်တဲ့ ဂျူဗင်တပ်စ်တို့က ငါးပွဲမှာ ၁၁ ဂိုးသွင်းယူပြီး ပေးဂိုး-နှစ်ဂိုးသာ ရှိခဲ့ပါတယ်။ ဂျူဗင်တပ်စ်တို့က တိုက်စစ်ရော ခံစစ်ပါ အကောင်းမွန်ဆုံးအနေအထားရှိနေပြီး ကစားအားလည်း ကောင်းမွန်နေတာမို့ ပေါ်တိုတို့လည်း အိမ်ကွင်းအခက်အခဲနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ပေါ်တိုတို့ကလည်း နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်း သုံးပွဲမှာ သုံးပွဲစလုံးနိုင်ပွဲရထားခဲ့တာမို့ အခုပွဲဟာ ဂျူဗင်တပ်စ်တိုက်စစ်မှူးတွေ ပွဲကျပ်ဖြစ်ပြီး ဂိုးရရှိရေး ရုန်းကန်ရနိုင်ပါတယ်။ ပေါ်တိုရဲ့နောက်ဆုံးအိမ်ကွင်း သုံးပွဲ ကစားခဲ့ရာမှာ ပေးဂိုး သုံးဂိုးရှိခဲ့ပြီး သွင်းဂိုးက ၁၀ ဂိုး ရယူထားနိုင်တာမို့ ဂျူဗင်တပ်စ် ခံစစ်မှူးတွေ သတိထားပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ ပေါ်တိုရော ဂျူဗင်တပ်စ်ပါ ဒီနှစ်ချန်ပီယံလိဂ်ဖလားကို မျှော်မှန်းနေကြတာမို့ ဒီပွဲမှာ ဂိုးမပြတ်နိုင်ပါဘူး။ အကြိုက်က ဂျူဗင်တပ်စ်ဖြစ်ပေမယ့် အိမ်ရှင်တို့ကပ်ပြီး နိုင်ပွဲရသွားနိုင်ပါတယ်။

**ဆီဗီလာနှင့် လက်စတာ**

လက်ရှိ ပရီမီယာလိဂ် ချန်ပီယံ လက်စတာတို့ရဲ့ ခြေစွမ်းက အားရစရာမရှိပေမယ့် ချန်ပီယံလိဂ် ခြေစွမ်းကတော့ ပုံမှန်ပြသနိုင်နေပါတယ်။ ဆွမ်ဆီးနဲ့ မီလ်ဝေါ အသင်းတွေကို ဆက်တိုက်ရှုံးပွဲတွေ့ကြုံထားတဲ့အပြင် မန်ယူ၊ ဘန်လေတို့ကိုလည်း ရှုံးပွဲတွေဖြစ်ခဲ့တာမို့ အခုပွဲမှာ မျှော်လင့်ချက်ထားလို့မရတဲ့ပွဲပါ။ ဒါ့အပြင် လက်စတာရဲ့တိုက်စစ်က အားရစရာမရှိတဲ့အပြင် ပွဲတိုင်းပေးဂိုးတွေရှိနေတာမို့ လက်ရှိခြေစွမ်းအရ လက်စတာတို့ ဆီဗီလာကို မလွယ်ပါဘူး။ ဆီဗီလာတို့ကတော့ ပုံမှန်ခြေစွမ်းရရှိနေပြီး အီဘာ၊ လက်စ်ပါမက်စ်တို့ကို နိုင်ပွဲဆက်တိုက်ရယူထားနိုင်တာမို့ အောင်ပွဲခံစိတ်တွေ ဆူဝေနေပါတယ်။ ဗီလာရီးရဲကို သရေကစားပြီး အိုဆာဆူနာအသင်းကို အပြန်အလှန်ဂိုးတွေသွင်းကာ အနိုင်ယူခဲ့တာမို့ ဆီဗီလာ ခြေစွမ်းက အကောင်းဆုံးအနေအထားရှိတာတော့ အမှန်ပါပဲ။ ဒီပွဲမှာ လက်ရှိခြေစွမ်းအရ ဆီဗီလာတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

## အာဆင်နယ်မှ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့နိုင်တဲ့ နည်းပြဝင်းဂါး

ပရီမီယာလိဂ်ရဲ့သက်တမ်းအကြာဆုံး နည်းပြကြီးဖြစ်တဲ့ အာဆင်နယ်နည်းပြ ဝင်းဂါးဟာ အသင်းမှ ထွက်ခွာပြီး ပြင်သစ်ကလပ် ပီအက်စ်ဂျီမှာ ပြောင်းရွှေ့နိုင်တယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဘင်နီဘတ်ဇ် အယ်လီဂရီနဲ့တူချိုလ်တို့အား အကောင်းဆုံး ကူညီပြီး အသင်းမှ ထွက်ခွာဖို့ သန္နိဋ္ဌာန်ချထားပြီလို့ ဆိုပါတယ်။ ဝင်းဂါးက သူ့အနေနဲ့ အာဆင်နယ်အသင်းကနေ ထွက်ခွာခဲ့ရင်တောင်မှ နည်းပြလုပ်နေတဲ့သူတွေကို အသင်းရဲ့တိုးတက်မှုအတွက် အကူအညီတွေ ဆက်လက်ပေးသွားမယ်လို့ ဆိုပါတယ်။ ၆၇ နှစ်အရွယ်ရှိတဲ့ နည်းပြ ဝင်းဂါးဟာ ဖာဂူဆန်ပြီးရင် ပရီမီယာလိဂ်မှာ သက်တမ်းအကြာဆုံး နည်းပြဖြစ်ပါတယ်။ ဖာဂူဆန်က အသက် ၇၁ နှစ်မှာ မန်ယူနည်းပြအဖြစ်မှ အနားယူခဲ့ပါတယ်။ နည်းပြ ဝင်းဂါးဟာ ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက် ပထမအကျော့မှာ ဘိုင်ယန်မြူးနစ်ကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးနောက် နည်းပြအဖြစ်မှ ထွက်ခွာဖို့ နီးစပ်လာခဲ့ပါတယ်။ လက်ရှိ ပရီမီယာလိဂ်မှာလည်း ရုန်းကန်လာရတဲ့အတွက် အသင်းမှ ထွက်ခွာဖို့ နီးလာပါတယ်။ လက်ရှိ စာချုပ်မှာလည်း ဒီနှစ်ရာသီမှာ ကုန်ဆုံးမှာ ဖြစ်တဲ့အတွက် အာဆင်နယ်မှ ထွက်ခွာဖွယ်ရှိလာပါတယ်။



## သုံးလအတွင်း ပထမဆုံးအကြိမ် ဂိုးသွင်းတဲ့ ဂါးရက်ဘေးလ်

စပိန်လာလီဂါမှာ ခြေမျက်စိဒဏ်ရာကြောင့် သုံးလကြာ အနားယူခဲ့ရတဲ့ ဂါးရက်ဘေးလ်ဟာ ရီးရဲမက်ဒရစ်က အက်စ်ပန်ညိုအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ ဒုတိယမြောက်ဂိုးကို သွင်းယူပေးခဲ့ပါတယ်။ ဒုတိယပိုင်းမှာ လူစားဝင်လာတဲ့ ဝေးလ်တိုက်စစ်မှူးဟာ အလုပဆုံးဂိုးအဖြစ် သွင်းယူသွားခဲ့ပါတယ်။ စောစောပိုင်းက မိုရာတာရဲ့ ဂိုးနဲ့ ရီးရဲမက်ဒရစ်တို့ ဦးဆောင်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ဒီပွဲအနိုင်ရလဒ်ကြောင့် အီဘာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့ ဒုတိယနေရာမှ ဆီဗီလာအသင်းထက် သုံးမှတ်အသာနဲ့ ဦးဆောင်နေပါတယ်။ ဂါးရက်ဘေးလ်ဟာ နိုဝင်ဘာ ၂၂ ရက်က ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲ စပို့တင်းလစ္စဘွန်းနဲ့ ကစားတဲ့ပွဲမှာ ဒဏ်ရာရပြီး အနားယူခဲ့ရပါတယ်။ ယခုအခါမှာတော့ ရီးရဲမက်ဒရစ်နဲ့အတူ စတင်ပါဝင်လာပြီး ဂိုးသွင်းယူပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဂါးရက်ဘေးလ်မကစားနိုင်တဲ့ ကာလအတွင်း ရီးရဲမက်ဒရစ်အသင်းနည်းပြ ဇီဒန်းအနေနဲ့ ပြိုင်ပွဲတွေမှာ နိုင်ပွဲတွေရဖို့ အပြောင်းအလဲတွေ များစွာလုပ်ခဲ့ရပါတယ်။ ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲမှာဆိုရင် နာပိုလီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားရာမှာ လူခုနစ်ဦးအထိ အပြောင်းအလဲလုပ်ပြီး ကစားခဲ့ရတယ်လို့ ဆိုပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

## ၁၀၃ နှစ်အတွင်း အက်ဖ်အေဖလားမှာ ပထမဆုံးအကြိမ် ကွာတားတက်ခဲ့တဲ့ လင်ကွန်း

အက်ဖ်အေဖလား ပဉ္စမအကျော့ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာမှာတော့ ပရီမီယာလိဂ် ထိပ်သီးချယ်လ်ဆီးက ဝူလ်ဗာဟမ်တန်အသင်းကို နှစ်ဂိုးပြတ်



နဲ့ အနိုင်ရပြီး ကွာတားဖိုင်နယ်တက်လာခဲ့ပါတယ်။ ပရီမီယာလိဂ် ချန်ပီယံလက်စတာအသင်းကတော့ မီဝေါလ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရပါတယ်။ မန်စီးတီးနဲ့ ဟွတ်ဒါဖီးလ်တို့ ကစားတဲ့ပွဲမှာတော့ ဂိုးမရှိသရေဖြစ်ခဲ့တာကြောင့် ပြန်ကန်ပွဲအဖြစ် ကစားရမှာဖြစ်ပါတယ်။ ဒီနှစ် အက်ဖ်အေဖလားမှာ ထူးခြားချက်အနေနဲ့ကတော့ လိဂ်အသင်းမဟုတ်တဲ့ လင်ကွန်းအသင်းဟာ ဘန်လေအသင်းကို အနိုင်ရပြီး ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်ကို တက်ရောက်လာတာတွေ့ရပါတယ်။ လင်ကွန်းအသင်းအတွက် တစ်လုံးတစ်တည်းသော အနိုင်ဂိုးကို ရက်ဂျက်က ပွဲချိန် ၈၉ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဒီအနိုင်ဂိုးကြောင့် လင်ကွန်းအသင်းဟာ နှစ်ပေါင်း ၁၀၃ နှစ်အတွင်းမှာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ကို ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ပါတယ်။ လင်ကွန်းအသင်းဟာ ဆွတ်တန်ယူနိုက်တက်အသင်းနဲ့အတူ ၁၈၈၈ ခုနှစ်နောက်ပိုင်း အက်ဖ်အေဖလား ပဉ္စမအဆင့်သို့ တက်ရောက်ခွင့်ရတဲ့ လိဂ်မဟုတ်သောအသင်း နှစ်သင်းဖြစ်ပါတယ်။

# စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကာကွယ်ရေး ပန်းတာဆောက်လုပ်ရန် ထောက်ပံ့ငွေ သိန်း ၁၂၀၀ နီးပါး ပေးအပ်

**မဒေါက် ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ စစ်တောင်း မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးအတွက် ပန်းတာဆောက်လုပ်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေ ကျပ်သိန်း ၁၂၀၀ နီးပါးကို ဖေဖော်ဝါရီ ၁၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မဒေါက်မြို့ အင်းအန်းဘုံကျောင်းခန်းမ၌ ကျင်းပသည့် ထောက်ပံ့ငွေပေးအပ်ပွဲတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကား ပြောကြားပြီး မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးအတွက် ပန်းတာဆောက်လုပ်ရန် ထောက်ပံ့ငွေ ကျပ် ၁၁၉ ဒသမ ၁၄၅ သန်းကို ညောင်လေးပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံတို့ထံ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေကျင်မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း ၁၀ ကျောင်းအတွက် ကျောင်းသား ကျောင်းသူများ ညစာကျက်ဝိုင်းတွင် အသုံးပြုရန် ဆိုလာမီးအိမ် အလုံး ၅၀ ကို လှူဒါန်းပေးအပ်ရာ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးဝင်းမြင့်နှင့်ဒေါ်လှလှဝင်းတို့က လက်ခံရယူခဲ့သည်။

ယခုပေးအပ်သည့် ထောက်ပံ့ငွေများဖြင့် တည်ဆောက်မည့် ပန်းတာသည် မဒေါက်မြို့အပါအဝင် အနီးဝန်းကျင်မှ ကျေးရွာများနှင့် လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် မိုးရာသီမတိုင်ခင် ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ကာ ပန်းတာအရှည် ပေ ၃၂၅၀၊ အောက်ခြေအကျယ် ၉၄ ပေ၊ အပေါ်အကျယ် ၁၂ ပေနှင့် အမြင့် ၁၅ ပေ ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပန်းတာဆောက်လုပ်ရာတွင် ပါဝင်သော လယ်မြေများအတွက်လည်း နစ်နာကြေးငွေများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယွန်းပညာကောလိပ်(ပုဂံ)၌ ယွန်းပညာဒီပလိုမာအပ်နှင်းပွဲကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ယွန်းပညာကောလိပ်(ပုဂံ)၌ ဒွိဒသမအကြိမ်မြောက် ယွန်းပညာဒီပလိုမာ အပ်နှင်းပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ယွန်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က ဒီပလိုမာ အောင်လက်မှတ်များ အပ်နှင်းခဲ့ကာ ယွန်းပညာကောလိပ်တွင် ယွန်းထည်လုပ်ငန်း အတတ်ပညာများအပြင် စီးပွားရေး ပညာရပ်များ၊ ICT ပညာရပ်များ၊ အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သော သဘောတရားများ ပါဝင်သည့် သမဝါယမ ပညာရပ်များနှင့် အမျိုးသားရေးစိတ်ဓာတ်၊ လူမှုရေးစိတ်ဓာတ် အခြေခံကောင်းများရရှိစေရန်တို့ကိုပါ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်၍ ထိုပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အသုံးချကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကျိုးပြုကြရန်၊ မြန်မာ့ယွန်းထည်များကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ပြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်ကြီးများ ဖြစ်သည်အထိ ကြိုးစားကြရန်၊ မောင်မယ်တို့၏ ကာယဉာဏစွမ်းအားဖြင့် မိမိတို့ ယွန်းပညာနယ်ပယ် ပိုမိုကျယ်ပြန့် မြင့်မားအောင်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်သွားကြရန် သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ယွန်းပညာကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းဆင်း ကျောင်းသား ကျောင်းသူများ ပြုလုပ်ပြသထားသော ယွန်းထည်လက်ရာပစ္စည်းများကို ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ယွန်းပညာကောလိပ် ပုဂံသည် မြန်မာ့ရိုးရာပန်း ၁၀ မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သော မြန်မာ့ပန်းယွန်းပညာရပ်ကို မတိမ်ကော မပပျောက်စေရန်နှင့် စီးပွားရေးပညာကျွမ်းကျင်သော ယွန်းအတတ်ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ ယခု ဒွိဒသမအကြိမ်မြောက်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၆၇ ဦးကို ဒီပလိုမာဘွဲ့အပ်နှင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# ယာဉ်လိုင်စင် သက်တမ်းတိုး ကွင်းဆင်းဆောင်ရွက်ပေး

**ညောင်ဦး ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့မှ ဒေသခံပြည်သူများ၏ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း လုပ်ငန်းများကို မြင်းခြံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ညောင်ဦးမြို့ ရွှေစည်းခုံဘုရား တောင်ဘက်စောင်းတန်းအနီး ကွင်းပြင်၌ ဖေဖော်ဝါရီ ၁၈ ရက်က လာရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မြင်းခြံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်း ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများအဖွဲ့နှင့် ပူးပေါင်းကာ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုး ဆောင်ရွက်ပေးခဲ့ရာ မော်တော်ယာဉ် သက်တမ်းတိုး ၁၃၆ စီး၊ မော်တော်ဆိုင်ကယ် သက်တမ်းတိုး ၁၆၄ စီး၊ ထော်လာဂျီ သက်တမ်းတိုး သုံးစီး၊ နယ်ဝင် နှစ်စီးနှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုး ခုနစ်စောင်၊ အမောင်းသင် အသစ် ၃၆ စောင်တို့ကို နေ့ချင်းပြီး ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ မြို့နယ်အတွင်းလာရောက်ပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် အချိန်ကုန်သက်သာ၊ ငွေကုန်သက်သာ၊ လူပင်ပန်းသက်သာပြီး နေ့ချင်းပြီး ဆောင်ရွက်နိုင်၍ များစွာအဆင်ပြေသလို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း လိုင်စင်များပြုလုပ်ပေးခြင်းမှ အခွန်စည်းကြပ် ကောက်ခံရရှိငွေကျပ် ၆၇ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မှုခင်းကြိုတင်ကာကွယ်ရေး ခရီးသွားယာဉ်များစစ်ဆေး

**သံတွဲ ဖေဖော်ဝါရီ ၂၀**

ပြည်သူ့ဘဝလုံခြုံမှုကျယ်ပြန့်စွာရရှိရေးအတွက် မှုခင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးအနေဖြင့် သံတွဲမြို့နယ်ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်ဝင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်မျိုးထက်၊ သံတွဲခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်လင်း၊ တပ်မတော်အမှတ်(၁၀) တပ်ထိန်းတပ်ခွဲမှ တကအောင်သန်းမြ၊ သံတွဲအမှတ် (၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ခင်မောင်ကြီးနှင့် မြို့နယ်စည်ပင်မှ ဦးနေမျိုးထွဋ်၊ ဂိတ်တာဝန်ကျ လဝကမှူး ဦးမင်းကျော်တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ဒုတိယပတ်က အမှတ်(၆၈) စစ်ဆေးရေးဂိတ်၌ တရားမဝင် မူးယစ်ဆေးဝါးအန္တရာယ်၊ တရားမဝင် လက်နက်ခဲယမ်းသယ်ဆောင်မှုအန္တရာယ်၊ တရားမဝင် ခရီးသွားလာမှုနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးတို့အတွက် ခရီးသွားမော်တော်ယာဉ် အဝင်/အထွက်များအားရပ်တန့် ရှာဖွေစစ်ဆေးပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ချည်ထည်ကုန်ကြမ်းများ ဈေးတက်လာ၍ ရက်ကန်းလုပ်ငန်းများ အမြတ်နည်းနေ

**မုံရွာ ဖေဖော်ဝါရီ ၂၀**

လွန်ခဲ့သော ၁၀ နှစ်ခန့်က အိန္ဒိယနိုင်ငံမှ ရက်ကန်းနည်းပညာများကို သင်ယူတတ်မြောက်ခဲ့ပြီးနောက် ရွာလုံးကျွတ်နီးပါး ရက်ကန်းလုပ်ငန်းကို လုပ်ကိုင်ကြသော မုံရွာမြို့နယ် ကံပြားကြီးကျေးရွာမှ ရက်ကန်းလုပ်ငန်းများအနေဖြင့် ယခုရက်ပိုင်းတွင် ကုန်ချောအထည်ရောင်းအားကောင်းသော်လည်း ကုန်ကြမ်းဈေးမြင့်တက်၍ အမြတ်ရရှိမှု နည်းလာလျက်ရှိကြောင်း သိရသည်။

ကံပြားကြီးကျေးရွာမှ ရက်ကန်းလုပ်ငန်းများမှာ ဈေးကွက်၏တောင်းဆိုမှုအရ လိုအပ်သောဒီဇိုင်းအတိုင်း အရည်အသွေးကောင်းမွန်စွာ ရက်လုပ်ရောင်းချပေးနိုင်သောကြောင့် ရောင်းအားကောင်းသလို နေ့စဉ် ကုန်ချောထွက်အား ကောင်းမွန်နေသော်လည်း ကုန်ကြမ်းဈေးများမှာ ယခင်ကထက် တက်လာသောကြောင့် ယခင်ကလောက် အကျိုးအမြတ်မရဘဲ နည်းပါးလာကြောင်း၊ လက်ရှိတွင် ကုန်ချောအမှာများပြီး အမြတ်နည်းနေသည့်အခြေအနေ ဖြစ်နေသောကြောင့် ကုန်ကြမ်းဈေးတက်သည့်အတိုင်း ကုန်ချောဈေးတက်ရန်ကို ချိန်ညှိကာ လုပ်ကိုင်နေကြရကြောင်း ရက်ကန်းစင်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးထွန်းလှက ပြောသည်။

အိန္ဒိယနိုင်ငံမှလာသော နှစ်ပေါင်ချည် တစ်ထုပ်လျှင် ယခင်က ကျပ် ၂၄၀၀၀ ရှိရာမှ ယခုအခါ အိန္ဒိယမြန်မာနယ်စပ်အခြေအနေကြောင့်ဟုဆိုကာ ကျပ် ၂၇၅၀၀ အထိ ဈေးတက်သွားကြောင်း၊ ချည်ထုပ်များ ဈေးတက်သောကြောင့် ရက်ကန်းစင်ပိုင်ရှင်များအနေဖြင့် အကျိုးအမြတ်နည်းသလို ရက်ကန်းရက်သူများမှာလည်း ရက်လုပ်သည့်လက်ခကိုပင် အပြည့်အဝ မခံစားရတော့ကြောင်း၊ ထို့ကြောင့် ရက်ကန်းရက်သူအများစုမှာလည်း ယခုအချိန်များတွင် နေ့စားခသေချာသော တောအလုပ်များကို ခေတ္တပြောင်းလဲလုပ်ကိုင်နေကြကြောင်း သိရသည်။



"လောလောဆယ် သီးနှံရိတ်သိမ်းကာလ ဖြစ်နေတဲ့အတွက် ရက်ကန်းလုပ်တဲ့သူတွေက တောအလုပ် လုပ်နေကြပါတယ်။ ရက်ကန်းပိုင်တွေက လယ်ယာသီးနှံလည်း စိုက်ကြပျိုးကြတော့ အခုအချိန်က ရိတ်သိမ်းချိန်ဖြစ်တဲ့အတွက် တောအလုပ်မှာ လူလိုတယ်လေ။ လိုတဲ့လူက အပြင်မှာငှားမရတော့ ရက်ကန်းလုပ်တဲ့သူတွေကိုပဲ တောအလုပ် ခဏဝင်စေတာပေါ့။ ပြီးရင် ရက်ကန်းအလုပ် ပြန်ဝင်ကြမှာပါ"ဟု ရက်ကန်းလုပ်ငန်း အခြေအနေကို ဦးထွန်းလှက ရှင်းပြသည်။

"ရက်ကန်းရတာ အရိပ်ထဲအမှာဆိုတော့ တောအလုပ်ကို မလုပ်ချင်ကြပါဘူး။ တောအလုပ်ကို တစ်နေကုန်လုပ်ရင် သုံးထောင်ရသလို ရက်ကန်းခတ်တာ တစ်ကွင်းရရင် သုံးထောင်ရပြီး တကယ်ကျွမ်းကျင်တဲ့သူဆိုရင် တစ်ရက်ကို တစ်ကွင်းခွဲလောက်ပြီးတာဆိုတော့ နှစ်ရက်ကို ကိုးထောင်က သေချာနေတာပါ။ လက်ရှိမှာတော့ ရက်ကန်းအခြေအနေက ကုန်ကြမ်းဈေးမြင့်နေတဲ့အတွက် မဖြစ်မနေ သုံးထောင်သေချာတဲ့ တောအလုပ်ကို လုပ်နေရတာပါ။ အမြဲတမ်းလုပ်မှာကတော့ ရက်ကန်းကိုပဲ လုပ်မှာပါ"ဟု ကံပြားကြီးရွာမှ ရက်ကန်းရက်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နားရောဂါ ဝေဒနာရှင်များအား အခမဲ့စစ်ဆေးကုသပေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ နားလေးရောဂါ ကာကွယ်တိုက်ဖျက်ရေးစီမံချက်နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ နားရောဂါဝေဒနာရှင်များအား အခမဲ့စစ်ဆေး၊ စမ်းသပ်၊ ကုသပေးခြင်းများကို ဖေဖော်ဝါရီ ၁၈ ရက်က ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စကားဝါမြေခန်းမ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နားရောဂါ စစ်ဆေးကုသရေးအဖွဲ့တွင် မြန်မာနိုင်ငံ နားလေးရောဂါ ကာကွယ်တိုက်ဖျက်ရေးစီမံချက်မှ နား၊ နှာခေါင်း၊ လည်ချောင်း ပါမောက္ခ ဒေါက်တာဒေါ်ခင်ဖြူဖြူခေါင်းဆောင်သော အထူးကုအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာဒေါ်ယုယုဝေတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကာ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများမှ နားရောဂါဝေဒနာရှင် စုစုပေါင်း ၂၀၄ ဦးအား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်းနှင့် ခွဲစိတ်ကုသရန်လိုအပ်သည့် နားရောဂါဝေဒနာရှင် သုံးဦးကိုလည်း တိုင်းဒေသကြီး နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးသို့ ဆက်လက်ညွှန်းပို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

နားရောဂါများ အခမဲ့ စစ်ဆေးကုသပေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချန်ထွန်းအောင်နှင့် ကျန်းမာရေး ဝန်ထမ်းများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ရွာခွဲတာဝန်ခံများကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **နေအောင် (ပြန်/ဆက်)**



## သတင်းတိုများ

### အောင်ကျော်ဇေယျမြသိန်းတန်စေတီ ရွှေထီးတော်တင်လှူ

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မန်ရွတ်ကျေးရွာရှိ သမိုင်းဝင်စေတီဖြစ်သည့် အောင်ကျော်ဇေယျ မြသိန်းတန်စေတီတော်၏ သတ္တဥဿာပန ရွှေထီးတော်တင်လှူပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။ ထီးတော်တင်ပွဲတွင် မန်ရွတ်ကျောင်းထိုင်ဆရာတော်နှင့် ပင့်သံဃာများထံမှ ပရိသတ်များက သီလခံယူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆရာတော်များက ထီးတော်ကို မဏ္ဍပ်သို့ ပင့်ဆောင်ပြီး ဆက်လက်၍ ပန်းရထားဖြင့် စေတီတော်အထပ်ထပ်သို့ အစဉ်လိုက် ပင့်ဆောင်တင်လှူခဲ့ကြကာ ထီးတင်ပွဲအပြီးတွင် သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

### ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းဖွင့်

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းကို ဖေဖော်ဝါရီ ၁၈ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။ သင်တန်းတွင် ရန်ကုန် တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဖြူညွန့်က သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်ဦးက ဥပဒေနှင့် နည်းဥပဒေများကို အသေးစိတ် ရှင်းလင်းပို့ချခဲ့သည်။ သင်တန်းကို ဖေဖော်ဝါရီ ၁၈ နှင့် ၁၉ နှစ်ရက်ကြာ ပို့ချခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကော့မှူးသားလေး**

### မီးဘေးလုံခြုံရေး ဟောပြောပွဲဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီး ကရသူရီမြို့မှ ဒေသခံပြည်သူများအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်ခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးစိုးထိုက်က မီးဘေးလုံခြုံရေး အတွက် ကြိုတင်ကာကွယ်ခြင်း၏ အရေးကြီးပုံများကို ဟောပြောပြီး ကရသူရီမြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးပီတာက အိမ်ရှင်မများအနေဖြင့် မီးဖိုချောင်အတွင်း တွေ့ကြုံရနိုင်သော လတ်တလောမီးဘေးအန္တရာယ်ကို ကာကွယ်ပုံ ကာကွယ်နည်းများ၊ ဂက်စ်အိုး၊ ထင်းမီးဖို၊ လျှပ်စစ်မီးစသည့် မီးများကို စနစ်တကျ သုံးစွဲပုံများကို လက်တွေ့သရုပ်ပြမှုများနှင့်အတူ အသေးစိတ် ဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ယာဉ်အန္တရာယ်ကင်းရှင်းရေး သတိပေးဆိုင်းဘုတ်များစိုက်ထူ

ဂန့်ဂေါမြို့တွင် မော်တော်ယာဉ်များ၊ လမ်းသွားလမ်းလာ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် သတိပေးဆိုင်းဘုတ်များကို ဖေဖော်ဝါရီ ၁၈ ရက်က လူသွားလူလာများသည့် လမ်းဆုံနေရာများ၊ စာသင်ကျောင်းအနီး နေရာများ၌ လိုက်လံစိုက်ထူခဲ့ကြကြောင်း သိရသည်။ သတိပေးဆိုင်းဘုတ်များအပြင် မြို့နယ်အတွင်း ယာဉ်မတော်တဆ ဖြစ်ပွားမှုအခြေအနေပြ အသိပညာပေး ဆိုင်းဘုတ်များကိုလည်း စိုက်ထူခဲ့ကြောင်းနှင့် ဆိုင်းဘုတ်များကို ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲတပ်ဖွဲ့မှူးကြီး ကျော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်တို့ ဦးဆောင်သောအဖွဲ့က လိုက်လံစိုက်ထူခဲ့ကြောင်း သိရသည်။ **(၁၀၁)**

### စလင်းတွင် ဝက်သည်းကန်ကြီး အုတ်ရိုးပတ်လမ်း ဖောက်လုပ်

မကွေးတိုင်းဒေသကြီး စလင်းမြို့ဝက်သည်းကန်ကြီး အုတ်ရိုးပတ်လမ်းဆောင်ရွက်ခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းခွင့်ပြုငွေကျပ် ၁၄၆၄၇၂၂၃ ဖြင့် စလင်းဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်မည်ဖြစ်သည်။ အုတ်ပတ်လမ်း အရှည်မှာ ပေ ၅၀၀ နှင့် နားနေထိုင်ခုံ ၁၆ လုံးပါရှိမည်ဖြစ်သည်။ ဒေသခံများကလည်း အမိုးပါနားနေထိုင်ခုံများ စေတနာအလျောက် ပါဝင်လှူဒါန်းကြမည်ဖြစ်ပြီး ကန်အုတ်ရိုးပတ်လမ်းလုပ်ငန်းကို မတ်လတတိယပတ်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

### တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းဆေးကုပေး

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ဇေတီယျံကျေးရွာမှ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဒေါ်ဖြိုးဖြိုးသိင်္ဂီအောင်နှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၁၆ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေး အသိပညာပေး ဆွေးနွေးဟောပြောမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေးရာတွင် ဇေတီယျံကျေးရွာရှိ ကျီးပေါင်း၊ အဆစ်နာ၊ ဒူးနာ၊ ခါးနာ ဝေဒနာရှင် ၅၀ အား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

### ပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေး

နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များအတွင်း မူခင်းမဖြစ်ပွားစေရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ အသိပညာပေးမှုကို နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင် ညွှန်ကြားမှုဖြင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်က ပုဗ္ဗသီရိမြို့နယ် ကံလုကွက်သစ်ကျေးရွာရှိ မူလွန်ကျောင်းသို့ ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင် ဦးဆောင်သော ပြခန်းယာဉ်ဖြင့် သွားရောက်၍ အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ (နေပြည်တော်)**

# လေထုညစ်ညမ်းကာ မှားယွင်းသောမွေးမြူမှုများကြောင့် ပျားရည်သန့်ရှင်းမှု အားနည်းလာ

**သတင်းဆောင်းပါး - မျိုးဝင်းထွန်း(မုံရွာ)**



ပတ်ဝန်းကျင်လေထု ညစ်ညမ်းလာမှုများကြောင့်လည်းကောင်း၊ ပျားမွေးမြူသူများ၏ မှားယွင်းသော မွေးမြူနည်းများကြောင့်လည်းကောင်း ပျားမွေးမြူရေးလုပ်ငန်းအချို့မှ ထုတ်လုပ်သော ပျားရည်များ၏ သန့်ရှင်းမှုသည် အားနည်းလာလျက်ရှိကြောင်းနှင့် ပျားမွေးမြူသူများအနေဖြင့် မိမိတို့ ထုတ်လုပ်သည့် ပျားရည်များတွင် ဓာတုဓာတ်ကြွင်းအာနိသင်များ မပါရှိစေရန် ပျားလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ချက်များကို လိုက်နာမွေးမြူကြဖို့ လိုအပ်ကြောင်း သိရသည်။

"အရင်က ဈေးကွက်ကို ပျားရည်တင်ပို့ရင် သကြားဓာတ်ပါဝင်တာ၊ ရေပါဝင်တာ၊ ဂလူးကို့စ်နဲ့ ဖရတ်တို့စ်ပါဝင်တဲ့ရာခိုင်နှုန်းကိုသာ အဓိကထား သတ်မှတ်ခဲ့တာပါ။ အခုအခြေအနေကတော့ အဲဒီစံသတ်မှတ်ချက်တွေသာမက ပျားရည်မှာ ဓာတု ဓာတ်ကြွင်းအာနိသင် မပါရှိဖို့ကိုလည်း တင်းတင်းကျပ်ကျပ် တားမြစ်ထားတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ပျားရည်ဈေးကွက် ရေရှည်ကောင်းမွန်တည်ရှိစေဖို့ ပျားမွေးမြူသူတွေအနေနဲ့ ကိုယ်ထုတ်တဲ့ပျားရည်နဲ့ ပျားထွက်ပစ္စည်းတွေမှာ ဓာတု ဓာတ်ကြွင်းအာနိသင် မရှိစေဖို့အတွက် သိရှိလိုက်နာဆောင်ရွက်သွားရင် ကောင်းပါမယ်"ဟု ပျားရည် အသုံးပြုရသူ မုန့်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပျားရည်တွင် ဓာတုဓာတ်ကြွင်းအာနိသင် ပါဝင်တွေ့ရှိရသည့် အဓိကအကြောင်းရင်းများမှာ ပျားရောဂါကုသသည့် ဆေးဝါးများကို စနစ်တကျ အသုံးမပြုခြင်း၊ ဖြည့်စွက်စာ(၁)နှင့် (၂) တိုက်ကျွေးသည့်အခါ မလိုအပ်ဘဲ ဆေးဝါးများအသုံးပြုခြင်း၊ ပျားများ ပိုးသတ်ဆေးမိ၍ အုံအတွင်းပြန်လာသည့်အခါ ပျားကောင်တွင် ကပ်ပါလာခြင်းဖြင့် ပျားသလက် ပေါင်အတွင်းသို့ ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်များ ရောက်ရှိလာခြင်းဖြစ်ကြောင်း ရှင်းပြသည်။

**ပျားရည်တွင် ဓာတ်ကြွင်းအာနိသင် ပါရှိပါက ပျားရည်ဈေးကွက် ပျက်စီးမည်ဖြစ်သောကြောင့် ပျားမွေးမြူသူအားလုံးသည် ရောဂါကာကွယ်ကုသမှုများကို စနစ်တကျလုပ်ကိုင်ပြီး တားမြစ်ကန့်သတ်ထားသောဆေးဝါးများ သုံးစွဲခြင်းမှ ရှောင်ရှားကာ ကောင်းမွန်သော ပျားမွေးမြူရေးကျင့်စဉ်များအတိုင်း မွေးမြူလျှင် ပျားရည်တွင် ဓာတုဓာတ်ကြွင်းအာနိသင်များ ကင်းရှင်းမည်ဖြစ်**



ပျားရည်တွင် ဓာတ်ကြွင်းအာနိသင် မပါရှိစေရေးအတွက် မွှားရောဂါကုသသည့် ဆေးများကို ပျားရည်ထုတ်ရာသီအတွင်းနှင့် ပျားရည်ထုတ်ရာသီမတိုင်မီ ငါးပတ်အကြိုကာလမှစ၍ အသုံးမပြုရန် လိုအပ်သလို ပျားရည်ထုတ်ရာသီမရောက်မီ ပျားစာရှားပါးချိန်တွင် ဖြည့်စွက်စာ(၁) သကြားရည်ကို ပဋိဇီဝဆေး(Antibiotic)များ ရောစပ်တိုက်ကျွေးခြင်း မပြုလုပ်ရကြောင်း သိရသည်။

မွှားရောဂါကို တစ်နှစ်တာပတ်လုံး ကုသနေရခြင်းသည် ပျားရည်တွင် ဓာတ်ကြွင်းအာနိသင်များပါရှိရသည့် အဓိကအကြောင်းရင်းဖြစ်သဖြင့် ပျားရည်တွင် ဓာတ်ကြွင်းအာနိသင်များ ကင်းစင်စေရေးအတွက် မွှားရောဂါကာကွယ်ကုသမှုကို တစ်ချိန်တည်း လုပ်ဆောင်နိုင်ရန် ဝိုင်းဝန်းဆွေးနွေး အဖြေရှာသင့်ကြောင်း ပျားလုပ်ငန်းဌာနက သုံးသပ်ထားသည်။

ထို့အပြင် ပိုးသတ်ဆေးမိသည့် ပျားအုံများမှ ပျားသလက်ပေါင်အားလုံးကို ဖျက်ဆီးရန်နှင့် ထုတ်ယူထားသည့် ပျားရည်များကိုလည်း သုံးစွဲခြင်းမပြုရန် အရေးကြီးကြောင်း၊ သားလောင်းပုပ်ရောဂါ ဖြစ်ပွားပါက(Antibiotic)ဆေးများကို လုံးဝမသုံးစွဲဘဲ မီးရှို့ဖျက်ဆီးပစ်ရမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ် ကုသမှုပြီးဆုံးသည့်အခါ ပျားအုံများအတွင်းနှင့်အပြင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း သိရသည်။ ပျားရည်တွင် ဓာတ်ကြွင်းအာနိသင် ပါရှိပါက ပျားရည်ဈေးကွက် ပျက်စီးမည်ဖြစ်သောကြောင့် ပျားမွေးမြူသူအားလုံးသည် ရောဂါကာကွယ်ကုသမှုများကို စနစ်တကျလုပ်ကိုင်ပြီး တားမြစ်ကန့်သတ်ထားသော ဆေးဝါးများ သုံးစွဲခြင်းမှ ရှောင်ရှားကာ ကောင်းမွန်သော ပျားမွေးမြူရေးကျင့်စဉ်များအတိုင်း မွေးမြူလျှင် ပျားရည်တွင် ဓာတုဓာတ်ကြွင်းအာနိသင်များ ကင်းရှင်းမည်ဖြစ်ကြောင်း သိရသည်။ ။

# မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်) ရုံးအဆောက်အအုံသစ်ဖွင့်

**မြိတ် ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျန်းမာရေး ဆေးပညာရပ်များကို စဉ်ဆက်မပြတ် သင်ကြားရေးနှင့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန်နှင့် ဆေးပညာ လေ့ကျင့်ရေးသင်တန်းများ ပေးနိုင်မည့် အခြေခံအဆောက်အအုံတစ်ခုအဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)၏ ရုံးအဆောက်အအုံသစ်ကို အထက်ရေပုန်းရပ်ကွက်၊ စပါးရွှေဝါလမ်း၌ ဖေဖော်ဝါရီ ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်) ရုံးအဆောက်အအုံသစ်ကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးရဲမြ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)ဥက္ကဋ္ဌ ဒေါက်တာ သန္တာမျိုးဝင်းနှင့် အဆောက်အအုံ မတည်အလှူရှင် ဒေါက်တာအေးအေးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ဆရာဝန်အသင်း(မြိတ်) ရုံးအဆောက်အအုံသစ်ကို စေတနာရှင် အလှူရှင်များဖြင့် စုပေါင်းတည်ဆောက်ခဲ့မှုအပေါ် ဂုဏ်ပြုအမှာစကားပြောကြားကာ မတည်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)ဥက္ကဋ္ဌ ဒေါက်တာ သန္တာမျိုးဝင်းက အသင်းရုံးသစ် အဆောက်အအုံ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်) ရုံးသစ်ကို စေတနာရှင်အလှူရှင်များ၊ ဆရာဝန်များ စုပေါင်းထည့်ဝင်ငွေဖြင့် အလျား ပေ ၆၀၊ အနံ ပေ ၄၀ ရှိ အာစီနှစ်ထပ်အဆောက်အအုံအဖြစ် တည်ဆောက်ခဲ့ပြီး အစည်းအဝေးခန်း၊ ဆွေးနွေးခန်း၊ ရုံးခန်းများအပါအဝင် စုစုပေါင်း ငွေကျပ် ၁၀၈၅ သိန်းခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



# ရွှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော် (၁၀၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်



ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး၏(၁၀၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို မတ် ၄ ရက်(တပေါင်းလဆန်း ၇ ရက်)မှ မတ် ၁၂ ရက် (တပေါင်းလပြည့်နေ့)အထိ ကိုးရက်တိုင် ကျင်းပမည်ဖြစ်သည်။

စေတီတော် သမိုင်းအရ ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော်မြတ်သည် ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်ကာလ ပါဒမင်းများလက်ထက်ကပင် မှော်ဝန်းမြစ် ရေလယ်ကျောက်ကျွန်းပေါ်တွင် တည်ထားကိုးကွယ်ခဲ့သည့် စေတီဖြစ်ကြောင်း၊ နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ မိုးဒဏ်၊ ပင်လယ်ရေဒဏ်၊ လေဒဏ်များကြောင့် ပျက်စီးလျက် နောက်ပိုင်းတွင် ခရာဆူးပင်၊ ရေငန်သစ်တောသစ်ပင်များ ဖုံးလွှမ်းနေသည့် ရေလယ်ကျွန်းအဖြစ်သာလျှင် မြင်တွေ့ကြရကြောင်း၊ မျက်မှောက်ကာလ ဘုရားဒါယကာမှာ ကျောက်တန်းမြို့မှ အမိန့်တော်ရရှေ့နေ ဦးဘထွန်းနှင့် ဇနီးဒေါ်သက်တို့ဖြစ်ကြောင်း၊ ဒေါ်သက်၏အိပ်မက်အရ ရေလယ်ကျွန်းသို့သွားရောက်ပြီး ဆူးပင်၊ ချုံနွယ်များနှင့် ဒီရေတောသစ်ပင်များကို ခုတ်ထွင် ရှင်းလင်း ရှာဖွေကြရာမှ ဂန္ဓကုဋိတိုက်ခံပေါ်တွင် ဉာဏ်တော်ခုနစ်တောင်ခန့်ရှိ စေတီပျက်ကို တွေ့ရှိပြီး ပြုပြင်မွမ်းမံတည်ထားခဲ့ရာ မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ်တွင် ပြီးမြောက်အောင်မြင်ခဲ့ကြောင်း၊ ထိုအချိန်မှစကာ ကျိုက်မှော်ဝန်းရေလယ်စေတီတော် ဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုအခါ (၁၀၇)ကြိမ် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့် ဗုဒ္ဓပူဇနီယပွဲတော်တွင် မတ် ၄ ရက်မှ ၆ ရက်အထိအတွင်း ညစဉ် ဓမ္မပူဇာ တရားပွဲများကို ရေလယ်ဘုရားလမ်း ယာဉ်ရပ်နားကွင်းတွင်လည်းကောင်း၊ မတ် ၇ ရက်မှ ၁၂ ရက်အထိအတွင်း ရေလယ်စေတီတော် ငါးစပ်ဘုရားအာရုံခံတန်ဆောင်းအတွင်း၌လည်းကောင်း ကျင်းပမည်ဖြစ်ပြီး သံဃာတော် အပါး ၃၀ တို့က အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

တပေါင်းလပြည့်နေ့တွင် စေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဆွမ်းတော်ကြီး ဆက်ကပ်တင်လှူပူဇော်ခြင်း၊ မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ပင့်သံဃာ ၁၈၅ ပါးအား ရွှေမှော်ဝန်းသာသနာ့ဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်ပြီး ငွေပဒေသာပင်များနှင့် ဆွမ်းဆန်တော်များ လောင်းလှူခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကာ ညပိုင်းတွင် ကျိုက်မှော်ဝန်းရေလယ်စေတီတော်မြတ် ၁၂ ကြိမ်မြောက် ဆီမီးမျှော ပူဇော်ပွဲနှင့် ပထမအကြိမ် ဆီမီးငါးထောင် ထွန်းညှိပူဇော်ပွဲကိုလည်း ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် ပျော်ပွဲရွှင်ပွဲအဖြစ် ဇာတ်သဘင်အဖွဲ့များ၏ ဖျော်ဖြေပွဲများ၊ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပွဲ၊ အပျော်တမ်း သက်ကြီးဘောလုံးပြိုင်ပွဲ၊ စတုဒိသာ နိဗ္ဗာန်ဈေးပွဲနှင့် ဈေးရောင်းပွဲတော်များ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဘုရားဖူး လှူဒါန်းပူဇော်နိုင်ကြပါရန် ဖိတ်မန္တကပြုလိုက်ရပါသည်။

**သတင်းဆောင်းပါး-စိုးဝင်း(ကျောက်တန်း)**

# သဘာဝဆင်စခန်းများ ပိုမိုဖွင့်လှစ်လာ၍ ဖိုးကျားဆင်စခန်းတွင် ဧည့်အဝင်ပုံမှန်သာရှိ

**ရေတာရှည် ဖေဖော်ဝါရီ ၂၀**

တောတွင်း အပန်းဖြေခရီးသွား ဆင်စခန်းသစ်များကို ပိုမိုဖွင့်လှစ်လာသောကြောင့် ၂၀၀၅ ခုနှစ်ကတည်းက ဖွင့်လှစ်ခဲ့သော ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းရှိဖိုးကျားသရုပ်ပြဆင်ထိန်းသိမ်းရေးနှင့် သဘာဝခရီးသွား အပန်းဖြေစခန်းသို့ လာရောက်လည်ပတ်ကြသည့် ဧည့်သည် အရေအတွက်မှာ များလာခြင်းမရှိတော့ဘဲ ပုံမှန်သာရှိကြောင်း ဖိုးကျားဆင်စခန်း တာဝန်ခံထံမှ သိရသည်။

"မနှစ်က ပြည်တွင်းဧည့်သည် တစ်ထောင်ကျော်လောက် လာကြတယ်။ ပြည်ပဧည့်သည်တွေအနေနဲ့ တစ်ရာကျော်ကျော်လာတယ်။ ဧည့်အဝင်နည်းသွားရတာက ဆင်စခန်းတွေ အများအပြား ဖွင့်လှစ်တာလည်း ပါမှာပေ့ါ။ မိသားစုအလိုက် မိတ်ဆွေအဖွဲ့လိုက်တွေကတော့ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ လာကြတာများပါတယ်"ဟု ဖိုးကျားဆင်စခန်းတာဝန်ခံ ဦးရဲမြင့်က ပြောကြားသည်။

ပဲခူးရိုးမတောကြီး ပြန်လည်စိမ်းလန်းစိုပြေရေးအတွက် သစ်ထုတ်လုပ်မှုများကို ၁၀ နှစ်ကြာ ရပ်ဆိုင်းလိုက်ပြီးနောက်တွင် သစ်လုပ်ငန်းသုံး ဆင်များအားလုံးကို အနားပေးထားခဲ့ပြီဖြစ်ရာ ဆင်များအား ထိန်းကျောင်းရသည့် ကုန်ကျစရိတ်၊ ဆင်လုပ်သားများနှင့် မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် တောတွင်း အပန်းဖြေခရီးသွား ဆင်စခန်းများကို ယခုနှစ်ပိုင်းတွင် အများအပြား ဖွင့်လှစ်လာကြသည်။



ဖိုးကျားဆင်စခန်းသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၇၃)မှ အနောက်သို့ ၄ မိုင်သာဝင်ရသည့်အတွက် ခရီးသွားများအနေဖြင့် လွယ်လင့်တကူသွားရောက်နိုင်သော စခန်းဖြစ်ပြီး လက်ရှိတွင် ဖိုးကျားဆင်စခန်းကို အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားကြောင်း သိရသည်။ လာရောက်လည်ပတ်သူများအတွက် သောက်သုံးရေ၊ ရေချိုးကြမ်းတို့ကို ကုသိုလ်ဖြစ်စီစဉ်ထားကာ ဇုန်ဝင်ကြေးအနေဖြင့် ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ၁၀၀၀ ကျပ်၊ ပြည်ပဧည့်သည် ၂၀၀၀၀ ကျပ်၊ ဆင်စီးချိန်ကို နံနက် ၈ နာရီမှ ၁၁ နာရီအထိနှင့် ညနေ ၃ နာရီမှ ၅ နာရီအထိ အချိန်သတ်မှတ်ထားပြီး ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ၅၀၀၀ ကျပ်၊ ပြည်ပဧည့်သည်တစ်ဦးလျှင် ၂၀၀၀၀ ကျပ် ကျသင့်မည်ဖြစ်သည်။ ဖိုးကျားဆင်စခန်း၌ သရုပ်ပြဆင် ၁၂ ကောင်ဖြင့် ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပြည်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

**ပြည် ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၇ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေးကော်မတီနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ပရဟိတ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ခဲ့ကြပြီး ပြည်မြို့အတွင်းရှိ စည်ပင်သာယာမြို့မဈေးကြီး ပတ်ဝန်းကျင်နေရာများနှင့် လမ်းမတော်လမ်းတစ်လျှောက်တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ယာဉ်စည်းကမ်း အသိပညာပေးမှုများအဖြစ် ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ လူနှစ်ယောက်ထက် ပိုမစီးရန်၊ နောက်ကြည့်မှန်တပ်ရန်၊ မော်တော်ကားများကိုလည်း စနစ်တကျရပ်တန့်ရန်၊ ယာဉ်နှစ်ထပ်မရပ်ရန်၊ ယာဉ်မရပ်ရနေရာများတွင် ရပ်တန့်ခြင်းမပြုရန်နှင့် ဈေးကြီးပတ်ဝန်းကျင်ရှိ စက်ဘီး၊ ဆိုင်ကယ် အပ်နှံသည့်နေရာများတွင်လည်း စနစ်တကျ ရပ်တန့်ကြရန်၊ ဈေးသည်များအနေဖြင့် ပလက်ဖောင်းများပေါ်တွင် ဈေးရောင်းချခြင်းမပြုရန် စသည့်အချက်များကို လိုက်လံဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တိုက်နယ်ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲကျင်းပ

**အမ်း ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ဓားလက်ကျေးရွာအုပ်စု ဓားလက်အနောက်ရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

တိုက်နယ်ဆေးရုံသစ်ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရွှေသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားသည်။ ထို့နောက် ဆေးရုံကြီးကြပ်မှုကော်မတီဝင် ဦးသန်းမင်းဋ္ဌေးက ဆေးရုံဆောက်လုပ်ပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ဆေးရုံအတွင်းရှိ အရေးပေါ်လူနာဌာန၊ ခွဲစိတ်ခန်း၊ ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေ စသည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ တိုက်နယ်ဆေးရုံသစ်ကို ပြည်ထောင်စုအစိုးရ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ပြီး ဆေးရုံသစ်ဖွင့်လှစ်နိုင်ခြင်းကြောင့် ဓားလက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၄၇ ရွာမှ ကျေးလက်နေပြည်သူများအနေဖြင့် ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူကုန်ကူးမှုနှင့် မူးယစ်ဆေး အန္တရာယ်များ ပညာပေးဟောပြော

**လိပ်သို ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် လိပ်သိုမြို့ ကလေခိုကျေးရွာအုပ်စု သောက်ရေခပ်ကျေးရွာမှ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် လူကုန်ကူးမှုနှင့် မူးယစ်ဆေးအန္တရာယ်များအကြောင်း သိရှိသတိပြုနိုင်ရန်အတွက် အသိပညာပေး နယ်လှည့်ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျေးရွာ ကက်သလစ် ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ဝင့်သူဟန်က ကျေးရွာနေပြည်သူများ လူကုန်ကူးမှုခံရခြင်း မရှိစေရေးအတွက် လူသူဝင်ထွက်သွားလာမှုများသော သီးနှံပေါ်သည့် အချိန်ကာလများတွင် အထူးသတိပြုရန်နှင့် လူကုန်ကူးမှုများတွင် များသောအားဖြင့် မိန်းကလေးငယ်များအား လူကုန်ကူးမှု များလေ့ရှိသောကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ သားသမီးများကို အထူးဂရုစိုက်ကြရန် လိုအပ်ကြောင်း ဟောပြောပြီး မူးယစ်ဆေးဝါး၏ အန္တရာယ်၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာ ပြစ်မှုဥပဒေများ၊ မူးယစ်ဆေးဝါးကို ဝိုင်းဝန်းတားဆီးရန် လိုအပ်ကြောင်းတို့ကိုလည်း ဆက်လက်ဟောပြောခဲ့ကာ ဟောပြောပွဲအပြီးတွင် ပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကိုလည်း ခင်းကျင်းပြသခဲ့ကြောင်းသိရသည်။

**လိပ်သို(ပြန်/ဆက်)**

# လမ်းနှင့် တံတားလုပ်ငန်းများ အရည်အသွေးပြည့်မီရေး ကွင်းဆင်းစစ်ဆေး

**ပုလဲ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း ကြက်ရင်း-ခေါင်းပွာ-လက်ပံ ကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုနှင့် အဆိုပါလမ်းပေါ်ရှိ မယင်းငန်းချောင်းကူး သံပေါင်ရက်မ သစ်သားတံတားတည်ဆောက်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီစေရန်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ ယင်းမာပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်စိုးနှင့် တာဝန်ရှိသူများသည် အရှည် ပေ ၁၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၂၂ ပေရှိ မယင်းငန်းချောင်းကူးတံတား တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် ဘဏ္ဍာနှစ်မကုန်မီ ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့သည် တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၀၀၀ ဖြင့် ရွှေမိုးဖြိုးသွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကြက်ရင်း-ခေါင်းပွာ-လက်ပံ ကျေးရွာချင်းဆက် မြေသားလမ်း အရှည်ခြောက်မိုင်ခွဲတွင် အကျယ် ၁၂ ပေ ကျောက်ချောခင်း အဆင့်မြှင့်တင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတွင် အရည်အသွေးပြည့်မီမှု အားနည်းသောကြောင့် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ပေးရန်နှင့် နောက်တစ်ကြိမ် ကွင်းဆင်းစစ်ဆေးချိန်တွင် အရည်အသွေးမပြည့်မီပါက ခင်းပြီးသားလမ်းပိုင်းများကို ပြန်ဖျက်ပြီး အသစ်ခင်းပေးရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က မှာကြားခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**



# မြစေတီကျောက်စာ (သို့မဟုတ်) ရာဇကုမာရ်ကျောက်စာ

## မောင်သာ(ရှေးဟောင်းသုတေသန)

လွန်ခဲ့သောနှစ် ဩဂုတ်လ ၂၄ ရက်နေ့က မြန်မာနိုင်ငံ ယဉ်ကျေးမှုဒေသပုဂံတွင် အင်အားပြင်းထန်သည့် ငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ပြိုပျက်သွားသည့် စေတီပုထိုးများကို ကြေကွဲဖွယ် မြင်တွေ့ခဲ့ကြရသည်။ ပုဂံသည် မြန်မာလူမျိုးများ အမြတ်တနိုးထားရာ ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်ဖြစ်လာစေရန် ဆောင်ရွက်နေချိန်တွင် ငလျင်ဒဏ်ကြောင့် ပိုမိုထင်ရှားလာခဲ့သည်။

မည်သည့်အချိန်သွားသွားလေ့လာရန် မကုန်နိုင်သည့် ပုဂံသို့ရောက်ရှိခိုက် ပုဂံမှ တောင်ဘက် တစ်မိုင်ခွဲအကွာ မြင်းကပါရွာ၏ မြောက်ဘက်တွင်ရှိသည့် မြစေတီသို့သွားရောက်ခဲ့ပါသည်။ မြစေတီရင်ပြင်ရှိ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ရာဇကုမာရ်ကျောက်စာထားရှိသည့် ကျောက်စာတိုက်သည် ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားနေလေ့ရှိသည်။

**ရာဇကုမာရ်ကျောက်စာ**

ရာဇကုမာရ်ကျောက်စာတိုက်အတွင်း၌ ကျောက်စာတိုင်ခေါင်းကို ကျောက်စာတိုင် လဲမကျစေရန်သံကြိုးဖြင့် တွဲထားပြီး သံတိုင်များဖြင့် ကာရံထားသည်။ ကျောက်စာလေးမျက်နှာလုံးကို ကောင်းစွာမြင်ရပြီး ကျောက်စာတိုက်၏ အတွင်းနံရံပေါ်တွင် ရာဇကုမာရ်ကျောက်စာသမိုင်းအကျဉ်းနှင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း သတ်မှတ်ခံရခြင်း အကြောင်းများကို ရေးသားထားသည်။

မြစေတီကျောက်စာဟု ထင်ရှားသည့် ရာဇကုမာရ် ကျောက်စာသည် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၏ မှတ်တမ်းအမွေအနှစ်(Memory of the World) အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ မှတ်တမ်း အမွေအနှစ်သည် စာကြည့်တိုက်၊ ပြတိုက်နှင့်မော်ကွန်းတိုက်ဆိုင်ရာ စုဆောင်းမှုများဖြစ်သော ကျောက်စာ၊ လက်ရေးစာများ၊တန်ဖိုးမဖြတ်နိုင်သောစာအုပ်များ၊သတင်းစာများ၊ ဓာတ်ပုံနှင့်ပန်းချီကားများ၊ ဖလင်များ၊ အသံနှင့်ဗီဒီယိုအခွေများ၊စီဒီ၊အသံမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ စသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် စာပေအရေးအသား စတင်ပေါ်ပေါက်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှစ၍ ကျောက်စာ၊ အိုးစာ၊ပေစာ၊ မင်စာ၊ ခေါင်းလောင်းစာ စသည်ဖြင့် မှတ်တမ်းစာများကို ခေတ်အဆက်ဆက် ရေးသားခဲ့ကြသဖြင့် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို ဖော်ထုတ်ရာတွင် ကျောက်စာများက များစွာအထောက်အကူပြုခဲ့သည်။ ထို့အတူ ပုဂံခေတ်ကရေးထိုးခဲ့သည့် ကျောက်စာများသည်လည်း ပုဂံသမိုင်းကို ဖော်ထုတ်ရာတွင် ခိုင်မာသောအထောက်အထားများ ဖြစ်လာခဲ့ပေသည်။

ပုဂံခေတ်ကျောက်စာများအနက် ရာဇကုမာရ် ကျောက်စာနှစ်ချပ်သည် အကြောင်းအရာ တစ်ခုတည်းကို ဘာသာစကားလေးမျိုးဖြင့်ရေးထိုးထားသဖြင့် ကျောက်စာပါ အကြောင်းအရာများကို တစ်ဘာသာနှင့်တစ်ဘာသာ ဆက်စပ်၍ အဓိပ္ပာယ်ဖော်နိုင်ခဲ့ကာ ပုဂံခေတ်စာပေအရေးအသား ဘာသာစကားလေးမျိုးကို ပညာရှင်များက လေ့လာသုတေသန ပြုနိုင်ခဲ့ကြသည်။

ဗြိတိသျှကိုလိုနီခေတ်၊ ကမ္ဘည်းကျောက်စာဌာန အရာရှိ၊ ပါဠိ ပါမောက္ခ ဒေါက်တာ အီးဖော်ချားမား(Dr.Emil Forchmmer) သည် ၁၈၈၆ ခုနှစ်တွင် မြစေတီမြောက်ဘက်အနီး ဂူဘုရားပျက်မှ လေးမျက်နှာပါ ကျောက်စာတစ်ချပ်ကို တွေ့ရှိခဲ့သည်။ ယင်းကျောက်စာကို မြစေတီဘုရားမှ ရရှိခဲ့သောကြောင့် မြစေတီကျောက်စာဟု အမည်ပေးခဲ့ပြီး ယခုအခါတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။ မြစေတီ ကျောက်စာဟု အမည်ပေးခဲ့သည့် ကျောက်စာသည် ကျောက်စာရေးထိုးသူ ရာဇကုမာရ်မင်းသားကို အစွဲပြု၍ ရာဇကုမာရ်ကျောက်စာဟုလည်း ထင်ရှားခဲ့သည်။

ဒေါက်တာအီးဖော်ချားမားတွေ့ရှိခဲ့သည့် ကျောက်စာနှင့် ထပ်တူညီစွာ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသည့် ကျောက်စာထက်ပိုင်းကျိုးသုံးခုကို မြင်းကပါ ဂူပြောက်ကြီးဘုရားအနီးမှ တစ်ခု၊ ၁၉၀၄ ခုနှစ်တွင် မြစေတီ၏ ပြိုပျက်နေသော မဟာရံတံတိုင်းကို ပြင်ဆင်ရာမှ တစ်ခု၊ မြစေတီ၏ အရှေ့ဘက် ခြေရင်းတွင် ကပ်လျက်ရှိနေသည့် ပိဋကတ်တိုက်ဟု ယူဆရသည့် အဆောက်အအုံဟောင်းအတွင်းမှ တစ်ခု ရရှိခဲ့သည်။ ယင်းကျောက်စာပိုင်းသုံးခုအား ပြန်လည်ဆက်စပ်ပြီး ၁၉၇၆ ခုနှစ်တွင် မြစေတီဘုရား ရင်ပြင်ပေါ်၌ ကျောက်စာတိုက် ဆောက်လုပ်၍ ယနေ့တိုင် ထိန်းသိမ်းပြသထားသည်။

ကျောက်စာနှစ်ခုလုံးတွင် ရေးထွင်းထားသောစာသားများသည် တူညီသော စာသားများဖြစ်ကြသဖြင့် ပါမောက္ခဆရာကြီး ဦးဖေမောင်တင်က ဒုတိယကျောက်စာသည် ပထမကျောက်စာ၏ မိတ္တူဖြစ်ကြောင်းရေးသားခဲ့သည်။အကြောင်းအရာတစ်ခုတည်းကို ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ အက္ခရာလေးမျိုးဖြင့် ရေးထိုးထားကာ အက္ခရာစာလုံးများသည် လေးထောင့်၊ မန်ကျည်းစေ့ပုံ များဖြစ်သည်။ ရာဇကုမာရ် ကျောက်စာကို ။ ၊ နမောဗုဒ္ဓါယ၊ ပုရှာသ္ခင် သာသနာအနှစ်တစ်ထောင်ခြောက်ရျာ နှစ်ဆာယ် ဟေတ်နှစ် လောန်လိယ်ဗြီရကာ။ ဤ ယ် အရိမဒ္ဒန ပုရ် မည်သုပြည် နိုက်အာ ။ ဗြီတြိဘုဝနာဒိတျဓမ္မရာဇ မည်သုမဟု အစချီ ရေးထိုးထားသည်။


မြန်မာသက္ကရာဇ် ၄၇၅ ခုနှစ် (ခရစ်နှစ် ၁၁၁၃ ခုနှစ်) ၌ ရာဇကုမာရ်မင်းသား ရေးထိုးခဲ့သည့် ယင်းကျောက်စာသည် မြန်မာ အက္ခရာသုံးကျောက်စာများအနက် ရေးထိုးခဲ့သော ခုနှစ်ပါရှိသည့် အစောဆုံး မူလထိုးကျောက်စာ ဖြစ်သည်။

ရာဇဝင်များအရ ကျန်စစ်သားမင်းကြီးသည် အနော်ရထာဘုရင်လက်ထက်တွင် အနော်ရထာမင်း စိတ်အခန့်မသင့်သဖြင့် ကြောင်ဖြူအရပ်တွင် ပုန်းရှောင်နေခဲ့စဉ် ရှင်မထီးတူမ သမ္ဘူလနှင့် ပေါင်းဖက်ခဲ့သည်။ အနော်ရထာမင်း ကံကုန်တော်မူပြီး စောလူးမင်းနန်းတက်သောအခါ ကျန်စစ်သားသည် ပုဂံသို့ပြန်လာချိန်၌ သမ္ဘူလသည် ပဋိသန္ဓေနှင့် ကျန်ရစ်ခဲ့သည်။ ကျန်စစ်သားက သမ္ဘူလအား ပတ္တမြားလက်စွပ်ကို ပေးခဲ့ကာ သားယောကျ်ားလေးဖွားမြင်ပါက လက်စွပ်ကို သက်သေပြုလျက် ပုဂံသို့လိုက်လာရန် မှာကြားခဲ့သည်။

ကျန်စစ်သားသည် မြန်မာသက္ကရာဇ် ၄၄၆ ခုနှစ် (ခရစ်နှစ် ၁၀၈၄ ခုနှစ်)တွင် ပုဂံဘုရင်ဖြစ်လာခဲ့သည်။ နှစ်နှစ်အကြာ၌ သမ္ဘူလသည် ပတ္တမြားလက်စွပ်ကို ယူဆောင်လျက် အသက်ခုနစ်နှစ် ရှိပြီဖြစ်သော သားဖြစ်သူ ရာဇကုမာရ်မင်းသားနှင့်အတူ ကျန်စစ်သားမင်းကြီးထံသို့ ရောက်ရှိလာခဲ့သည်။မင်းကြီးသည် သမ္ဘူလ၏ကျေးဇူးများကို သတိရလျက် ‘သုံးလောက၏ဦးဆောက်ပန်း’ ဟု အဓိပ္ပာယ်ရသည့် ‘တိလောက ဝဋံသကာဒေဝီ’ ဘွဲ့တော်ဖြင့် မိဖုရားမြှောက်ခဲ့သည်။ ထိုအချိန်တွင် ကျန်စစ်သားမင်းကြီးသည် မြေးတော်အလောင်းစည်သူအား ဘိသိက်သွန်းကာ နန်းမွေခံအဖြစ် လျာထားပြီးဖြစ်သောကြောင့် ရာဇကုမာရ်သည် သားအရင်းဖြစ်ပါလျက် ဇေယျခေတ္တရာ ဘွဲ့ကိုသာရရှိပြီး တောင်စဉ်ခုနှစ်ခရိုင်ကို စားခဲ့ရသည်ဟု ဆိုခဲ့ကြသည်။

**ရာဇကုမာရ်နှင့်ဇေယျခေတ္တရာ**

သို့သော် ဘိုးတော်ဘုရား ဗဒုံမင်းလက်ထက်တွင် ကျောက်စာများကို ကိုးကားပြုစုခဲ့သည့် တွင်းသင်းမြန်မာရာဇဝင်သစ်တွင် ကျမ်းပြုပုဂ္ဂိုလ် တွင်းသင်းမင်းကြီးက ဦးကုလားရာဇဝင်တွင် ပြဆိုခဲ့သည့် သမ္ဘူလသားအမိဇာတ်လမ်းကို အမှာစကားချပ်ဖြင့် ပယ်ခဲ့သည်။ (ဒုတိယအကြိမ်ရိုက်တွင်းသင်းမြန်မာရာဇဝင်သစ် ပထမတွဲ၊ စာမျက်နှာ ၁၁၁) ရာဇကုမာရ်ကျောက်စာတွင် ဇေယျခေတ္တရာဟူသည့် အမည်နှင့်ဆက်စပ်မှုများ မပါရှိကြောင်း ပညာရှင်များက ထောက်ပြခဲ့ကြသည်။သမိုင်းပညာရှင်ပါမောက္ခဒေါက်တာ သန်းထွန်းက ကျန်စစ်သားသည် ခရစ်နှစ် ၁၀၈၄ ခုနှစ်တွင် ပုဂံဘုရင်ဖြစ်လာခဲ့ပြီး နှစ်နှစ်အကြာ ၁၀၈၆ ခုနှစ်၌ သမ္ဘူလနှင့်သားဖြစ်သူ ရာဇကုမာရ်တို့သည် ပုဂံသို့ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် အလောင်းစည်သူအား နန်းလျာထားပြီးကြောင်း ရာဇဝင်ကဆိုသော်လည်း ခရစ်နှစ် ၁၁၀၅ ခုနှစ်ထိုး ကျောက်စာအရ အလောင်းစည်သူကို ၁၀၉၉ ခုနှစ်တွင် မွေးဖွားခဲ့သဖြင့် အများလက်ခံထားသည့် ရာဇကုမာရ်ဇာတ်လမ်းသည် ခိုင်လုံမှုမရှိကြောင်း သုံးသပ်ခဲ့သည်။




ရာဇကုမာရ်ကျောက်စာတွင် ရေးထိုးထားသော ပျူ၊ မွန်နှင့် မြန်မာ စာသားများ၏ အဓိပ္ပာယ်များသည် ထပ်တူထပ်မျှတူညီသော်လည်း ပါဠိဘာသာဖြင့် ရေးထိုးထားသည့် အကြောင်းအရာများတွင် အချက်အလက်အနည်းငယ်ပိုနေကြောင်း ပါဠိဘာသာ ပညာရှင် ဆရာကြီး ဦးကျော်ရှိန်က ထောက်ပြခဲ့သည်။ ကျောက်စာတွင် ပါဠိဘာသာဖြင့် ‘ရာဇကုမာရော နာမ နာမတော’ ဟုရေးထိုးထားခြင်းသည် ‘အမည်အားဖြင့် ရာဇကုမာရ်မည်သော’ ဟု ဆိုလိုခြင်းဖြစ်ကြောင်းနှင့် ‘အမစ္စော၊ မဟာအမစ္စော’ ဟု ဖော်ပြထားခြင်းသည် ရာဇကုမာရ်သည် အမတ်တစ်ဦးဖြစ်ကြောင်း ထင်ရှားစေသည်ဟု ဆိုသည်။

ဇေယျခေတ္တရာသည် တောင်စဉ် ခုနစ်ခရိုင်ကို စားရသောမင်းသားငယ်သာဖြစ်သဖြင့် ရာဇကုမာရ်အမတ်ကြီးသည် ဇေယျ ခေတ္တရာ မဖြစ်နိုင်တော့ပါဟု ဆရာကြီး ဦးကျော်ရှိန်က သုံးသပ်ခဲ့သည်။ ကျောက်စာလေးဘာသာလုံးတွင် ရာဇကုမာရ်ကို မိဖုရား၏ သားဟုဖော်ပြထားသော်လည်း ကျန်စစ်သား၏ သားတော်ဟု ဖော်ပြမထားခြင်း၊ ရာဇကုမာရ်က ကျန်စစ်သားအား ဖခင်၊ အဖ စသည်ဖြင့် မခေါ်ဝေါ်ဘဲ သခင်၊ အရှင်ဟုသာ ခေါ်ဝေါ်ခြင်းတို့ကြောင့် ကျောက်စာရှင် ရာဇကုမာရ်သည် ဇေယျခေတ္တရာမဟုတ်သည့်အပြင် ကျန်စစ်သား၏ သားတော်ဖြစ်ကြောင်း အတိအကျဆိုနိုင်ရန် ခိုင်လုံသော အထောက်အထားများကို ကျောက်စာတွင် မတွေ့ရှိရကြောင်း ထောက်ပြခဲ့သည်။

**ရာဇကုမာရ်၏ ကျေးဇူးသိတတ်မှု**

ရာဇကုမာရ်သည် မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ် (ခရစ်နှစ် ၁၁၁၂ ခုနှစ်) တွင် ကျန်စစ်သားမင်းကြီး သေအံ့မူးမူးအချိန်၌ ဘုရားရှင်ရွှေဆင်းတုတော်ကို ပင့်ဆောင်လာကာ ရဟန်းတော်တို့ထံမှောက်တွင် မင်းကြီးကိုယ်တော်တိုင် ရေစက်သွန်းချလှူဒါန်းစေခဲ့သည်။ ရာဇကုမာရ်သည် ရွှေအထွတ်ရှိသည့် ဂူဘုရားတစ်ဆူကို ရွှေအတိပြီးသည့် ဘုရားရှင်ဆင်းတုတော်ကို ဌာပနာလျက် ပုဂံမြင်းကပါအရပ်တွင် တည်ထားခဲ့သည်။ (ထိုဂူဘုရားသည် မြစေတီနှင့်ကပ်လျက်တည်ရှိနေသော ဂူပြောက်ကြီးဘုရားဖြစ်ကြောင်း ပညာရှင်များက ယူဆကြသည်။)

‘သီရိ၊ နမော ဗုဒ္ဓါယ၊ ဘုရားသခင် သာသနာအနှစ်တစ်ထောင်ခြောက်ရာ နှစ်ဆယ်ရှစ်နှစ် လွန်လေပြီးရကား၊ ဤအရိမဒ္ဒနာပုရ် မည်သောပြည်၌ သီရိတြိဘုဝနာဒိတျဓမ္မရာဇ မည်သောမင်းဖြစ်၏ ။ ထိုမင်း၏ ပယ်မယား တစ်ယောက်သော်ကား တြိလောက ဝဋံ သကာဒေဝီမည်၏။ ထိုပယ်မယားသားတစ်မူလည်း ရာဇကုမာရ်မည်၏။ ထိုမင်းကား ကျွန်သုံးရွာတည်း ပယ်မယားအားပေး၏။ ထိုပယ်မယားသေခဲ့ရကား ထိုပယ်မယားတန်ဆာနှင့် ထိုကျွန်သုံးရွာသောနှင့်တည်း ထိုပယ်မယားသား ရာဇကုမာရ် မည်သောအားမင်းပေးတုံ၏။ ထိုမင်းအနှစ် နှစ်ဆယ်ရှစ်နှစ် မင်းမူပြီး၍ သေခမူ နာသရော၌တည်း။ ထိုရာဇကုမာရ်မည်သော ပယ်မယားသား မိမိကိုယ်မွေးသောမင်းကြီး ကျေးဇူးကို အောက်မေ့ရကား ရွှေအတိသော ဘုရားသခင် အဆင်းပြု၍ နုပ်လေသရောတည်း ဤသို့မိန့်၏။ ဤ ရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသောတည်း။ ကျွန်သုံးရွာ အတို့ကျွန် ငါ့သခင်ပေးသည်ကား ဤရွှေဘုရားအား အတို့ကျွန်ပေး၏’ (ဆရာဇော်ဂျီ ၏ မြစေတီကျောက်စာ မှ)

ရာဇကုမာရ်သည် ဘုရားကို ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် သက်နုမုလွန်၊ ရပါယ်၊ ဟေန်ဗိုဝ်ဟူသည့်ကျွန်သုံးရွာကို လှူဒါန်းခဲ့ပြီး အမိအဖတို့အတွက် မိမိဆောင်ရွက်ခဲ့သည့် ကုသိုလ်အမှုတို့ကို ကျောက်စာတွင် မှတ်တမ်းတင်ခဲ့သည်။ ရာဇကုမာရ်သည် ဂူဘုရားတည်ခဲ့ပုံ၊ ကျွန်သုံးရွာ လှူဒါန်းခဲ့ပုံတို့ကို ဆုတောင်းစာ၊ ကျိန်စာများဖြင့် အဆုံးသတ်ခဲ့သည်။

ပညာရှင်များက ရာဇကုမာရ် ကျောက်စာပါစာသားများသည် ရှေးအကျဆုံး မြန်မာစကားပြေဖြစ်ပြီး ဘာသာဗေဒတန်ဖိုးမြင့်မားသကဲ့သို့ သမိုင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ထင်ရှားစွာတွေ့မြင်ကြရကြောင်း သုံးသပ်ခဲ့ကြသည်။

ရာဇကုမာရ်ကျောက်စာအား လန်ဒန်တက္ကသိုလ်မှ ဒေါက်တာဘလက်ဒင်က အင်္ဂလိပ်ဘာသာသို့ပြန်ဆို၍ ၁၉၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး ဦးဖေမောင်တင်က မွန်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုကာ ၁၉၅၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

ရာဇကုမာရ်ကျောက်စာသည် ပုဂံခေတ်အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ သာသနာရေး၊ စာပေ ၊ ကျွန်ရွာပေးခြင်း၊ ဘုရားပုထိုးတည်၍ ဆင်းတုတော် ဌာပနာခြင်း၊ ကျောက်စာရေးထိုးခြင်း၊ ကောင်းမှုကုသိုလ်ကို ရေစက်ချလှူဒါန်း၍ ဆုတောင်းခြင်း၊ ဘုရား၊ ပုထိုးများသို့ကျွန်များလှူခြင်း၊ ဘုရားစေတီ ဖျက်ဆီးသူများအား ကျိန်စာပေးခြင်းစသည်ဖြင့် အစဉ်အလာနှင့် ယဉ်ကျေးမှုသမိုင်းကို ဖော်ထုတ်ရာတွင်များစွာ အထောက်အပံ့ဖြစ်ခြင်းကြောင့် ကမ္ဘာ့အမွေအနှစ်တစ်ရပ်အဖြစ် တန်ဖိုးထားနိုင်ရန် နိုင်ငံတော်က ယူနက်စကိုသို့ အမည်စာရင်းတင်သွင်းခဲ့သည်။

နှစ်ပေါင်း ၉၀၀ သက်တမ်းရှိပြီဖြစ်သည့် မြစေတီကျောက်စာခေါ် ရာဇကုမာရ်ကျောက်စာသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ဖြစ်လာခဲ့သည်။ရာဇကုမာရ်ကျောက်စာနှင့်အတူ ဂျာမနီနိုင်ငံ၊ ဟန်နိုဗာမြို့ Gottfried Wilhelm Leibniz စာကြည့်တိုက်တွင်ရှိနေသည့် အလောင်းမင်းတရားရွှေပေလွှာသည်လည်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

ရာဇကုမာရ်သည် ကျန်စစ်သားမင်းကြီး၏ သားတော်ဖြစ်ကြောင်းအခိုင်အမာမဆိုနိုင်သေးသော်လည်း ကျန်စစ်သားမင်းကြီး၏ တိလောက ဝဋံသကာဒေဝီ မိဖုရားက ဖွားမြင်သည့် သားတော်ဖြစ်ကြောင်းကား ထင်ရှားပေသည်။ ထို့ကြောင့် ကျန်စစ်သားမင်းကြီးသည် ရာဇကုမာရ်၏ ဖခင်အရင်းမဟုတ်လျှင်ပင် ရာဇကုမာရ်၏ နှောင်းဖခင်(ပထွေး) ဖြစ်ကြောင်း ယူဆရပေမည်။ မည်သို့ပင်ဆိုစေ မိမိကို ချီးမြှောက်ခဲ့သော ကျန်စစ်မင်းကြီးအပေါ် ကျေးဇူးသိခဲ့သည့် ရာဇကုမာရ်မင်းသား၏ သမိုင်းမှတ်တမ်းကျောက်စာတိုင်ကို ကျွန်တော်ကြည့်၍ မဝနိုင်ခဲ့ပါချေ။

ကိုးကား

မြစေတီကျောက်စာ(ဇော်ဂျီ)

ရာဇကုမာရ်ပြဿနာ(ဦးကျော်ရှိန်)

ချစ်သူများကို အဆုံးစီရင်ခြင်း(မောင်ခင်မင်၊ဓနုဖြူ)

ပုဂံခေတ် မြန်မာစာ(စောလူ)

# ပလောင်တိုင်းရင်းသားတို့ပျော်စံရာ ခွန်ဟောက်ဒေသ မင်္ဂလာအပေါင်းခညောင်းသည့် နေ့တစ်နေ့

**စိုင်း(သီပေါ)**

ရှမ်းပြည်နယ်၏ဆောင်းအခါသမယမှာ မြောက်ပြန်လေနှင့်အတူ ချမ်းစိမ့်စိမ့်နိုင်လွန်းလှသည်။ သို့သော် ချမ်းအေးမှုဒဏ်ကို မခံစားနိုင်ကြတဲ့ တပို့တွဲလပြည့်နေ့၏ နံနက်မိုးသောက် အလင်းမရောက်မီ အရုဏ်ဦးအချိန်ကတည်းကပင် ပလောင်တိုင်းရင်းသားတို့ ပျော်စံရာဌာနီခွန်ဟောက်တောင်ကြောတစ်လျှောက်တွင် အိုးစည်ဗုံမောင်းသံများနှင့်အတူရိုးရာပလောင်ယဉ်ကျေးမှုအကများက စည်းချက်ညီညီတက်ကြွရွှင်မြူးလန်းဆန်းလျက်ရှိသည်။

ထိုနေ့သည် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ခွန်ဟောက်ကျေးရွာအုပ်စု ခွန်ဟောက်(တောင်)ရွာ၌ တည်ထားကိုးကွယ်သော ရွာဦးစေတီတော် ထီးတော်တင်မင်္ဂလာနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ RC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကျင်းပသောနေ့ဖြစ်ပါသည်။

ထီးတော်တင်မင်္ဂလာအခမ်းအနားသို့ ရတနာရွှေဂူကျောင်းတိုက်ကြီး၏ ပဓာန နာယက မြို့နယ်သြဝါဒါစရိယဆရာတော်ဘဒ္ဒန္တခေမိန္ဒအမှူးပြုသော ဆရာတော် သံဃာတော်များ၊ အလှူရှင် အမေရိကန်ပြည်ထောင်စု လက်စ်ဗီးဂတ်မြို့ ဇေယျမမ္ဘရိပ်သာ ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဇေယျသုတအရှင်သူမြတ်၏နောင်တော်ဘဒ္ဒန္တစန္ဒာဝရ၊ ပန်ဟုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ခွန်ဟောက်(တောင်ကျောင်းတိုက်) ဆရာတော်ဘဒ္ဒန္တဇဝနနှင့်ပင့်သံဃာတော် များကြွရောက်တော်မူကြပြီး ခွန်ဟောက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံပလောင်တိုင်းရင်းသားများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ရွာဦးစေတီတော်မြတ်ကြီး၏ရင်ပြင်တော်ပေါ်၌ မြို့နယ်သြဝါဒါစရိယဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ထီးတော်၏ဘုံခုနစ်ဆင့်အနက်ပထမအဆင့်အား မင်္ဂလာအချိန်ကျရောက်သော နံနက် ၈ နာရီ ၁၅ မိနစ်မှ စတင်၍ ပန်းရထားဖြင့် တစ်ဆင့်ပြီးတစ်ဆင့်စေတီတော်ကြီးပေါ်သို့ ပင့်ဆောင်ရာတွင် ဆရာတော်သံဃာတော်များနှင့် အလှူရှင်များက ထီးတော်များအား အမွှေးနံ့သာများ ပက်ဖျန်း၍ ပူဇော်ကန်တော့သည်။ စိန်ဖူးတော်မြတ်ကို နံနက် ၁၀ နာရီ ၁၆ မိနစ်တွင် အောင်မြင်ပြီးမြောက်အောင်ပင့်ဆောင်နိုင်ခဲ့ပြီး စေတီတော်ဝန်းကျင်တစ်ခုလုံး အောင်စည်အောင်မောင်းများတီးခတ်ပူဇော်၍လည်းကောင်း၊ မေတ္တာသုတ်နှင့်ပဋ္ဌာန်း ၂၄ ပစ္စည်းများအား ရွတ်ဖတ်သရဇ္ဈာယ်၍လည်းကောင်း၊ ခရုသင်းများမှုတ်၍လည်းကောင်း ပူဇော်ကန်တော့ကြသည်။



ဆက်လက်၍ ခွန်ဟောက် (တောင်) ရွာ အလက(ခွဲ) နှစ်ထပ် RC ကျောင်းဆောင်သစ်ကို အမေရိကန်ပြည်ထောင်စု၌ သာသနာပြုနေသော ဘဒ္ဒန္တစန္ဒာဝရ၊ သီပေါမြို့နယ်ပညာရေးမှူး ဦးလူထွန်းနှင့်ရပ်မိရပ်ဖဦးမောင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အထိမ်းအမှတ်အလံများပေးအပ်ကာ မြို့နယ်ပညာရေးမှူးထံ ကျောင်းအဆောက်အအုံသစ်နှင့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အလှူရှင်ဆရာတော်က ခွန်ဟောက် (တောင်) ရွာ၌ ရှေးနှစ်ပေါင်း ၂၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော စေတီတော်အား ရှေးမူရှေးဟန်အတိုင်း ဆက်လက်ပြုပြင်ထိန်းသိမ်းရေးနှင့်ကျောင်းဆောင်သစ်ကြီးကိုလည်း မိမိတို့နောင်လာနောက်သား သားစဉ်မြေးဆက်အထိ ထိန်းသိမ်းစောင့်ရှောက်သွားရေးများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူးက ကျောင်းသားမိဘများအနေဖြင့် မိမိတို့ရင်သွေးငယ်လေးများ ကျောင်းမှန်မှန်တက်ရောက်ပြီး ပညာကိုဆုံးခန်းတိုင်သင်ကြားရေးကိစ္စရပ်များကို ပြောကြားသွားသည်။ ဆက်လက်၍ စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ခြင်းနှင့်ထီးတော်တင်ပွဲတွင် လှူဒါန်းခဲ့သောအလှူငွေများ၊ ခေတ်မီစာသင်ကျောင်းဆောင်နှစ်ထပ်ဆောက်လုပ်ပြီးစီးခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းနှင့် အတူပရိသတ်အပေါင်းတို့၏ အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ ဟူသော ဟစ်ကြွေးသံတို့က ခွန်ဟောက်ကြောတစ်ခွင်ကို ပဲ့တင်သံများလှိုင်သွားစေတော့သည်။

အဆိုပါ ပလောင်တိုင်းရင်းသားတို့ ပျော်စံရာခွန်ဟောက်ဒေသသည် သီပေါမြို့နှင့် ၂၁ မိုင်ကွာတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၇၈၀ တွင်တည်ရှိကာ ခွန်ဟောက်ကျေးရွာအုပ်စုရှိရွာပေါင်း ခုနစ်ရွာအနက် ငါးရွာမှာ ပလောင်တိုင်းရင်းသားများနေထိုင်ကြပြီး ကျန်ရွာများမှာ လီဆူတိုင်းရင်းသားများနေထိုင်ကြသည်။ ခွန်ဟောက်ကျေးရွာသည် တောင်စဉ် တောင်တန်းများအနက် မြို့နယ်အတွင်း အလွန်မြင့်မားသော တောင်ပေါ်ဒေသဖြစ်၍ ယင်းမှနေ၍ အနောက်မြောက်ကို ရှုမျှော်ကြည့်သော် နမ့်ဆန်မြို့နယ်၏ တန်ခိုးအကြီးမားဆုံး ရှေးဟောင်းလွယ်ဆိုင်တောင်ကို ဖူးတွေ့နေရသည်။

ခွန်ဟောက်ကျေးရွာတွင် နေထိုင်ကြသည့် ပလောင်တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ အဓိကအားဖြင့် လက်ဖက်စိုက်ပျိုးခြင်းဖြစ်ပြီး ယခုအခါပြောင်းသီးနှံကိုပါစိုက်ပျိုးကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်နေသလို သာသနာရေးနှင့်ပညာရေးလုပ်ငန်းများမှာလည်း နိမ့်ကျခြင်းမရှိခဲ့ပေ။ စေတီတော်နှင့်ထီးတော်၏အလှူရှင်မှာ ရဟန်းဘဝသို့မရောက်ရှိမီက ဒေသတွင် မွေးဖွားကြီးပြင်းလာသည့် ပလောင်တိုင်းရင်းသားတစ်ဦးဖြစ်ရာ ရဟန်းဘဝကိုခံယူပြီး မိမိ၏ဇာတိနယ်မြေတွင်သာသနာပြုလုပ်ငန်းများကိုဆောင်ရွက်ကာ ၎င်းမှအမေရိကန်ပြည်ထောင်စုလက်စ်ဗီးဂတ်မြို့တွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်သည်။ ယခုမိမိမွေးဖွားသည့် ခွန်ဟောက်ဒေသတွင် ကြီးကျယ်မွန်မြတ်လှသောအလှူကြီးနှစ်ခုကို အလှူ့ဒါယကာအဖြစ် ခံယူနိုင်ပြီဖြစ်သည်။

သို့ဖြစ်ရာ ဤနေ့သည် ခွန်ဟောက်ဒေသကျေးလက်ပြည်သူများအတွက် အောင်ပွဲခံသည့်နေ့တစ်နေ့ဖြစ်သည့်အပြင် မင်္ဂလာအပေါင်း ခညောင်းသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ရိုးရာလက်ဝှေ့ကလပ်သို့ လေ့ကျင့်ရေးပစ္စည်းများကူညီထောက်ပံ့




ကျားဘုရင်ကလပ်သို့ ရိုးရာလက်ဝှေ့သင်ကြားရေးအထောက်အကူပစ္စည်းများ ပေးအပ်စဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့ သာကေတမြို့နယ် ရန်ပြေ ၁၀ လမ်း နှင့် ၁၁ လမ်းထောင့်ရှိ ကျားဘုရင် ရိုးရာလက်ဝှေ့ကလပ်နှင့် သင်တန်းကျောင်းသို့ Tea Master မှ လေ့ကျင့်ရေးသင်ထောက်ကူပြုပစ္စည်းများကို ဖေဖော်ဝါရီ ၁၇ ရက်က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ရိုးရာလက်ဝှေ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်လှူဒါန်းတာပါ။ ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အားကစားနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က နောက်လည်းကူညီထောက်ပံ့ လှူဒါန်းပေးသွားဖို့ အစီအစဉ်တွေရှိပါတယ်။ အခုလို လှူဒါန်းတာကလည်းရိုးရာလက်ဝှေ့ပြိုင်ပွဲတွေကို ပြည်တွင်း၊ ပြည်ပ စီစဉ်ကျင်းပပေးနေတဲ့ ဦးမြင့်လွင် (ဆရာကျား) ကနေ တစ်ဆင့် လှူဒါန်းဖြစ်တာပါ။ နောက်ကိုလည်း ဦးမြင့်လွင်မှ တစ်ဆင့် အခုလိုရိုးရာလက်ဝှေ့ကလပ်တွေရဲ့ လိုအပ်မှုတွေကို တတ်နိုင်တဲ့ဘက်ကနေကူညီထောက်ပံ့ပေးသွားဖို့ ရှိပါတယ်" ဟု ပရီမီးယားကော်ဖီမှ Brand Manager ကိုသီဟထွန်းကပြောသည်။

ယနေ့ ကျားဘုရင်ရိုးရာလက်ဝှေ့ကလပ်နှင့် သင်တန်းကျောင်းသို့ Tea Master မှ ကူညီထောက်ပံ့လှူဒါန်းသောလေ့ကျင့်ရေးသင်ထောက်ကူပြုပစ္စည်းများမှာသဲအိတ်၊ ခြေကာ၊ ပတ်ရှည်၊ ခါးပတ်၊ လက်အိတ်နှင့် လိုအပ်သောအသုံးအဆောင်ပစ္စည်းများဖြစ်သည်။ ကျားဘုရင်ရိုးရာလက်ဝှေ့ကလပ်နှင့် သင်တန်းကျောင်းကိုဖွဲ့စည်းထားသည်မှာ ကာလအနည်းငယ်သာရှိပြီး ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ပင် အကြောင်းကြားစာရင်းပေးသွင်းထားမှုမရှိသေးကြောင်း သိရသည်။ ကျားဘုရင်ရိုးရာလက်ဝှေ့ကလပ်ကို သထုံတွင် အခြေစိုက်ပြီး မျိုးဆက်သစ်ရိုးရာ လက်ဝှေ့သမားများကို အဓိကမွေးမြူသင်ကြားပေးသွားမည်ဖြစ်ကြောင်း ကလပ်နည်းပြချုပ်ထံမှ သိရသည်။ အဆိုပါ လက်ဝှေ့ကလပ်နှင့် သင်တန်းကျောင်းကိုတည်ထောင်သူ ဦးခွန်ကျော်ဆွေက "ကျွန်တော်စပြီး အကောင်အထည်ဖော်တာမကြာသေးပါဘူး။ သုံးလလောက်ပဲရှိပါသေးတယ်။ ဒီမှာသင်တန်းကျောင်းအဖြစ် အဓိကသင်ကြားပေး သွားမှာဖြစ်ပြီး ကလပ်ကတော့ သထုံမှာပဲ ဖွင့်ထားပါတယ်။ ကျွန်တော့်ကလပ်နဲ့ သင်တန်းကျောင်းကိုအခုလို ရိုးရာလက်ဝှေ့အသုံးအဆောင်ပစ္စည်းတွေလာပြီး ကူညီထောက်ပံ့ပေးတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော့် ကျားဘုရင် ရိုးရာလက်ဝှေ့ကလပ်ကတော့ မျိုးဆက်သစ်လူငယ် ရိုးရာလက်ဝှေ့သမားတွေကို အဓိကထားမွေးမြူသွားမှာပါ" ဟုပြောသည်။

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တွင် နိုင်ငံတစ်ဝန်း စာရင်းပေးသွင်းထားသောကလပ်ပေါင်းယခင်က ၂၀ ဝန်းကျင်သာရှိခဲ့သော်လည်း ယခုအခါ ရိုးရာလက်ဝှေ့ကလပ်ပေါင်း ၃၀ ကျော်အထိ များပြားလာပြီး သင်တန်းကျောင်းများလည်း ပိုမိုများပြားလာကြောင်း သိရသည်။

**သတင်း- မင်းခေတ်**
**ဓာတ်ပုံ- မိုးမခ**

# မီးဘေးကြိုတင်ကာကွယ်ခြင်းဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သစ်ဆိပ်၌ ဖေဖော်ဝါရီလဒုတိယပတ်က နွေဥတုပူပြင်းခြောက်သွေ့ရာသီတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် မီးငြှိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို အဆိုပါ သစ်ဆိပ်မြေကွင်းပြင်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာ့သစ်လုပ်ငန်းပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနစီမံကိန်း ဌာနခွဲ ကျွန်း/သစ်မာသစ်လုံးဌာနစုမှ လက်ထောက်အထွေထွေမန်နေဂျာဦးထွန်းနိုင်သန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်အောင် ကျွန်း၊ သစ်မာသစ်လုံးဌာန သစ်ဆိပ်မှူးများနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**စန်းမောင်**



## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြှိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။



Social Pack
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook. Viber. Line. COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ 200MB/199Ks *3001# SP1 to 1332
၇ ရက် 1000MB/999Ks *3002# SP2 to 1332
ရက် ၃၀ 4000MB/3999Ks *3003# SP3 to 1332
MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
*အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

# ကော်မရှင်သည် မောင်တောဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့

**ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် မောင်တောဒေသနှင့် စပ်လျဉ်းသော အစီရင်ခံစာနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါသတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**

**ရခိုင်ပြည်နယ်၊ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက် )**

၁။ ရခိုင်ပြည်နယ်မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် မောင်တောဒေသနှင့် စပ်လျဉ်းသော အစီရင်ခံစာပါ အချက်အလက်များကို စုံစမ်းစစ်ဆေးနိုင်ရန် မောင်တောဒေသသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၇ ရက်နေ့အထိ သွားရောက်ခဲ့ပါသည်။

၂။ ကော်မရှင်သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာပါ ထိခိုက်နစ်နာမှုရှိကြောင်း ဖော်ပြပါရှိသော ကျေးရွာပေါင်း ( ၂၀ )ရွာကို သွားရောက်၍ မိမိတို့ အစီအစဉ်အတိုင်း သိုသိပ်စွာ သီးခြားတွေ့ဆုံမေးမြန်းသည့် နည်းလမ်းဖြင့်လည်းကောင်း၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများအပေါ် အခြေခံသည့် နည်းလမ်းများဖြင့်လည်းကောင်း အချိန်ယူ၍ အသေးစိတ်ကွင်းဆင်းမေးမြန်းလေ့လာခဲ့ပါသည်။

၃။ ကော်မရှင်၏မေတ္တာရပ်ခံချက်နှင့်အညီ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ကလည်း သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး မောင်တောဒေသအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်ဥက္ကဋ္ဌသည် မောင်တောဒေသ၌ အထက်ပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်အသီးသီးနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ပါသည်။

၄။ မိမိတို့ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးတာဝန်များကို ဆောင်ရွက်ခဲ့သည့်အပြင် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ပိုမိုတိုးတက်ကောင်းမွန်အောင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း ဖော်ပြအပ်ပါသည်။

**နယ်စပ်ဖြတ်ကျော် အပြောက်ပစ်ခတ်မှုများကြောင့် အာဖဂန် မိသားစုဝင်များစွာ နေရပ်စွန့်ခွာထွက်ပြေး**

စာမျက်နှာ-၁၀

**ရထားစီး ခရီးသည် တစ်ဦး၏လည်ပင်းမှ နှစ်ကျပ်သားခန့်ရှိ ဆွဲကြိုးဖြတ်ယူ ထွက်ပြေးသူ ဖမ်းမိ**

စာမျက်နှာ-၁၃

## ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့နိုင်ရန် ရန်ကုန်မြို့တွင်းအငှားယာဉ် ထက်ဝက်ခန့်လျှော့ချမည်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ယာဉ်စီးရေ အများဆုံးတည်ရှိရာ ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့သည့်အနေဖြင့် အငှားယာဉ်(Taxi)များကို ထက်ဝက်ခန့်လျှော့ချသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"အငှားယာဉ် (Taxi) တွေကလည်း တိုင်းဒေသကြီးအနေနဲ့ ကြည့်ရင် များနေတယ်။ တိုင်းဒေသကြီး အစိုးရအနေနဲ့ ဘယ်အတိုင်းအတာထိ လျှော့ချရင် ကောင်းမလဲဆိုတာ စဉ်းစားနေတယ်။ ရန်ကုန်မြို့တွင်း ယာဉ်ကြော ကျပ်တည်းမှုထဲမှာ အငှားယာဉ်

*စာမျက်နှာ ၅ ကော်လံ ၁*



ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော အငှားယာဉ်များကိုတွေ့ရစဉ်



အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၁၈ အသင်း

## မြန်မာအသင်း အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် နယူးဇီလန်၊ ဗီယက်နမ်တို့နှင့် ကျရောက်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၇ အာဆီယံယူ- ၁၈ ပြိုင်ပွဲ အုပ်စုများ ထွက်ပေါ်လာပြီဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် ဧည့်သည် နယူးဇီလန်၊ ဗီယက်နမ် စသည့်အသင်းများနှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး အာဆီယံနိုင်ငံ(၁၁) နိုင်ငံနှင့် သမုဒ္ဒရာပိုင်းဇုန်မှ နယူးဇီလန်အသင်းဖြင့် ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု(က)တွင် နယူးဇီလန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အင်ဒိုနီးရှားတို့နှင့်အတူ ကျရောက်နေပြီး အုပ်စု(ခ) တွင် စင်ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ တီမောနှင့် ထိုင်းအသင်းတို့ ပါဝင်လျက်ရှိသည်။ အိမ်ရှင်မြန်မာအသင်းသည် အာဆီယံဒေသတွင်း အသင်းများဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့်အတူ ပါဝင်နေသလို နယူးဇီလန်အသင်းပါ ပါဝင်နေသောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေသည့် မြန်မာ ယူ-၁၈ အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းကတည်းက စတင်ပြင်ဆင်

*စာမျက်နှာ ၁၂ ကော်လံ ၅*

